www.burmeseclassic.com

# သင်္ကြန်လေ...
# တိမ်ခိုးပျို
# ဆောင်းခိုရွက်ကြွေနှင်း...

(ရသစာစုများ)

ဆူးငှက်

www.burmeseclassic.com

# သကြ်န်လေ. . .တိမ်ခိုးပျို၊
# ဆောင်းခိုရှက်ကြွေနှင်း. . .

(ရသစာစုများ)


တန်ခူး

၁။ ပါးထက်ဝတ်မှုန် ၂

၂။ သော့၊ မခို့တရို့နှင့် ခင့်မျက်နှာရေဥကလေးတွေ. . . ။ ၅

၃။ ရယ်ဒီမိတ်သကြ်န် ၇

ကဆုန်

၄။ စကားပွင့်ဝေခဲ့တဲ့မြေ ၁၀

၅။ မေ(သို့မဟုတ်)နွေ ၁၂

၆။ ပျောက်လုနေရာ ၁၄

နယုန်

၇။ မြစ်နမူနာ ၁၈

၈။ နွေမပီ မိုးမပီ ၂၀

၉။ ခင်းစုံတဲ့မြေ ၂၂

ဝါဆို

၁၀။ လွန်ကဲမိုး ၂၅

၁၁။ ဝဿန်ဦး ၂၈

၁၂။ မြန်နွှာရေညို့ညိုရစ်ကာသန်း ၃၀

၁၃။ သစ်ပင်ချစ်တယ် ၃၂

ဝါခေါင်

၁၄။ ငယ်မူမပျောက်နိုင်ဘု ၃၆

၁၅။ ပျိုသည်းညည်းခံ ထုံးစံပါအတည် ၃၈

၁၆။ "ရေ"စွမ်းအား အလဟဿမဖြစ်အောင် ၃၉

၁၇။ သောက်တော်ဘူးရယ်က
အို မကွာ၊ အို . . . မကွာ ၄၁

www.burmeseclassic.com

တော်သလင်း
၁၈။ အေးစေခြင်းရယ် ၄၄
၁၉။ မန္တလေးဝါတွင်း ၄၆
၂၀။ တစ်ဖက်တစ်ချက်စီမှာ . . . ၅၃
၂၁။ သဘာဝတရား၊ စိတ်မဆိုးစေချင် ၅၅

သီတင်းကျွတ်
၂၂။ တောင်တက် ဘုရားဖူး ၅၈
၂၃။ အပြန်=အသွား ၆၂
၂၄။ ပြုံးမယောင်မျက်နှာလေးနဲ့ ၆၄
၂၅။ သီတင်းကျွတ်ပြီလား ... ၆၈
၂၆။ ပျိုရွယ်သူတို့ စုံကာဖက်လို့ ၇၀

တန်ဆောင်မုန်း
၂၇။ မိုးစကြွင်း ၇၂
၂၈။ ချမ်းတစိမ့်စိမ့် ၇၅
၂၉။ တစ်ကြော့ပြန် စစ်ကိုင်းတောင် ၇၇
၃၀။ ချိန်ခါဝါစွန့် လတန်ဆောင် ၈၀

နတ်တော်
၃၁။ ပါး . . . လွင့် . . . ပျောက်ကွယ် "နှင်း" ၈၂
၃၂။ ဟေမာန်လေမို့ ၈၄

ပြာသို
၃၃။ တောရတောလား ၈၇
၃၄။ ပြာသိုလရဲ့ နှင်းဆွတ်ခွာညို ၉၀

တပို့တွဲ
၃၅။ တပို့တွဲနှင့် ထမနဲ ၉၄
၃၆။ နှင်းပျောက်တဲ့ ဆောင်း ၉၆

တပေါင်း
၃၇။ ကျွမ်းစတစ်ဆောင်း ၉၈
၃၈။ နှင်းယွန်းလေပြီ ၁၀၀
၃၉။ ချောင်းမကြီးဘေးမှာ . . . ၁၀၂

www.burmeseclassic.com

## တန်ခူး

“သင်္ကြန်လေ . . . သုတ်ဖြူး ဆော်သွေး
အေးအေးညင်းညင်း
ဂီတတွေဆောင်ကျဉ်းလို့ပင် . . .
ပြောင်းသွဲ့တူယှဉ် နွဲ့ယိမ်းကာ
ခေါ်သွေးငင်. . .
သင်္ကြန်မာလာ၊ ဖော်ဆွေပျော်စေချင် . . .”

**(မြို့မငြိမ်း ရွှေမန်းမာလာ)**

www.burmeseclassic.com

# ပါးထက်ဝတ်မှုန်

"မြိုင်ခြေငယ်သင်းပါးလို့
အင်ကြင်းငယ်ရွှေဖီ
ဝတ်မှုန်ငယ်စီသည် . . .
မြစ်နဒီ သောင်တခိုက
မောင်မယ်ညို မြူးပြန်တော့တယ်လေး . . ."

နေသည် ဒက္ခိဏာယာဉ်စွန်းတန်းဆီသို့ တိမ်းညွတ်ယိမ်းယိုင်နေရာမှ ခေါင်းထောင်ထူမတ်လာ၏။ ထိုအခါ တောင်လေးက ဩဘာပေးသည်။ နည်းနည်းလေးထူမတ်လာသည်နှင့် အပူစွမ်းက သိသိသာသာပြသည်။ သစ်ပင်သစ်တောတချို့ ရွက်ကြွေခါချ ပူပန်ကြ၏။ သစ်ပင်သစ်တောတချို့ကမူ ရွက်သစ်စိမ်းစို၊ ပရစ်ဖူးနုသစ်တို့ဖြင့် အံတုပြန်သည်။ ထိုအခါမှ အားငယ်ရွက်ကြွေသစ်တောတို့ အားသစ်လောင်းသည်။ ရွက်သစ်ဖူးတို့ စို့တက်ကြကုန်၏။ မြောက်လေသွေးသွေး ဟိမဝန္တ အအေးက မဆုတ်ခွာချင် . . . ဆုတ်ခွာချင်။ ဒါပေမဲ့ သူ့ရာသီက ကုန်ချေပြီ . . .။ ပြန်ပေဦးတော့ "နှင်း"ရေ . . .။

၁၂လရာသီမစွန်းမီ ပြန်လာဦးမည့် "နှင်း"ကို အကဲပိုစွာ တမ်းတနေဆဲ . . . သင့်ခနဲ မွှေးလာသည့် မြတ်နိုးဖွယ်ရနံ့လေးက "နှင်း"ကို ရတ်ချည်းမေ့ပျောက်စေ၍ ဝေဒနာတစ်ခုအား နိုးထစေပြန်၏။ ဩော် . . .အပြောင်းအလဲမြန်လှချည့်ရယ်လေ။ ရနံ့လေးက ဝေးဝေးမှလာပေမဲ့ မှတ်မိလွယ်လောက်အောင် အလုံးအဖန် အားကောင်းနေပြန်၏။ တောင်လေအဖော်က အပြေးကလေး လက်ဆွဲခေါ်လာတာနေမှာပေါ့ . . .။ အနားရောက်ပါမှ မှတ်မိသွားသည်။

ဟော . . . သရဖီ . . .။

သဲနုန်းမြေရောစပ်ထားသော ရေဓာတ်ပါသည့် တလင်းမြေပြောင်ပြောင်မှ ဟောတစ်ပွင့်ဟောတစ်ပွင့်နှင့် လုကောက်ခဲ့ရသည့် သရဖီ။ အလိုရမ္မက်ကြီးပြီး လောဘမသတ်နိုင်သူတို့ကမူ အပင်ပေါ်က သရဖီကို ဝါးစိမ်းလုံးရှည်

ဖြင့် အလန့်တကြား ခုန်ဆင်းစေ၏။ ထိုအခါ အပျိုဖော်မဝင်သေးသော သရဖီ ငုံတို့လည်း ကြွေလွင့်ရရှာ၏။

လက်ခုပ်နှစ်ဖက်ဖြင့် အပြည့်အမောက်ရလာတော့ ဝါးနံ့မပြယ်သေး သည့် ဆန်ခါခုံးလေးထဲ ထည့်ကာ ညဥ့်သိပ်ရေအေးအေးလေးနှင့် ဆေးလိုက် တော့ သရဖီတို့ မျက်စိကျယ် လန်းဆန်းကုန်ကြသည်။ လှလှထွားထွား အပွင့် ကြီးတွေကို ကြွေပန်းကန်ပြား သန့်သန့်လေးထဲထည့်ကာ ဘုရားတင်မည်။

ကျန်သရဖီပွင့်လေးတွေကို ဆန်ကာခုံးလေးထဲမှာပဲ အပ်ချည်ကြိုး လေးနှင့် သီကာ ပန်းကုံးတုတ်တုတ်တစ်ကုံး ကုံးမည်။ ပြီးတော့ ဆန်ခါခုံး လေးထဲ ခွေထည့်ပြီး ရေဆွတ်ထားသည့် အဝတ်သန့်လေးနှင့် အသာအယာ ဖုံးအုပ်ကာ စိမ့်နေအောင် အေးသည့် ရေအိုးစင်လေးအောက်ထားသည်။

ဆွမ်းကပ်၊ ဆွမ်းလောင်း၊ အိမ်ဝေယျာဝစ္စလုပ်ဖွယ်ရာ ကိစ္စများ ပြီး စီးမှ ရေမိုးချိုး၊ ခေါင်းလျှော်၊ သနပ်ခါးတွေ မှုန်နေအောင်လိမ်းကာ အဝတ် အစား အသစ်ဝတ်ပြီး တင်ပါးခွက်နားဆီထိ ရှည်လျားဖြောင့်စင်းသော ခေါင်း လျှော်ပြီးစ ဖားလျားချဆံပင်ကို စိတ်ရှည်စွာ ဖြီးသင်ပြီး နဖူးဆံစဆီမှာ သရဖီ ပန်းကုံးကို ဝေနေအောင် ပန်တော့သည်။

အဲသည်နေ့က ကနဦးပထမဦးဆုံး သရဖီပန်းတွေ စပွင့်တဲ့နေ့. . .။

ကနဦး ပထမဆုံးသရဖီတွေ စပွင့်တဲ့နေ့က သရဖီပန်းကုံးလေးက သနပ်ခါးကျောက်ပြင်ဘေးက ထန်းခေါက်ပုံးလေးထဲမှာ ရှိသည်။ နောက်နေ့ မနက်မှာလည်း ခြံထောင့် သရဖီပင်ကြီးက ညွှတ်နေအောင် ပွင့်လို့ ဘုရားတင်၊ ပန်းကုံးရုံမက အိမ်နီးချင်းတွေဆီအထိ ဝေလိုက်ရသေး၏။ ထိုသရဖီကုံးလည်း နွမ်းကြေသွားတော့ ထန်းခေါက်ပုံးလေးထဲမှာပဲ ထည့်ထား၏။ ဤသို့ဖြင့် သရဖီတွေ ဝေနေအောင် ပွင့်၊ သရဖီကုံးတွေ ဝေနေအောင် ပန်ပြီးသကာလ ထန်ခေါင်းပုံးလေးထဲက သရဖီကုံးဟောင်းလေးတွေလည်း သွေ့နေအောင် ခြောက်သွေ့သွားကြပါပကော။

သရဖီပန်းကုံးလေးတွေ မရိုးနိုင်အောင် ဝေနေအောင် ပန်ဆဲ. . . မမ၏ ပါးထက်က သနပ်ခါးမှုန့်ညက်ညက်မှာလည်း အခါတိုင်းထက် ဝါရွှေ အဆင်းဆီကဲလာ၏။ သနပ်ခါးရနံ့က ထူးခြားစွာ ရနံ့မွှေးလာသည်။ အစွန်း အထင်းမဲ့ ညက်ညက်ဥနေသည့် ပါးပြင်နုက ပါးကွက်မှာ သရဖီဝတ်ဆံခြောက် လေးတွေ ကျဲဖောက်လာတာလည်း သတိထားမိပါသည်။ မမပါးမှာလည်း သရဖီပွင့်တွေဝေ. . .။

လျော့သွားသည် မရှိဘဲ ပန်တော်ကျ သရဖီကုံးလေးတွေထန်းခေါက် ပုံလေးထဲ တိုးလာတာနှင့်အမျှ . . . ခြောက်သွေ့စ သရဖီကုံးဟောင်းလေးတွေ

www.burmeseclassic.com



က ကျောက်ပြင်ထက်မှာ သနပ်ခါးနှင့် ရောကြိတ် အသွေးခဲကာ မမပါးကို အလှဆင်ခဲ့ပါ၏။ ဆံထိပ်ဦးက သရဖီ. . .၊ ပါးပြင်ညက်က သရဖီ. . .၊ မမ သွားလေရာ၊ မမကိုယ်လေးနှင့် ထိလေရာ သရဖီခာတ်ကူးလေတော့ သရဖီ သွေးတွေ လှည့်ပတ်၊ သရဖီနှလုံးသားဆတ်ဆတ်တုံ၊ သရဖီအိပ်မက်တွေနှင့် သရဖီဘဝတွေ စိတ်ကူးယဉ်မိတာ မေ့မရတော့။

". . . . . . . . ."

စိတ်ကူးယဉ်မိတာ. . . အရာအားလုံး မေ့သွားလုလု. . .။ အသံ တစ်သံက လှုပ်နှိုးလိုက်မှ ပတ်ဝန်းကျင်ကို သတိရသည်။ သပြေပင်အုပ်ဆီမှာ ကူချွဲနေသော ချိုးတစ်ကောင်က ဖျပ်ခနဲ လန့်ပျံပြေးသည်။ အိပ်မက်ပုံရိပ်က ချိုးငှက်နှင့်အတူ အဝေးဆီ ပျံသွားပေမဲ့ . . . သရဖီပန်း ရနံ့လေးက ပျံ့ သင်းမွှေးမြဲဆဲကို . . . ။

"အစ်ကို . . . အစ်ကို . . . သရဖီပန်းလေးတွေ ဝယ်ပါဦး၊ တစ်ထုပ်မှ ငါးဆယ်တည်းပါ"တဲ့ . . . ။

သည်နှစ်နွေဦးပေါက် သရဖီ ကနဦးပွင့်သောနေ့မှာ . . . ငွေငါးဆယ် ကျပ်ဖိုး သရဖီအပွင့်လေး လက်တစ်ခုပ်စာ ဝယ်ကာ သရဖီအတိတ်ကို ပြန် လည် လွမ်းမောရပေဦးမည်။

သြော် . . . မောင့် . . . သရဖီ။

www.burmeseclassic.com

# သော့၊ မရှိတရှိ နှင့် ခင့်မျက်နှာရေးကလေးတွေ . . . ။

ခါသကြန်လေနုအေးရယ် . . .၊
သွေးကာ လူနော့ . . . နော့တာ။
ပိတောက်ရွှေ မာလာဝတ်မှုဝင့်ကာသူကြော့ . . . ကြော့တာ။
ပက်ဖျန်းကာ ရေစင်လောင်းတယ်
သကြန်မယ် ပျိုဖြူများမှာ
က,တယ်နော် . . . ၊ သော့ကို သော့တာ. . .။

မြို့မငြိမ်း၏ 'သော့'ဆိုသော သကြန်သီချင်းလေးကို ဆိုညည်းရင်း သကြန်လွမ်းဆွတ်နေမိ၏။ 'လေနုအေးကား နော့နေဆဲကို . . . ' ဟူသော ဆရာဒဂုန်တာရာ၏ နာမည်ကျော် 'မေ'ဝတ္ထုမှ အဖွင့်စာကြောင်းကား ဆရာငြိမ်း၏ သကြန်သီချင်းနှင့် ထင်ဟပ်ယှဉ်ပြိုင်နေ၏။ ဆရာငြိမ်းက 'နော့'ကိုပင် ထပ်မံကာ ကွန့်လိုက်သည်။ ဘာတဲ့ . . . ပိတောက် ရွှေမာလာဝတ်မှုံက 'ကြော့'သတဲ့ . . . ။ လတ်ဆတ်သော . . . ၊ ဝင့်ကြွားသော၊ တောက်ပသော၊ ငွားစွင့်သော ပိတောက်ပန်း၏ အလှကို 'ကြော့'ဟူသည့် စာတစ်လုံးတည်းဖြင့်ပင် ပိုင်းဖြတ်ပေးလိုက်ခြင်း ဖြစ်သည်။

အလှတွင် အယဉ်ဆင့်ဆိုသလို လှခြင်း၏ ထွဋ်ခေါင်က ယဉ်ခြင်းဖြစ်၏။ အယဉ်တကော့ ထိပ်ခေါင်က အကြော့တွင် စုလေသောကြောင့် 'ကြော့' ခြင်းသည်ကား လှမျိုးစုံ၊ ယဉ်မျိုးစုပင်ဖြစ်သည်။

သကြန် လေနုအေးလေးက တနော့နော့ . . . ။

ပိတောက် ခက်လေးက ခပ်ကြော့ကြော့ . . . ၊ သည်ရာသီ၊ သည်မြင်ကွင်းလေးမှာ သွက်လက် မြူးကြွသော ဒိုးဆစ်၊ ဒိုးချက်များတွင် သကြန်မယ်ကလေး က,နေပုံမှာ 'သော့'လို့တဲ့ . . . ။

နုပျိုခြင်း၊ တက်ကြွခြင်း၊ ဖျတ်လတ်ခြင်း၊ ပျော်ရွှင်ခြင်း၏ လက္ခဏာများကို မြို့မငြိမ်းက 'သော့'ဟူသော စကားလုံးလေးတစ်လုံးနှင့်ပင် ဖော်ပြလိုက်၏။ လှလိုက်သည့်ဖြစ်ခြင်း . . . ။

ထိုသီချင်းလေးအား အမှတ်ထင်ထင် ရွတ်ဆိုမိလေတိုင်း မထိတထိ ကလူကျီဆယ်သော နွှေဦးလေညင်းတွင် လတ်ဆတ်မှု၊ တောက်ပမှု၊ ဝင့်ကြွားမှုများနှင့်အတူ နုပျိုခြင်း၊ တက်ကြွခြင်း၊ ဖျတ်လတ်ခြင်း၊ ပျော်ရွှင်ခြင်း သရုပ်များဖြစ်သည့် 'တာသင်္ကြန်' ၏ အတိတ်ပုံရိပ်ကို နင့်နေအောင် ခံစားလိုက်ရချေသည်။

"ဩော် . . . မခို့တရို့နဲ့ပင် သင်္ဂြိုဝင် ပိတောက်ရွှင်မြူးကြ
ခါတော်ရေသဘင်" . . . တဲ့ . . .

ဆရာဦးဘသိန်းကလည်း သင်္ကြန်သီချင်းတစ်ပုဒ်ကို 'မခို့တရို့' ဟူသော စကားလုံးဖြင့် စပ်ဆိုထား၏။ 'မခို့တရို့'တဲ့၊ ယခု မသုံးသလောက် ရှားပါးလှသော စကားလုံးဖြစ်သည်။

မြန်မာမိန်းကလေးတစ်ယောက်၏ ဣန္ဒြေ၊ ချစ်စဖွယ် အမူအရာ၊ ထိန်းချုပ်သော အပြုံး၊ လှစ်ခနဲ ပြလိုက်သည့် ကြည်နူးမှု (သို့မဟုတ်) အချစ် . . . ။

စင်ပေါ်မှ ကနေသည့် သင်္ကြန်မယ်လေးဆီက ရလိုက်သော 'မခို့တရို့' အမူအရာသည် အဘယ်မှာ မေ့နိုင်တော့ပါမည်နည်း . . . ၊ 'မခို့တရို့' ဟူသည် ယဉ်ကျေးလွန်း နူးညံ့လွန်းလှသော တုံ့ပြန်မှုလေးမို့ အဘယ်သူသည် ရင်တဖိုဖို အသည်းတလှပ်လှပ်နှင့် မကြည်နူးဘဲ နေနိုင်ပါအံ့နည်း . . . ။

"ပန်းအိရောင်သွင် ပြုံးလို့ချို့ရွှင်၊
ခင့်မျက်နှာရေဥလေးတွေ၊ ဖွေးနုနုတင်"တဲ့

မြို့မကိုပေါကလည်း သူ၏ 'ဖြူပြာမှုရာ'သင်္ကြန်သီချင်းမှာ စပ်ဆိုခဲ့သည်။ ပြုံးချို့ရွှင်နေသော ပန်းအိရောင်ခင့်မျက်နှာမှာ 'ရေဥ'လေးတွေ ဖွေးနုတင်သတဲ့။ အင်မတန် အသက်ပါလှသော သင်္ကြန်မယ် ပေါ့ထရိတ်ဓာတ်ပုံတစ်ပုံပင် ဖြစ်သည်။ အလင်းအမှောင် အနေအထား၊ အဖြတ်အတောက်၊ ဆေး သား အနုအရင့် ဘာမှ ပြောစရာမလို . . . ။ ဒိုင်အားလုံးက တစ်ပြိုင်နက် ခလုတ်နှိပ် အမှတ်ပေးကြမည့် ပုံကောင်းတစ်ပုံ . . . ။ ဘာတဲ့ "ခင့်မျက်နှာရေဥလေးတွေ ဖွေးနုနုတင်"တဲ့။ သင်္ကြန်မယ်လေးမျက်နှာပေါ်က သင်္ကြန်ရေဥလေးကိုတော့ မေ့မရနိုင်။ ဩော် . . . ချစ်သော သင်္ကြန်ကိုမှ တစ်ချိန်က သင်္ကြန်သီချင်းလေးတွေထဲမှာပဲ ရင်ခုန်စွာခံစားပေတော့။

# ရယ်ဒီမိတ်သကြန်

တစ်လောကမိတ်ဆွေတစ်ဦးသည် ကျွန်တော့်ကို ဤသို့ဤနှယ် မေးမြန်းဖူး၏။

"သင်္ကြန်မိုးဇာတ်ကားမပြခင်တုန်းက မန္တလေးသင်္ကြန်မှာ ဘာသီချင်းတွေ ဆိုကြတာလဲဗျ"ဟူ၍ ဖြစ်သည်။ ကျွန်တော် အနီးပုဂ္ဂိုလ်ကို အံ့အားသင့်စွာ စူးစိုက်ကြည့်မိပြီး . . .

"သင်္ကြန်မိုးမတိုင်ခင်ကတည်းက မန္တလေးမှာ သင်္ကြန်ဆိုရင် အဲဒီ သီချင်းတွေပဲ ဆိုကြတာပေါ့ဗျ။ ဒါတောင် မြို့မရေသဘင်အသင်းက သီချင်းပဲ ရှိသေးတာ၊ တခြားအသင်းတွေကလည်း တစ်နှစ်ဆို ကိုယ်ပိုင်သီချင်း သုံးလေးပုဒ်အနည်းဆုံးရှိတယ်။ အနည်းဆုံး ငါးနှစ်သက်တမ်းရှိတဲ့အသင်းတစ်သင်းမှာ သီချင်း ဆယ့်ငါးပုဒ် အနည်းဆုံးရှိမှာပေါ့ . . . ။ အဲလို အသင်းမျိုး မန္တလေးမှာ ရာချီရှိခဲ့ဖူးတယ်လေ . . ." ဟု ပြောပြမိသည်။

ထိုအခါ မိတ်ဆွေက "ဟုတ်ရဲ့လားဗျာ"ဟု တအံ့တသြမေးသည်။

ပြန်လှန်တွေးကြည့်တော့ တကယ်လည်း ဟုတ်၏။ ဟိုစဉ် သင်္ကြန်ဆိုတာ ရပ်ကွက်ထဲ စိတ်တူကိုယ်တူတွေ စုဝေးကြပြီး စိတ်ပါလက်ပါ စုဝေးကြပြီး အားကြိုးမာန်တက်၊ အားတက်သရော ဖွဲ့စည်းကြ၊ကခုန်ကြခြင်းဖြစ်၏ ။ သီချင်းရေးစပ်သူကလည်း ရပ်ကွက်ထဲက ဝါသနာရှင်အဆင့်လောက် မဟုတ်။ ပညာရှင် အဆင့်လောက်ပုဂ္ဂိုလ်က ရေးစပ်ပေးခြင်း ဖြစ်သည်။ မှတ်တမ်းမတင်နိုင် အသံသွင်းမထားနိုင်၍သာ ပျောက်ကွယ်သွားရခြင်းဖြစ်သည်။ ပျိုတို့မောင်၊ မြို့မ၊ မာဃ၊ မင်္ဂလာအောဝမ်း၊ ရွှတိုင်းယဉ်၊ ဖူးစာရှင်၊ လင်းရောင်ခြည်၊ နေပြည်တော်၊ မင်္ဂလာညွန့်စတဲ့ အမျိုးသား အလှပြယာဉ်များကား ကနဦးပေါ်အသင်းများဖြစ်သည်။

၁၈၂၅ ခုနှစ်ဆီက ဈေးချိုအနီးရှိ အိန္ဒိယအမျိုးသား သူဌေးတွေ ပိုင်ဆိုင်သော ကုန်တင်ယာဉ်များပေါ်သို့ ရေစည်ရေအိုးများ တင်ပြီး ကားဖြင့်လည်ကာ ရေပက်သောအခါ အောက်က ကလေးတွေကလည်း ပြန်လှန်ရေပက်ကြခြင်းအားဖြင့် ရေပက်ခံကားတွေ စတင်ပေါ်ပေါက်လာရ၏။

၁၉၂၇ခုနှစ်ရောက်သောအခါ မော်တော်ယာဉ်တစ်စင်းကို ပိတ်ရောင်စုံများဖြင့် ရေကန်ထည့် ဆင်ပြီး၊ နဖူးစီးတွင် "ပျိုတို့မောင် သင်္ကြန်အဖွဲ့"ဟု ရေးသားထားသော အလှပြရေပက်ယာဉ်တစ်စင်း စတင်ပေါ်လာသောအခါ ခေတ်ရှင်ကြော်ငြာလှည့်ကား မှတ်သဖြင့် ကလေးများ၊ ထွက်ကြည့်ပြီး ကြော်ငြာတောင်းကြ၏။

ထိုရေပက်ခံအလှပြယာဉ်ပေါ်မှ အသင်းသားများ၏ ခေါင်းတွင် PDM ဟု ရေးထားသော ခေါင်းစည်းပဝါများ ဆင်တူစည်းထားကြသည်။ ထိုအဖွဲ့က အကွက် ၆၁၇၊ ၂၇ လမ်း ၇၆ လမ်းထောင့်ရှိ ပေမဇလအရှေ့ပိုင်း စာကြည့်အသင်းအဖွဲ့သားများဖြစ်၏။ မန္တလေး ရုပ်ရှင် မီးဘက် ဦးရှင်၊ ဦးအေး၊ ဦးလူကလေး၊ ဦးဘကြည်တို့ ခေါင်းဆောင်ကြသည်။ ပထမဆုံး စထွက်သော'ပျိုတို့မောင်အလှပြယာဉ်'က . . . "ပြည်ရွှေမန်းမြို့ နာဂရာတစ်ခွင်၊ ပထမထွင်တဲ့ ရေပက်အသင်း၊ တူညီဝတ်လို့ ပျော်ရွှင်ရွှင်၊ မောင်တို့ဖက်ရှင် မြင်ကြရဲ့လား၊ ပျိုတို့ မောင်များ တောင်းဆုဆင်၊ မြန်ပြည်တစ်ခွင်၊ အေးမြစေသား" . . . ဟူသော ကိုယ်ပိုင်သံချပ်အား စည်တိုကို ဗုံတောင်ခေါက်ပြီး သီဆိုခဲ့ကြသည်။ နောက်နှစ်တွေမှ မြို့မ၊ မာဃ၊ မင်္ဂလာအေဝမ်း၊ ရွှေတိုင်းယဉ်၊ ဖူးစာရှင်၊ လင်းရောင်ခြည်၊ နေပြည်တော် အလှပြအသင်းများ ထွက်လာကြသည်။

ထိုအသင်းများအနက် မင်္ဂလာအေဝမ်းက ၆ ဝပ် ဘက်ထရီမီးလုံးများ ထွန်းကာ ကားကို အလှဆင်သည်။ ထို့ပြင် မြို့မက ငွေငန်း၊ ရွှေတိုင်းယဉ်က ပဥ္စရူပ၊ ပျိုတို့မောင်က ကြက်ရုပ်များ ချိုးပြီးကားကို အလှဆင်သည်။ တူရိယာများအနေနှင့် ခေတ်မီထရန်းပက်၊ ကောနက်စသည် ပစ္စည်းများကို သုံးလာကြ၏။ အမျိုးသမီးအသင်းများအနေနှင့်လည်း ရှမ်းပွဲရပ်တွင် ဟော်နန်းသူဇာ၊ ကြည်တင်၊ တရုတ်တန်း၌ ရွှေဝါဖူး၊ လှပျိုဖြူတို့ ရှိသည်။ နောက်ပိုင်းမှာတော့ အမျိုးသမီး ရေသဘင် မဏ္ဍပ်တွေ မန္တလေးမြို့အနှံ့ တစ်ပြတစ်သင်းနှုန်းရှိလာတော့၏။ သင်္ကြန်မတိုင်မီကပင် တီးလုံးတိုက်သံတွေ ဆူညံနေတော့သည်။

နှစ်တွေ ရှည်ကြာညောင်း ခေတ်တွေပြောင်းသွားပြန်ပေါ့။ သည်ကနေ့က 'ရယ်ဒီမိတ်'ခေတ်။ သင်္ကြန်ကလည်း ရယ်ဒီမိတ်သင်္ကြန် ဖြစ်လာသည်။ တစ်နေ့မနေ့ကပဲ ရတနာပုံသတင်းစာမှာ ကျုံးဘေးမှာ ကပြကြမည့် ကုမ္ပဏီ သင်္ကြန်မဏ္ဍပ်တွင် ကပြ ရေကစားရန် အမျိုးသမီးငယ်လေးတွေကို ခေတ်ပုံနှင့်အတူ လျှောက်လွှာခေါ်ထား၏။

သင်္ကြန်ဆိုတာ မခဲယဉ်းတော့ . . . ။ သီချင်းသစ် စပ်စရာမလိုတော့ . . . ။ မြနန္ဒာသီချင်းနှင့် အေရိုးဗစ်ကတတ်လျှင် တော်ပြီ။ "ရယ်ဒီမိတ်သင်္ကြန်"။

မန္တလေးသင်္ကြန် မပျော်ပေါင် . . . ။

## ကဆုန်

"' . . . ဝိသာခါ ကြယ်ရောင်ထွန်း . . .
ထွန်းထိန်လို့ဝေ . . .
တိမ်ဘုံဗွေ မေဃဝန် မိုးသံကျူး
ထူးထွေမြူးပေ
ဖူးရွှေခိုင် မြတ်ပန်း ပိတောက်တွေ . . .
စကားဝါပွင့်တွေ
တူစုံမောင်မယ် ခူးလို့လေ . . . "

**(မြို့မငြိမ်း ကဆုန်ညောင်ရေ)**

# စကားပွင့်ဝေခဲ့တဲ့မြေ

တန်ခူးလဝယ် . . .
စိတြကြယ် . . . ရောင်နီကယ်လျက်
မိုးလည်းစံပျော် . . . ထွန်းလာပေါ်က
ကံ့ကော်ရင်ခတ် . . . ပင်လုံးညွတ်၍
ပွင့်ဝတ်ဖူးငုံ . . . လွမ်းပွဲပုံရှင့်၊
ကဆုန်ဗြိဿ . . .
ဆန်းပြန်ကလည်း . . . ရွှေလနှင့်သာ
ဝိသာခါလျှင် . . . မကွာထံပါး
ယှဉ်ပြိုင်သွား၍ . . . စကားငုံစီ
ဖူးခဲ့ပြီရှင့်။

(ရဝေရှင်ထွေး)

သင်္ကြန်ပျော်ပွဲဆင်နွှဲပြီးတော့ ကောဇာသက္ကရာဇ် နှစ်ဆန်းဆီ ခြေတစ်လှမ်းဝင်ပြန်၏။ တကယ်တော့ “မနှစ်က”ဆိုတာ လျှပ်တစ်ပြက်၊ မျက်စိတစ်မှိတ်မျှသာ ကြာသည်ဟူလို။ ဤသို့ဖြင့် ရာသီအလီလီကူးခဲ့ချေပြီ။ ဤသို့ဖြင့် ပန်းပေါင်းတစ်ရာငုံ၊ ပန်းပေါင်းတစ်ရာဖူး၊ ပန်းပေါင်းတစ်ရာပွင့်၊ ပန်းပေါင်းတစ်ရာကြွေခဲ့ပြန်သည်။ ဒါပေမဲ့ ရာသီစက်ဝန်းက တစ်နေရာတည်း တစ်ကန့်တည်း ရပ်နေတာမဟုတ်။ ကြွေသော ပန်းနေရာမှာ ပန်းပေါင်းတစ်ရာငုံပြန်ချေ၏။ ဤသို့ဖြင့် “ဖူး၊ ပွင့်”သံသရာလည်ပြန်ဦးမည်။ သည်ပန်းပေါင်းတစ်ရာကပဲ လောကကို တစ်လှည့်စီ အလှဆင်နေမည်ဖြစ်၏။

ပိတောက်က ဝါခနဲထိန်၊ သရဖီက သင့်ခနဲမွှေး၊ ကံ့ကော်ရင်ခတ် ဖျပ်ဖျပ်လူးပွင့်၊ ဟော . . . ဟိုတောင်ပေါ်ရိုးမှာတော့ စကားပွင့်တွေ ဝေနေပြန်ပါပေကော။

သူတော်စင်သည် အရိုးပြိုင်းပြိုင်း စကားပင်တန်းအောက်မှလည်း မြေလမ်းတစ်လျှောက် ထိ၊ သိ၊ သတိဖြင့် လောကကို ဆင်ခြင်ခဲ့ဖူးချေ၏။ စကားရွက်စိမ်း ဖြိုင်ဖြိုင်မှ စကားပွင့်ဖြူဖြူဝါတွေ ခဲနေအောင်ပွင့်၊ မြေလမ်းပေါ်

တဖွေ့ဖွေ့ကြွေ . . . သည်စကားပွင့်လမ်းမှာပင် သူတော်စင်သည် ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းခဲ့သေး၏။ စကားပင်တန်း စောင်းတန်းလေးတစ်လျှောက် သဘာဝကျောက်ဆစ် လှေကားထစ်တွေ တစ်ထစ်ပြီးတစ်ထစ် နင်းကာ စကားပွင့်ကြွေ ရနံ့သင်းစေတီရင်ပြင်အတွင်း ချဉ်းနင်းဝင်ရောက်ပြီး ကျည်ဆံခွံညောင်ရေအိုးကြီး၌ စကားပွင့်တွေ ဝေနေအောင်ထိုးကာ ဂန္ဓကုဋီတိုက်တွင်း ဆင်းတုတော်ခြေရင်းတွင် ဝပ်စင်းကာ တောင်းဆုပြုခဲ့ဖူးချေ၏။

ထိုစဉ်က တစ်တောလုံး တစ်တောင်လုံး စကားပွင့်တွေဝေ။ စကားပွင့်တွေ ကြွေ . . . ။

အခုတော့ တောင်ပေါ်မြေနီလမ်းကလေးသည် ပြန့်ပြူးညီညာနိုင်လွန်ကတ္တရာလမ်း ဖြစ်သွားချေပြီ။ စကားပင်တန်းက အလျှော့ပေးပျောက်ကွယ်သွားပြီး အရွက်ချွန် အသောကတယ်ပင်တန်းက လမ်းတစ်ဖက်တစ်ချက် မတ်မတ်ရပ်လျက် ရှိ၏။ ဟိုတောင်ပေါ်စေတီရင်ပြင်သည် ရောင်စုံမှန်ကူကွက်အီတာလျံကျောက်ပြားများဖြင့် ဖိတ်ဖိတ်လျက်။ ရင်ပြင်ပတ်လည်မှာ အင်ဒိုနီးရှားစကားနီတစ်တန်း၊ ဘုံခုနစ်ဆင့် ပြသာဒ်ပင်က တစ်တန်း၊ စနစ်တကျ စိုက်ထား၏။

စေတီလေး၏ ကန္ဓကုဋီတိုက်ထဲမှ ဆင်းတုတော်သည် ရောင်စုံလျှပ်စစ်ပန်းကုန်းများဖြင့် သပ္ပာယ်နေသည်။ ဆင်းတုရှေ့ထိုင်ဝမ်ကြွေပန်းအိုးကြီးထဲ၌ပလတ်စတစ်သစ်ခွရောင်စုံတို့ဖြင့် မညိုးတမ်းပွင့်နေ၏။ကြွေပန်းအိုးကြီးဘေးတစ်ဖက်တစ်ချက်၌ ဟောင်ကောင်လုပ် ကြာပန်းမီးဆိုင်းကြီးနှစ်ဆိုင်းက မီးလုံးထွန်းညှိရဲမှည့်နေ၏။ အခြားကြွေပန်းအိုး အသီးသီးမှာ တံဆိပ်စုံအမွှေးတိုင်တို့က အမွှေးနံ့တလူလူဖြင့် ပူဇော်ပသနေပြန်သည်။ ခေတ်စားကျော်ကြားနေသောရွှေရောင်မှုတ်ဆေးတို့ဖြင့်ပြောင်လက်ဝင်းလက်နေသည့်စေတီတော်ပတ်လည်တွင်လည်း ဖန်မှန်မီးဆိုင်းတို့ဖြင့် တင့်တယ်နေသည်။

အခုတော့လည်း တစ်တောလုံး တစ်တောင်လုံး ကြွေရိပ်၊ မှန်ရိပ်၊ ရွှေရောင်ရိပ်တွေဝေ . . . ။

# မေ(သို့မဟုတ်)နွေ

ဝိသာခါကြယ်ရောင်ထွန်း . . .
ထွန်းထိန်လို့ဝေ၊
တိမ်ဘုံဗွေမေဃဝန်မိုးသံကျူး
ထူးထွေမြူးပေ၊
ဖူးရွှေခိုင်မြတ် ပန်းပိတောက်တွေ
စကားဝါပွင့်တွေ၊
တူစုံမောင်မယ် ခူးစို့လေ။

(မြို့မငြိမ်း)

အရင်တုန်းက ညောင်ရေသွန်းပွဲတော်မှာ အထူးစည်ကားလှသည်။ ပတ်ဝန်းကျင်ကျေးရွာများမှ ရှေ့ဝင်း နောက်ဝင်းခင်းကာ ညောင်ရေသွန်းပွဲ ဆင်နွှဲကြပါသည်။

မန္တလေးမှာတော့ မဟာမုနိ၊ ဇောခိကုန်း၊ ရန်ကင်းတောင်၊ မန္တလေးတောင်တို့၌ စည်ကားသည်။ ဇောခိညောင်ပင် ခြေတော်ရင်းမှာ ရေအိုးတစ်လုံးပြီး တစ်လုံးပြိုင်တူ လက်ဆုံရင်း ညောင်ရေလောင်းကြတော့ . . . သူ့ကိုယ်, ကိုယ့်ကိုယ် ရေစိုရွှဲရတော့၏။ သူကလည်း နောက်ဆုတ်ဦးမှာမဟုတ်. . .။ ကိုယ်ကလည်း ဖိုးကျိုင်းတုတ်။

ရေစက်ရေမှုန်ကြားမှ ခိုးကြည့်ရသော်လည်း သူ့တစ်မျက်နှာက ကိုယ့်မျက်နှာနှင့် တစ်တောင်သာသာ အကွာ. . .။ ဒါပေမဲ့ ရဲရဲ မကြည့်ရဲ။ အသည်းကတော့ တဖိုဖို. . .။ သည်လိုနှင့် . . . ၊ သည်လိုနှင့် . . . ။

ကဆုန်လပြည့်ပေါင်းများစွာ . . . သူ့ဘာသာ ဖြတ်သန်း . . .၊ ဖြတ်သန်းသွားတာကြာပေါ့ . . . ။

ဧပြီကုန်တော့ မေ . . . ။

ချစ်စွာသော မေ . . . ။

မေကတော့ တက်ကြွမှု၏ ပြယုဂ်တစ်ခု။ တစ်ကမ္ဘာလုံးက သတိရနေဦးမည့် မေ . . . ။ စစ်အေးကာလအတွင်းကတော့ "မေ"သည် အရှေ့ဥရောပ၊

အာရှ၊ အာဖရိကနှင့် လက်တင်အမေရိက မြေများပေါ်တွင် ရဲရဲလှုပ်ခတ်နေ၏။ အခုလို ဗဟုဝါဒ လွှမ်းခြုံကာလမှာ "မေ"၏ သရုပ်က . . . ငွေကြေး၊ဈေးကွက် ပြိုင်ဆိုင်မှု အတတ်ပညာ၊ အရောင်းအဝယ်၊ ကွန်ပျူတာဖန်တီးမှု စွမ်းအားများ အကြား ငုပ်လျှိုးပျောက်ကွယ်သွား။ တကယ်တော့ "မေ"သည် လူတစ်စုမဟုတ်၊ ဆိုင်းဘုတ်တစ်ခုမဟုတ်။ အလံတစ်လက်မဟုတ်။ စင်မြင့်တစ်ခုမဟုတ်။ သန်းပေါင်းများစွာသော အလုပ်လုပ်သည့် လူသားများ၏ "မေ"။ သူတို့၏ အနှစ်သာရ . . . ။ အကာအကွယ်၊ ရပိုင်ခွင့်၊ တန်ဖိုး . . . ။

သည်လိုနှင့် . . . ၊ သည်လိုနှင့် . . . ။

"မေ"ပေါင်းများစွာ၊ သူ့ဘာသာ သူဖြတ်သန်း . . . ၊ ဖြတ်သန်းသွားတာ ကြာပေါ့။

စတိုးဆိုင်ကြီးများမှာတော့ အရောင်းစာရေးမအလိုရှိသည် ဆိုင်းဘုတ်ကို အမြဲတမ်းရေးကာ ချိတ်ဆွဲထားကြ၏။ စာရေးမလေးတွေ ရက် (၂၀) နှင့် အသစ်ပြောင်းနေကြသည် . . . ။

မနက် (၈)နာရီ ဆိုင်အဖွင့်အမီ ရောက်ရပြီး ည(၉)နာရီခွဲမှ ပြန်ကြရလို့ တစ်နေ့အလုပ်ချိန် (၁၂)နာရီကျော်နေကြ၏။

တရုတ်နှစ်သစ်ကူးဆိုင်ပိတ်မှပဲ ဝင်းလိုက်ရုံမှာ ရုပ်ရှင်ကြည့်ဦးမယ်ဟု ကြိမ်းဝါးနေသည့် လက်ဖက်ရည်ဆိုင်က စားပွဲထိုးလေးတွေ ဘယ်ရောက်သွားပါလိမ့်။ သူတို့နေရာမှာ သူတို့ထက်အများကြီးငယ်တဲ့ ကလေးလေးတွေ တောကရောက်လာကြ၏။

အရှုံးပေါ်သောကြောင့် စက်ရုံကြီးပိတ်လိုက်သည်။ အလုပ်သမားများ (၃)လစာနှင့် ကျေနပ်လိုက်ကြရ၏။ (၃)လစာရသည်ကိုပင် ကျေးဇူးတတင်တင် . . . ။

အလွဲသုံးစားမှုကြောင့် ကုမ္ပဏီဒါရိုက်တာကြီး အရေးယူခံလိုက်ရသည်။ စိတ်ကျလူကျနှင့် ဆေးရုံတက်ရ၏။ မထင်မှတ်ဘဲ H.I.V Possitive ဖြစ်နေသည်။ သူနာမည်ကြီးတာ တခြားကိစ္စ . . . ။ ကုမ္ပဏီက သူနှင့်ပတ်သက်ခဲ့ရသည့် ဝန်ထမ်း မမ,မီးမီးလေးတွေ ထိုင်ရမလို ထရမလိုဖြစ်ကုန်သည်။

သည်လိုနှင့် . . . ၊ သည်လိုနှင့် . . . ။

ဧပြီအကုန် "မေ"သို့ ရောက်ရချေပြီ။

မေကိုလည်း . . . မေ့မေ့လျော့လျော့ ဖြတ်သန်းကြရဦးမှာပေါ့။

# ပျောက်လှနေရာ

တကယ်တော့ ထိုနေရာသည် အမရပူရ ကောင်းစားစဉ်အခါက သာသနာ့အောင်မြေကြီး ဖြစ်ခဲ့၏။ တောင်ဘက်တံခွန်တိုင်ရပ်တွင် အမရပူရ ခေတ်က ပရိယတ္တိ၊ ပဋိပတ္တိသာသနာရောင်ဝါ နေသို့ထွန်းခဲ့သော ပြည်တိုက်၊ ပုဂံတိုက်၊ မဟာဘုံကျော်တိုက် အစရှိသဖြင့် သာသနာ့မြေ ဧကတစ်ရာကျော် ဝယ် ဘုရား၊ စေတီ၊ ပုထိုး၊ ဘုန်းကြီးကျောင်းတိုက်ကြီးများဖြင့် ကြေးစည်သံ၊ ဆည်းလည်းသံများနှင့်အတူ တရားစည်ကြီး ဟည်းဟည်းကျော်ညံခဲ့သော နေရာဖြစ်ခဲ့ပါသည်။

မြို့ဟောင်းဘူတာမှ မီးရထားလမ်းအတိုင်း တောင်ဘက်သို့ အနည်း ငယ်သွား၍ အရှေ့ဘက်သို့ ရှုမျှော်ကြည့်လိုက်လျှင် အုတ်တံတိုင်း၊ မုခ်ပျက် အချို့သာ ကျန်တော့သော ကျောင်းတိုက်ဟောင်းကြီး (၂)တိုက်ကို တောင် မြောက်ယှဉ်လျက် တွေ့ရပေမည်။ ထိုကျောင်းတိုက်ကြီး (၂)တိုက်ကား အရပ် အခေါ်အားဖြင့် "တောင်မုန်ကျောင်း"၊ "မြောက်မုန်ကျောင်း" ဖြစ်ငြား အမည်က "မဟာ အဘယာရာမတိုက်"နှင့် "မဟာဝိဇိတာရာမ"တိုက်တို့ ဖြစ်ကြောင်း သိသူနည်းလှ၏။

မဟာအဘယာရာမတိုက်တွင် "မဟာတုလွတ်ဘုံကျော်ကျောင်းကြီး" ရှိခဲ့ဖူးပြီး မဟာဝိဇိတာရာမတိုက်တွင် "မဟာအောင်မြေဗိမာန်"ကျောင်းရှိခဲ့ဖူး ပါသည်။ မဟာအဘယာရာမတိုက်မှာ မင်းတုန်းမင်းကြီး၏ ခမည်းတော်ဖြစ် သော ရွှေဘိုမင်း၏ မိဖုရားကြီး ကောင်းမှုဖြစ်သည်။ "မဟာဝိဇိတာရာမတိုက် သည်ကား နောင်အခါ မင်းတုန်းမင်းကြီး၏ စကြာဒေဝီမိဖုရားကြီးဖြစ်လာ သည့် ရွှေဘိုမင်းသမီးတော်က ဆောက်လုပ်လှူဒါန်းသော ကျောင်းတိုက်ကြီး ဖြစ်၏။ ဤကျောင်းတိုက်ကြီး နှစ်တိုက်ကို သမီးတော်နှင့် မယ်တော်တို့သည် မရှေးမနှောင်းပင် ဆောက်ကြဟန်တူသည်။ ကျောင်းတိုက်ကြီး နှစ်တိုက်စလုံး ကို ၁၂၀၄ ခုနှစ် တပေါင်းလမှာပင် မရှေးမနှောင်းပင် ရေစက်ချကြသည်။ ထို့နောက် သာသနာပိုင် ဆရာတော်ဦးဥ ယျအား တင်လှူကြ၏။ နှစ်ကျောင်း ကိုလည်း "သမီးတော်ကျောင်း"၊ "မယ်တော်ကျောင်း"ဟု ခေါ်ဝေါ်ခဲ့ကြသည်။

“မဟာအဘယာရာမတိုက်”တွင် မဟာတုလွှတ်ဘုံကျော်ကျောင်းကြီး အပြင် မယ်တော်ကျောင်းလည်း ရှိ၏။ မဟာဝိဇိတရာမတိုက်တွင် မဟာအောင်မြေဗိမာန်ကျောင်းကြီးအပြင် သမီးတော်ကျောင်း၊ ယွန်းစုကျောင်း၊ ငွေကျောင်းစသည့်အပြင် အမည်မမှတ်မိတော့သည့်ကျောင်းရာများ (၅)နေရာရှိခဲ့ပါသည်။ ထိုကျောင်းတိုက်ကြီးနှစ်တိုက်စလုံးမှ ကျောင်းနှစ်ကျောင်းစလုံးပင် မိဖုရားကောင်းမှု၊ သမီးတော်ကောင်းမှုများဖြစ်သည့် အားလျော်စွာ မြန်မာ့ဗိသုကာအညွန့်အဖူးများချည်းဖြစ်သည်။ ထူခြားချက်အနေဖြင့် မြောက်မုန်ကျောင်းက အစီအစဉ်ကောင်းပြီး တောင်မုန်ကျောင်းက ပန်းပုလက်ရာကောင်းသည်ဟုဆိုကြ၏။ ကျောင်းတော်တွင်း ပြသာဒ်ကွက်များတွင် တောင်မုန်ကျောင်းကဒေါင်းရုပ်စသော ငှက်ရုပ်များထုထားပြီး မြောက်မုန်ကျောင်းက ဇာတ်ကြီး (၁၀)ဘွဲ့ကို ပန်းချီရေးထားသည်။ မြောက်စနုမှာ ပြသာဒ်ပါပြီး တောင်ကျောင်းမှာစနုမပါ။ တောင်ကျောင်းတိုက်ထွတ်တွင် နဂါး လေးကောင်နှင့် အလယ်၌လက်အုပ်ချီနေသော နတ်ရုပ်များထည့်ထား၏။ မြောက်ကျောင်းတွင် စေတီပုံတိုင်ထွတ်များဖြစ်သည်။ တောင်ကျောင်းတွင် တိုက်ထောက်အဖြစ် နယားရုပ်များတပ်ဆင်ထားပြီး မြောက်ကျောင်းမှာ လူအရုပ်မျှရှိသော နတ်ရုပ်၊ လူရုပ်၊ ဂဠုန်ရုပ်၊ ဘီလူးရုပ်၊ ကိန္နရာဖိုမရုပ်၊ ဇော်ဂျီရုပ်၊ လူပုံ့ရုပ်၊ ခြသေ့်ခေါင်းနှင့်လူကိုယ်ရုပ်၊ ကျွဲခေါင်းနှင့် လူကိုယ်ရုပ်များ ရှိခဲ့သည်။

မင်းတုန်းမင်းတရားကြီး အမရပူရ၌ စံနေစဉ် ခရစ် ၁၈၅၅ ခုနှစ်တွင် အင်္ဂလိပ်သံ ဖယ်ရာ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟင်နရီယူးလ်က “ဤမျှ အိမ်တွင်းအသုံးအဆောင် ချို့တဲ့သော လူမျိုးတစ်မျိုးက ဤမျှခမ်းနားကြီးကျယ်သော လက်ရာကို ဘယ်သို့ စွမ်းဆောင်နိုင်သည်ကို အံ့ဩစိတ်အလျဉ်းမပါဘဲ ဤကျောင်းတော်ကြီးများကို ကြည့်၍ မဖြစ်နိုင်ပေ”ဟု “အဝနေပြည်တော်သွားသံအဖွဲ့ (Mission to the Court of Ava) စာအုပ်တွင် ရေးသားခဲ့သည်။

ယခုအခါမှာတော့ မြန်မာ့အနုပညာဂုဏ်ဆောင်ဖြစ်သည့် ကျောင်းတော်ကြီးနှစ်ဆောင်ကား အုတ်ဟောင်း၊ အုတ်ပုံ၊ အုတ်ခုံဟောင်းမှလွဲ၍ ဘာမျှမရှိတော့ပြီ။ သမီးတော်ကျောင်းက ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မီးသင့်လောင်ခဲ့၏။ ၁၃၀၆ ခုနှစ်တပို့တွဲလဆန်း (၁)ရက်နေ့က မီးသင့်လောင်ခဲ့ခြင်းဖြစ်သည်။ တောင်မုန်ကျောင်းတိုက်ကြီးကမူ စစ်ကြီး၌ကံကောင်းထောက်မစွာ ဗုံးဒဏ်ကလွတ်ကာ အကောင်းပကတိကျန်ရစ်ခဲ့ပါသေး၏။ သို့သော် စစ်ကြီးအပြီးမကြာလှသော ကာလမှာပင် လူမသမာအချို့က လုံခြုံရေးစိတ်မချ၊ ပစ္စည်းများ ပြတိုက်ပို့ရမည်အကြောင်းပြကာ တစ်စစီဖျက်ဆီးယူငင်သွားကြသည်ဆို၏။ မန္တလေးနိုင်ငံတော်ပြတိုက်၌မူ ပန်းပုလက်ရာ လွန်စွာ အနည်း

ပျောက်ကွယ်သွားကြရလေပြီ။ ထိုထိုနေရာများ၌ ဤသို့ ဤနှယ် သာသနိက အဆောက်အဦးကြီးများရှိခဲ့ဖူးသည်ဆိုတာကိုလည်း မမေ့မလျော့ မှတ်သားကြရပေဦးမည်။

# နယုန်

"ရွာစေ မိုးဖြိုက်ဖြိုက်
ခါပေ ပျိုးစိုက်စိုက်
ရှစ်ပန်းငယ်တစ်ခို
အုံ့မှိုင်းညို
ခင်ပျိုလွမ်းလှိုက်လှိုက် . . .
တိမ်တိုက်ကယ်အမှောင်
လေယူဆောင်လို့
တောင်ဆီကညို . . . ပြိုတော့မည် . . ."

(မြို့မငြိမ်း၊ ပျိုး)

# မြစ်နမ့်နာ

နတ်စည်ငယ် ရှမ်းပါလို့ ရိုက်မွှမ်းငယ်သံစုံ၊
က,မြူးငယ်ခုံသည် လနယုန်သည်ချိန်မို့
မြူတိမ်လွှာဆိုင်းပြန်တော့တယ်လေး။ . . . တဲ့။

ယပ်တောင် တညဦးညဦးခတ်ရင်း နယုန်လဘွဲ့ လွမ်းချင်းကလေးအား ဆိုညည်းနေမိသည်။ နယုန်မိုးသေးမြက်သားမွေးသတဲ့ . . . ။အခုနယုန်ကဖြင့် ပူပြန်လျှင်လည်း ခြစ်ခြစ်တောက်။ မိုးတဲ့ဟော့ ဆိုပြန်လျှင်လည်း ဝုန်းဒိုင်းကြဲ။ အစွန်းနှစ်ဖက် ရောက်လှသည့် ရာသီဖြစ်သည်။

စည်းချက်ဝါးချက်ကျကျဖြင့် နရီစည်းလေးကြီးမှာ ချွဲ့နွဲ့စွာတီးခတ်ရမည့် နတ်စည်ငယ်လည်း ဝုန်းဒိုင်ကြဲ ဗိန်းဗောင်းတိုက်တော့သည်။ သိကြားနှင့် အသူရာစစ်ခင်းပုံက ကြမ်းလှချည့်။ နယုန်မြစ်ရေပြင်သည် “တငြိမ့်ငြိမ့်”နှင့် မိုးဖွဲမိုးသေးအား နူးညံ့စွာခံယူလဲလျောင်း နေဖို့ကောင်းသော်လည်း၊ မိုးမညို့မီမှာ တောင်လေပြင်းပြင်းတွင် ဒေါသကြီး၏။ သွန်ချအံ့ငှာ မိုးစက်မိုးပေါက်ကိုအားကျမခံခုန်ပေါက်၏။ဝါဆိုဝါခေါင်မရောက်မီမှာပင်မာန်ဟုန်ပြင်းပြင်းနှင့်သာမြစ်ပြင်ပါတကား။ နှင်းခဲပွင့်တို့ ကြွေကျအရည်ပျော်ကာ ကျဉ်းမြောင်းနက်ရှိုင်းကျောက်ကြိုကျောက်ကြားမှာ စီးဆင်းစိမ့်သောငှာ မြစ်ရေသည် ကန္တာရလွင်ပြင်၊ ကိုင်းတော၊ ယာစပ်၊ ထန်းတော၊ လယ်ကွင်း၊ ဖြတ်သန်းပြီး ဓနိတောလတာပြင်ကြား စီးဆင်းကာ ကော်ဖီရောင် ရွှံ့နောက်ဒီရေဖြင့် တိုးဝှေ့ကာစီးဆင်းရသည့် ဥတုသုံးလီ တစ်လျှောက် မြေ၊ လေ၊ မိုးတို့ဖြင့် အံဖတ်တုပြိုင်ရသည့်အကြိမ်ကဖြင့် မနည်းသေး။ သို့တစ်စေ နှစ်ကုဋေကုဋာဖြတ်သန်းမှု သမ္မာက ရန်စွယ်အပေါင်းကို တွန်းလှန်ခဲ့ရာ၏။ အောင်နိုင်ခဲ့ရာ၏။ တိုးလိုက် ဝှေ့လိုက်၊ တွန်းလိုက် တိုက်လိုက်နှင့် အလီလီ အကြိမ်ကြိမ်နွဲ့ကာ မိမိကို ဥပေက္ခာပြုကာ၊ ပစ်ပယ်ထားသော လူသားများကိုပင် အပြစ်မမြင်အားဘဲ သည်လူသားများအကျိုးအတွက်ပင် ပြန်လည်ပေးဆပ်နေရသည်ကော။

လနယုန်သည်ချိန်ခါမို့ မြူတိမ်လွှာဆိုင်းပြန်သည်နှင့် “ကမ္ဘာတန်ဆာပေါ်ဦးစွာ၊ အရိယာပထ၊ လေးလီမျှအောင် နှာမတဂုဏ်ပေါက္ခရမိုး၊ ရွာသွန်းဖြိုး” သော်လည်း တာတစ်ပေါင် အပဲ့မခံ၊ ချောင်းတစ်ရိုး အကျိုးမခံဘဲ လူသားတို့ အကျိုးအတွက် အချိန်ပြည့် သယ်ပိုးနေသော အာဂမြစ်ဧရာပါတကား။

မြစ်မင်း ဧရာအား နမူနာသူကြပါကုန်။

# နွေမပီ မိုးမပီ

ဖေဒွေစန်းမြိုင် ကြိုင်ထုံမွှေးသည်
မုလေးလေဟု ချပ်ရိုးငုံညှာတံ
မေထုန်နယ်ခေတ် ခါဝဿန်မှာ
စာမေးစာပြန် စာတော်လှမ်းမို့
ရွှသန်းရံခ သီဟာပုံပြင်
လူမှုးရာနန်းရှင် . . .
နတ်နန်းတမွတ် ညာထွတ်တင်ငယ်
သုမေဓာခွင် လှူပွဲခံရှင်လေး။ ။

လေကငြိမ်သည်။ တစ်ခါတစ်ခါမှသာ သွဲ့သွဲ့လေးသွေးသည်။ နဖူးဆံစလေးတစ်စ ကန့်ကလျလေးသာ လှုပ်သည်။ လေကအငြိမ် . . . နေကအပူမို့ ကြွက်ကြွက်သာဆူ ပူပါဘိ၏။ တွင်းရေတွေခမ်း၊ ကန်ရေတွေခြောက်ကုန်ကြပြီ။ သစ်ရွက်တို့ အစိမ်းဆုတ်၏။ ရှားစောင်း၊ ဆူးခြံ၊ ကိုင်းပင်၊ မိုးနံ့တို့ ပြိုင်းပြိုင်းထလာကြသည်။ ပေတစ်ရာလမ်းမှာ ကားတစ်စီးတစ်လေ အပြေးအလွှား ဖြတ်သွားလေတိုင်း ကတ္တရာစေးသံ တဖြန်းဖြန်းမြည်၏။ ကိစ္စမရှိ။ ဤအပူမျိုး ၄ ရက်၊ ၅ ရက်၊ တစ်ပတ်မျှ ကြိတ်မှိတ်၊ ခါးစည်းခံပြီးသော်မြစ်ပြင်တွင် လှိုင်းကြက်ခွပ်ကလေးတွေ ခေါင်းထောင်လာကြသည်။ တောင်ဆီက မိုးမည်းမည်းတို့ ညို့တက်လာ၏။ မိုးရနံ့လေးတွေ ရှေ့ပြေးယူဆောင်လာသော လေကလေးက သုန်လာသည်။

ယပ်တဖြတ်ဖြတ်ခပ်ရင်း မိုးဆီမျှော်မိ၏။ မညို့တညို့၊မိုးကိုအားကိုးနေကြသည်။ ဟော အောက်ခြေမှာ မည်းလို့ အိလာပါပကော။ မကြာမီ . . . မကြာမီ။

မကြာမီ . . . မိုးသားတစ်အုပ်က နေရောင်ကို ဖုံးအုပ်စဉ်မှာပဲ မိုးသားအောက်ခြေ လင်းလာပြန်တော့ သည်မိုးက ရွာမိုးသားအညို့ . . . ဝမ်းသာလုံးဆို့ လုမတတ်အချိန် မိုးသားပြင်ပြန်တော့ အားငယ်စိတ်ဖြင့် ဘုံးဘုံကျရပြန်၏ ။

မိုးလား လေလား ထွေပြားနေဆဲ . . . ဝေါခနဲ မိုးပြေးတစ်ပြိုက် ရွာချလိုက်သည်။ တံခါးပိတ်သူပိတ်၊ မိုးရခံသူခံဖို့ ပြင်ဆင်ဆဲ သည်မိုးအရှိန် ကလည်း စဲသွားပြန်သည်။ ကောင်းကင်သည် သူမဟုတ်သလို စောစောက အခြေအနေနှင့် ဘာမျှမဆိုင် လင်းထိန်ကျဲတောက်လာပြန်တော့၏။ နေကြောင့် ပူသည်။ မစို့မပို့မိုးကြောင့် ပူသည်။ ရေငွေ့ကြောင့် ပူသည်။ နယုန်သည် ဤသို့ ကလူကျီဆယ် လှည့်စားတတ်ချေ၏။ နွေနှောင်းမိုးအကူး ကာလမို့ နွေကလည်း အားလျှော့၊ မိုးကလည်း မိုးမပီ။ နွေမဟုတ် မိုးမဟုတ်အခါရာသီ။

ဒါပေမယ့် စံပယ်ပွင့်သည်။ မြတ်လေးတို့ ပင်လုံးမှိုင်းညွတ်ဝသည်။ ပွင့်ဦးပွင့်ဖျား ပန်းတော်ကပ်ရ၏။ ပွင့်ဦးပွင့်ဖျားလက်မောင်းတုတ်မျှ စပယ် မြတ်လေး ခိုင်သီကုံးပြီး . . . ဆံထုံးတွင် ရစ်ခွေပန်ဆင်တော့ သနပ်ခါး ရနံ့ သင်းမြမြမှာ စပယ်မြတ်လေးရနံ့ ကြူကြူလှိုင်တော့သည်။ တော်သေး သည်။ နယုန်မှာ စပယ်မြတ်လေးပွင့်ပေလို့။

နို့မို့ . . . ။

# ခင်းစုံတဲ့မြေ

“မှောင်ပြာတောင်ယာ
လယ်တောခြေ
ဆိုင်းညို့ပြေ မှိုင်းလို့ဝေ . . . ။
လွမ်းဘွဲ့စေ
မြိုင်တန်းမှောင်ဝေ ဟင်းရွက်စုံပေါလှပေ
ရွှေချဉ်ပေါင်ရွက်တွေ ခင်းစုံတဲ့မြေ
ကင်းပုံပြုပ်ပင်တွေ မိုးဦးကစွေစွေ . . . ”
(ပျိုးသီချင်း–မြို့မငြိမ်း)

ဆရာမြို့မငြိမ်းက “ပျိုး”သီချင်းကို ရေးစပ်နိုင်ဖို့ အပေါင်းအဖော် စုံလင်စွာနဲ့ “မိုး”နဲ့ တွေ့နိုင်မယ့်နေရာကို ကားကလေးတစ်စင်းနဲ့ ထွက်ခဲ့ပါလေရော . . . ။ မန္တလေးမှာတော့ တိမ်ကျဲတောက်တောက် . . . ။ ရန်ကုန်မန္တလေးလမ်းမကြီးပေါ်မှာ ကားကလေးတစ်စင်း ပြေးလွှား . . . ။ ကျောက်ဆည်ရောက်တော့ ရွှေသာလျောင်းတောင်ဆီမှာ တိမ်မည်းညိုတစ်စ . . . ၊ ဟို . . . အရှေ့ဘက် ခတ်တော်တောင်ဆီမှာတော့ တိမ်စိုင်တိမ်ခဲ . . . ။

ကျောက်ဆည် ဇော်ဂျီချောင်းကို ကျော်ခဲ့ပြီ . . . ။

မြစ်သားနယ်ကို ရောက်ရင်ပဲ မိုးပွားလေးတွေ ကျလာသတဲ့ . . .။ ပြီးတော့ မိုးတွေ သည်းသည်းရွာလာသတဲ့ . . .။ ကားလမ်းဘေးရပ်ပြီး မိုးကို ခံစားကြသတဲ့ . . . ။

တစ်နေ့ကတော့ ကျွန်တော်တို့ “မိုး”ကို မြစ်သားနယ်ဖက်ကျမှ တွေ့လိုက်ရဖူးတယ်။ မန္တလေးမှာတော့ ထုံးစံအတိုင်း နေကျဲကျဲပါပဲ။ စဉ့်ကိုင်း၊ မြစ်သား၊ သဲတော၊ ဝမ်းတွင်းနယ်မှာတော့ မိုးတွေဖြိုင်ဖြိုင်ကျနေတယ်။ကားလမ်းဘေးဝဲယာမှာ ဝါခင်းတွေရှိတယ်။ စပါးခင်းတွေရှိတယ်။ စပါးခင်းတွေက တချို့စိမ်းစို . . . ။ တချို့ရိတ်သိမ်းပြီးစ . . . ။

ဝါခင်းတွေမှာလည်း တချို့ . . . ဝါပွင့် . . . ။ တချို့အားယူ. . .။

လယ်သမားလေးတွေ မိုးရေထဲမှာ ပေါက်တူးကိုယ်စီထမ်းပြီး မိုးရွာထဲ တရွေ့ရွေ့ . . . ။ လှည်းတစ်စီးလည်း တရွေ့ရွေ့ . . . ။ လှည်းပေါ်မှာ မိသားတစ်စု . . . ။

သူတို့ လယ်တွေကောင်းပါစေ. . . ။

သူတို့ဝါတွေ ပွင့်ပါစေ . . . ။

သူတို့လယ်မှာ ဆည်ရေဝင်ပါစေ။

သူတို့လယ်အတွက် မြေဆီလောက်ငပါစေ။

သူတို့အတွက် စက်သုံးဆီ 'ရ'ပါစေ။

လယ်မြေဖြိုးမှ . . . တိုင်းပြည်တိုးတက်ပါလိမ့်မည်။

# ဝါဆို

“တစ်နေ့သော ဝါတွင်းအခါ၌
ခြူသံလေးတွေ
နားဝင်အေးလောက်ပေ . . .
ကျူးနဘေး၊ ဖြေးဖြေးဆေးဆေး
နွားပြာညိုလေးတွေ . . .
နွားဝါပျိုလေးတွေ၊ ပေါ့ပါးကာ ပျံမလိုနေ . . .”

**(မြို့မငြိမ်း၊ တစ်ဝါတွင်း)**

# လွန်ကဲမိုး

“နဘန္တရာ သံဝါခြိမ့်တယ်။
လမ္ဘရာခြိမ့် နတ်စည်တော်
ပဏ္ဍဝါအိမ် ပတ်လည်ဆော်သည်
လျှပ်ခြည်စေရော် ဇော်တခဲ
ဝိုးဝင်း မိုးပြည့် ရှိန်အဝါမှာ
ဝတိသူရာ စစ်ရေးမြှုကြဆဲ . . . ။

ဝန်ထောက်တော် ဝက်မစွတ်မြို့စားက ကရကဌ်ရာသီ ဝါဆိုလကို ဤသို့ ဖွဲ့ဆိုခဲ့၏။ တလောဆီကတော့ မိုးကိုမျှော်လွန်းသော မြန်မာပြည် အလယ်ပိုင်းဒေသအတွက် ‘မျှော်မျှော်နိုင်လွန်းချည်’ဟု ကိုရွှေမိုးက ရွှေစိတ်တော် ညိုကြ ဒေါသတကြီး ခုန်ချအစွမ်းပြတော့သည် . . . ။ ရက်သတ္တတစ်ပတ်ကျော် ပင် ကြာပါလေရော့ . . . ။ မကြုံစဖူးထူးကဲသော ဒေါသမို့ တစ်ရက်တည်းပင် လျှင် ကန့်ဘလူ၌ မိုးရေချိန် ၆ လက်မနီးပါး ဖြစ်သွားသည်။ တစ်ရက်တည်း ပင် ဝမ်းတွင်း၊ မိတ္ထီလာ၌ ၅ လက်မနီးပါးဖြစ်သွားသည်။

‘ဝါဆို,ဝါခေါင် ရေဖောင်ဖောင်’သည် ဝါဆိုမတိုင်မီ နယုန်လဆန်း ကတည်းက ‘ရေအိမ်ခေါင်’ရောက်တော့သည်။ တောင်ဆီမှာ မိုးတွေ ညို့လာ လျှင်ဖြင့် မောင်ကြီးသည် မမလေးကို ‘မိုးရွာရင်နော်ဗျာ . . . ဘာနဲ့ မိုးရပ့်၊ ပဒုမ္မာရွှေကြာရိုး၊ ထီးလုပ်လို့မိုး . . .’ဟု ကယုကယင်ချော့နွဲ့လို့မရ . . .။ ပဒုမ္မာ ရွှေကြာရိုးမဆိုထားနှင့် စတိန်းလက်စတီးစစ်စစ် လက်ကိုင်ရိုးနှင့် ခရမ်း လွန်ရောင်ခြည်ခံ ပိုးဖဲအရွက်ဆောင်း ဂျပန်နာမည်တံဆိပ်တပ် စက်မှုဇုံဖြစ် သံမဏိဖဲထီးနှင့်လည်း မမလေးကို ဒီမိုးဒဏ်က လွတ်အောင် မကာနိုင် . . .။

“သည်မိုး၊ သည်မိုး . . .၊ ဒေဝါ . . .၊ မိုးတည့် မိုးဒေဝါ” တဲ့။ သီချင်းဂီတကို ကနဦးအစကတည်းက စတင်လေ့လာ သင်အံမည့်သူသည် ထံတျာတေရှင် အစရှိ ပုဇွဲးတောင်သံကြိုးကို စည်းဝါးကိုင်ကာ အကျအနသင် ယူရကတည်းက ‘မိုး’နှင့်စသည်။ ဤသို့ ဤနှယ် မိုးကို သံယောဇဉ်ကြီးခဲ့၏။

ဟော . . . နောက်တော့ 'ညွှန်းရိုက်ဖြာငယ်လေး၊ မှိုင်း ညို့မည်းမည်း၊ မိုးကုန္တာငယ်လေးငြိုးရှိန်ဝါ ငယ်လေ ကြွေးရင့်နွဲ့နွဲ့ . . . ' လိုရယ်။

အညာသားများ နေပူကျဲတောက်မှာ နေရလေတော့ ကြိုးသီချင်းနဲ့ မိုးကို မျှော်သည်။ ပတ်ပျိုးနှင့် မိုးကို မျှော်သည်။ ဘွဲ့ခံပြီး မိုးကို မျှော်သည်။ ဝန်ကြီးပဒေသရာဇာက မျှော်လိုက်တဲ့မိုးက သည်ကနေ့အထိ အတောမသတ်နိုင်တော့။ မိုးကိုမျှော်မယ့်သာ . . . မျှော်၏။ မိုးဝေး ရေဝေးအရပ်မို့ . . . မိုးလာလျှင်လည်း ပျာသည်၊ မိုးသည်းတော့ မာန်မဲသည်။ မိုးကြီးပြန်တော့ ဟည်းချသည်။ တကယ်မိုးထဲရေထဲမှာ ဘာမှ မလုပ်တတ်တော့ . . . ။

"မိုးစနေ လေရာဟု" တတွတ်တွတ် ရွတ်ကာ မိုးကို မော်ကြည့်နေသော်လည်း "မိုးတစ်စက်၊ ရေတစ်ရွက်"ဆိုတာ သတိမထားမိကြ။ "မိုးဖြူမစဲ၊ မိုးမည်းမရွာ"ဟုဆိုတာ သတိမထားမိကြ။ "မိုးဖြူမစဲ၊ မိုးမည်းမရွာ"ဟု လေ့နံဓားထစ်မှတ်ခဲ့ကြသောအခါ "မိုးနှင့်နွားသိုးအစိုးမရ"တာ မေ့လျော့ကြတော့၏။ "မိုးမပြိုဘူး၊ ပြိုခဲ့သော်"ဟု ကြံစည်တွေးတောလျှင် အတွေးခေါင်လှချည့်ဟု ငြူစူကြကာ "မိုးပြိုအများနှင့်"ဟု ကမ္ဘသကာထားလိုက်တော့သည်။ ဤသို့သော မိုးနှင့်အကင်းမပါးလှသည့် အထက်ရွာ အထက်ရပ်သားများတည်း။

အညာနှင့်မိုး . . . အစပ်အဟပ်မတည့်ပုံကို စိန္တကျော်သူ ဦးဩကပင်ခနေဖြူချီစစ်ချီရတု၌ ဩချဖွဲ့ဆိုခဲ့ရ၏။ အလောင်းမင်းတရား ရေတပ်ခနေဖြူတွင်စခန်းချရပ်ရန် ဆိုက်ကပ်ချိန်က ပီဘိညအချိန်ဖြစ်သည်။ မှောင်နှင့်မည်းမည်းမှာ လှေတို့ မမြင်မကန်းဖြစ်ကြသည်။ အချင်းချင်းတိုက်မိရိုက်မိကာ ရောထွေးကုန်သည်။ ထိုအခိုက် မိုးသက်မုန်တိုင်းကလည်း ရုတ်ချည်းကျလာ၏။ ထိုအခါ လှိုင်းရုတ်တရက်ကြီးသည်။ ဝဲထသည်။ လှေတို့က ဝရုန်းသုန်းကားဖြစ်ကုန်သည်။ ချိတ်ကူနိုင်၊ ပဲ့လည်း မတတ်သာ၊ ထိုးဝါးလည်း မထောက်သာတော့။ သည်မိုး၊ သည်လေမှာ ကုန်းခေါင်ခေါင်က ရတနာသိင်္ခသားတို့ကြီးစွာသော အခက်အခဲဖြစ်ကုန်၏။ တချို့ရေထဲကျ၊ တချို့ကြောက်လန့်တကြားကူးခတ်၊ တချို့ ရေမြုပ် . . .၊ တချို့က နီးရာသင်ပေါင်းပင်၊ ကိုင်းပင်တို့ကို အလန့်တကြား ဆွဲ . . .၊ တချို့ရေစပ်သစ်ပင်မှာ ဖက်တွယ် . . . ။ မိုးကလည်း အောက်မိုး အောက်လေပီသစွာအသည်းအသန် . . .။ ဒါကို စိန္တကျော်သူက အမှတ်တရဖွဲ့သည်။ ကြည့် . . .

'ခနေဖြူတွင်၊ ထွက်သိုက်ဝင်လျှင်၊ စက်ရှင်ရွှန်းတောက်၊ စံကွန်းထောက်က၊
တောင်မြောက်အုပ်မှိုင်း၊ ရှေ့အတိုင်းလျှင်၊ မှီခိုင်းကမ်းရပ်၊ တင်းကြမ်းစပ်မျှ၊
မလပ်ဆိပ်ခင်း၊ လေပြင်းလှိုင်းရိုက်၊ ဝဲဝိုက်ကလိုင်၊ မနိုင်ခိုင်းသက်၊
ပဲ့ထက်မစား၊ ထိုးဝါးမမီ၊ ခတ်ချီမပါ၊ ရေကြီးရာတွင်၊ ရှုပ်သာလှေချင်း၊

ဦးသွင်း ပဲ့ဆုတ်၊ ချိတ်ကုတ်မမြဲ၊ ရေထဲကူးသား၊ မြှုပ်မွမ်းစုပ်ဖွား၊
ကြိုးဖျားငင်စွဲ၊ ခုန်ဆွဲဘောင်ကိုင်း၊ ကမ်းယံခိုင်း၍၊ လှေတိုင်းပဲ့ပန်း၊
စခန်းမလှ၊ ဆိုက်ကြရသည်၊ ချုပ်ညမှိုင်းဝေရီတော့၏။'တဲ့။ . . .

မည်သို့ဆိုစေ အထက်အညာအရပ်သားက မိုးနှင့်ရေကို ချစ်ပါသည်။ မိုးနှင့်ရေကို မျှော်ပါသည်။ မိုးဝေး ရေဝေး အရပ်သားများဖြစ်သောကြောင့် မိုးနှင့်ရေ၏ ပရိယာယ်ကိုလည်း ကြောက်ကြတာ သေချာပါသည်။

# ဝသာန်ဦး

သာစွလေ . . .
တိမ်ခြေမို့မို့၊ မှိုင်းဝေညို့မျှ၊ ကောင်းကင်ဝယ်
လနှင့်အာသံ ပြည့်ကြရုံလျက်၊ ယဉ်လျှံရေရှူး၊ လမိုးဦးကို
ကြိုင်မြူးအေးမြက်၊ ပုန်ညက်ခံမီ၊ ပွင့်ပြိုင်ညီ၍၊
ရာသီလှည့်ပတ်၊ ကရကဋ်ဟု၊ နတ်လည်း စက်လို၊
လဝါဆိုကား . . . ။

မကြာမီဝါဆိုတော့မည်. . .။ နယုန်မိုးသေးကတော့ မြက်သားမမွေးနိုင်ခဲ့ . . . ။ ပူပြန်တော့ သန္တေပျက်မျှပူသည်။ မိုးရွာပြန်တော့ မိုးကြီးလေကြီးခုန်ဆင်းလာသမို့ မြက်တို့ ရေမြုပ်ကုန်၏။ ဒါပေမဲ့ တောင်လေက ဝုန်းဒိုင်းကြဲနေသည်။ မိုးတိမ်တို့သည် အထက်ဆီသို့ လွင့်ပါးကုန်၏။ ထိုအခါတောင်ပေါ်မှာ မိုးတွေရွာမှာ သေချာသည်။ မိုးက အရွာ၊ လေကအပင့် ကမ်းနှင့်ရေပြင် . . .ဘောင်ဘင်ခတ်တော့၏။

မိုးကဖြင့် ပိုလို့စိတ်လာသည်။ ရိပ်ခနဲမိုးသားအတက်မှာ မိုးပြေးကကပ်ပါလာ၏။ ဘုံဘိုင်ခေါင်းဖွင့်လိုက်တိုင်း ရေကျနည်းခဲ့ရသည့် နွေဥတုကိုဖြတ်သန်းလာခဲ့သော ကလေးငယ်သည် ဒရဟောရွာသွန်းသော မိုးရေမှာ အားပါးတရ ရေချိုးဖို့ . . . တောင်ဆီမှာ မိုးတွေ ညိုလာကတည်းက “မိုးရွာရင်ရေချိုးမယ်”ဟု ဟစ်အော်ပျော်မြူးနေတော့၏။ မိုးတွေရွာလာတော့ လမ်းပေါ်ရေလျှံသည်။ တစ်ခဏချင်း ခြေကျင်းဝတ်မှသည် ဒူးကောက်ကွေး ရေမြုပ်၏။ ထိုအခါ ကလေးငယ်က “ဝါဆို ဝါခေါင် ရေဖောင်ဖောင်”ဟု အော်ဟစ်ကြပြန်လေ၏။

ဝါဆိုဝါခေါင်ဟူသော အသံကြားပါလေမှ အဘွားအိုသည် ကရမက်ပုတီးကို ခပ်သွပ်သွက်စိပ်ရင်း မိုးနတ်မင်းကို အမျှဝေသည်။ မိခင်သည် ကျောင်းဝတ်စုံ အဟောင်းလေးပြုပြင် ဖာထေးချုပ်လုပ်နေရာမှ မနှစ်က သိမ်းထားသော ယောဂီတဘက်ကလေးကို သတိရ၏။ ဖခင်သည် ဘောလုံးအရှိန်မသေသေးသောကြောင့် လှန်လှောကြည့်ရှုနေသော အားကစားဂျာနယ်

အဟောင်းများကို ခေါက်သိမ်းကာ ဥပုသ်တစ်ရက်မှာတော့ သီလတစ်ပွဲ ယူဦးမှဟု သတိရသည်။

ဓမ္မာရုံလူကြီးသည် ဓမ္မာရုံသော့ကြီး တချောင်းချောင်းကိုင်ရင်း ဓမ္မာရုံကျက်သရေခန်းကို ဖွင့်ကာ ဘုံပစ္စည်းများ ဖွင့်စစ်နေသည်။ တောင်ပေါ်ကျောင်းတောထွက်ဦးပဥ္စင်းကြီးကအဟမ်းအဟမ်းချောင်းသံ့ရှင်းရင်းသီလပေးကို ပြန်ကျက်နေ၏။ ခြေကောက်တီးဝိုင်းဆရာက ဝါတွင်း (၃)လမှာဘယ်အာရုံခံအဖွဲ့နဲ့ လိုက်ရမလဲဆိုတာ စဉ်းစားနေပြီ။ မင်္ဂလာခန်းမပိုင်ရှင်က ဒီနှစ်တော့ ခန်းမနံရံတွင် ဆေးပြန်သုတ်ရတော့မည့် စရိတ်များတွက်ချက်ရင်းရင်မောနေသည်။ ဓာတ်ပုံဆရာက မအားမလပ်၍ ပြန်မစစ်ခဲ့ရသော ကြွေးစာရင်းများကို ဘောက်ချာတစ်ရွက်ချင်း လှန်ကာစစ်ရင်း ဇယားချနေသည်။ တေးထုတ်လုပ်သူက ဝါတွင်းမှာ သကြ်န်သီချင်းတွေ အသံသွင်းဖို့ ခေါင်းစဉ်ရွေးနေ၏။

ငှက်ပျောပွဲရုံက မတ္တရာဘက် ခြံပြတ်ဝယ်ထားသော ငှက်ပျောပင်တွေဆီ လူလွှတ်နေ၏။ ဘုန်းကြီးသီလကန်တော့ပွဲတွင် ယွန်းဗျတ်မောက်မျှပါလာသော အမွှေးတိုင်ထုပ်များ မြင်တော့ ကျောင်းဝင်းထဲက မန်ကျည်းပင်ကြီးတွေ မျက်ခုံးလှုပ်ကုန်သည်။ ဆိုင်ကယ်လေးနှင့် လမ်းဗိုလ်သည် ဖူဂျီစတိုးဝင်ပြီး ဈေးအနည်းဆုံး "ကန်တော့ခြင်း"ကို မျက်စိကစားရင်း တွက်ချက်နေ၏။ ရပ်ကွက်ထဲက အပျော်တမ်း ခြင်းဝိုင်းလေးက ဝီရိယလွန်စွာဖြင့် ဘုရားကြီး ၄၅ တာမှာ ဝါဆိုခြင်းပွဲအတွက် စာရင်းပေးပြီးသွားပြီ။ ဂျာနယ်ဆရာသည် အိမ်ပေါက်ဝမှ ရောက်လာမည့် ဖိတ်စာတွေမှာ မင်္ဂလာဆောင်ဖိတ်စာ မပါတော့တာသေချာသွားသဖြင့် စိတ်ချက်လက်ချဖြင့် တဟော့ဟော့ လေချဉ်တက်နေ၏။ စတိုးဆိုင်ရှင်သည် မိုးကာအင်္ကျီဈေးနှုန်းများကို ပြင်ကပ်နေသည်။ အငြိမ့်ထောင်ဆရာက အသုံးကြီးကြီးပေးကာ ခေါ်ထားရသော ခေါင်းဆောင် လူရွှင်တော် . . . တီးလုံးတိုက်ပုံမှန်လာနေသဖြင့် အနည်းငယ်ဝမ်းသာနေ၏။ ဘုရားကြီးနားက မမကြီးတစ်ယောက်ကို ဒီတစ်နှစ်လည်း ဝါဆိုပြန်ပြီနော်ဟု လှမ်းစလိုက်သောအခါ "သိပ်အမြင်ကျဉ်းတာပဲ" ဟု စိတ်ပျက်လက်ပျက် လေသံနှင့် ခွန်းတုံ့ပြန်လိုက်လေသတည်း။

# မြနန္ဒာရေညို့ညို့ရစ်ကာသန်း

"နန္ဒာရေဝန်းရံခ၊
ပတ်လည်မှာ . . . ရွှေမန်းတောင်တော်သာ
အို . . . ဆန်းပါလှ၊
မြို့နန်းဝတီသာ"တဲ့။

ပြင်စည်မင်းသားကြီးက 'မန်းတောင်လကျာ်' ယိုးဒယားကြီး၌ မန္တလေးကို ဤကဲ့သို့ ဖွဲ့ဆိုခဲ့၏။ "နန္ဒာရေဝန်းရံခ"တဲ့။

ဟုတ်သည်။ ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းမှာတည်ထားသော မန္တလေးမြို့သည် တောင်ဘက်မှာက တောင်သမန်အင်းကြီးရှိသည်။ အနောက်ဘက်မှာ တက်သေးအင်း . . . ။ အခုတော့ မန္တလေးကန်တော်ကြီးဟု သုံးစွဲခေါ်ဝေါ်နေသည်။ အရှေ့တောင်မှာက ဇောင်းကလောကန်ကြီး ရှိသည်။ အရှေ့ဘက်တစ်ကြောကြီးက မင်းရှင်စော၏ အောင်ပင်လယ်ကန်တော်. . . ။ အောင်ပင်လယ်ကန်က တောင်ဘက်ဗိုလ်တက်ကုန်းမှသည် ဟိုး . . .မြောက်မန္တလေးတောင်အရှေ့ဘက်အထိ ရှိမှာပေါ့ . . . ။ မြောက်ဘက်မှာက နန္ဒာကန်ရှိပါသည်။

ထိုရောအခါက . . . ကောင်းကင်မှ နတ်ကြည့်၊ ကြည့်လျှင် မန္တလေးသည် လေးဘက်လေးတန်ရေဝိုင်းရံခနေပေလိမ့်မည်။ နောက်တော့ အင်္ဂလိပ်အစိုးရခေတ်တွင် အောင်ပင်လယ်ကန်မှရေများကို ဖော်ထုတ်ပြီး လယ်များဖော်ထုတ်စိုက်ပျိုးစေခဲ့၏။ ဒါကြောင့်လည်း နန်းတော်ရှေ့ဆရာတင်က. . .၊

". . . တကယ်တောအစစ်ကဲ့သို့ . . .
အခုတော့ လယ်တောဖြစ်လို့ . . .
ကောင်းဖို့ရှယ်သောခေတ်ကို . . .
အထူးပင်မျှော်မိတယ် . . ."ဟု စပ်ဆိုခဲ့ဖူးပါ၏။

ဘာထူးမှာလဲ၊ မြောက်ဘက်နန္ဒာကန်ကြီးကလည်း . . . လယ်ကွင်းပြင်ကြီး ဖြစ်သွားသည်။ မြနန္ဒာကွင်းတဲ့ . . .။ ရှေးယခင်ကတည်းက မန္တလေး

သည် မိုးနည်းခဲ့၏။ နှစ်စဉ် "မိုးဆက်သ"နေကျ မုတ်သုန်သည်ပင်လျှင် . . . ဟိုး . . .အနောက်ရခိုင်ရိုးမကြီးကို ကျော်ဖြတ်ပြီးသောအခါ ဧရာဝတီမြစ်ဝှမ်း လွင်ပြင်၌ အားအင်ချိနဲ့သွားပြီး သူ့မိုးလက်ဆောင်ပေးနိုင်စွမ်းပင် အနိုင်နိုင်ဖြစ် နေကျပင်. . . ။ ထို့ကြောင့် မန္တလေးမြို့တည်ဗိသုကာကြီးများက ရာသီဥတု သပ္ပါယ်ဖြစ်ရေးအတွက် မြို့ပတ်လည်သဘာဝ ကန်၊ လက်လုပ်ကန်များဖြင့် ဝေ စည်ခဲ့ခြင်း ဖြစ်သည်။

ထိုထိုသော အင်းအိုင်ကန်ချောင်းဆည်မြောင်းများမှ မြောင်းကြီး မြောင်းငယ် အသွယ်သွယ်များဖြင့် မြို့ကတောင်မြောက်ကန့်လန့်ဖြတ်ကာ ရေသွင်းရေထုတ်လည်း ပြုလုပ်ပေးခဲ့၏။ ထို့ကြောင့်မည်သို့သော မိုးနည်းရပ် ဝန်းဖြစ်ခဲ့သော်ငြား မန္တလေးသည် ရေမလပ်၊ ရေမပြတ်ခဲ့ . . . ။

ဟော . . . အခုနှစ်လို မိုးအားကောင်းကာ မန္တလေးလိုနေရာမျိုးမှာ ပင် တစ်နေ့တည်း မိုးရေချိန် ၃ လက်မကျော်ရွာသွန်းပြန်သောအခါ ထုံးစံအ တိုင်း မန္တလေးပတ်လည်မှ ကန်ချောင်းအင်းအိုင်ကြီးများက မန္တလေးမြို့လယ် ခေါင်အထိ တစ်မုဟုတ်ချင်း ပြောင်းရွှေ့လာလေတော့၏။ စိန်ပန်းမှာလည်း ရေတွေဖွေးဖွေး၊ ပွဲကုန်းမှာလည်း ရေတွေဖွေးဖွေး၊ ဈေးချိုကြီးလည်း ရေပေါ် ဟိုတယ်ဖြစ် . . . ။ လမ်း ၃၀ လည်း လှေလမ်းရေလမ်းဖြစ် . . . ။ စီဗီလိုင်း လိုနေရာပင် ရေပြင်ကျယ်ဖြစ် . . . ။ နန်းရှေ့မှာက အောင်ပင်လယ်ကန်လယ် ရောက်သွားရသလို . . . ။

ဟုတ်သားပဲ . . . ပြင်စည်မင်းသားကြီးစပ်ဆိုခဲ့တာ . . . ။
"နန္ဒာရေဝန်းရံခ၊ ပတ်လည်မှာ
ရွှေမန်းတောင်တော်သာ"တဲ့
မန္တလေးတောင်ပဲ ရေလွတ်တဲ့ဟိုကို . . . ။

# သစ်ပင်ချစ်တယ်

"...
ကြို့ပင်ကြီးမြောက်၊
ပိတောက်ပင်တောင်၊
ညောင်ပင်ကြီးရင်း ကောက်စိုက်ကယ်ပြန်၊
တိန်ကန်တွင်းမှာ . . . ၊"

မိုးတစ်စက်လေးမှ မရွာ၊ လေတစ်စက်လေးမှ မတိုက်ဘဲ အပူချိန် ၁၀၆ ဖာရင်ဟိုက်၊ ၁၀၈ ဖာရင်ဟိုက်ရှိသော မန္တလေးနွေတွင် လွမ်းဆွတ်သတိရနေသည်က သစ်ရိပ်ဝါးရိပ် ကန်ရိပ်ချောင်းရိပ်များပဲ ဖြစ်ပါသည်။

မန္တလေး နွေအပူကို အန်တုဖို့ ပြင်ဦးလွင်တက်နေနိုင်လောက်သည့် အခြေအနေလည်းမရှိ . . . ။ တိုရှီဘာ RAS 13.5K တို့ နေရှင်နယ် CW 906 TH တို့ဆိုသည့် အဲယားကွန်းများလည်း မရှိ။ တကယ်တော့ အဲယားကွန်းရှိလည်း နှစ်လွှာပေါင်းမှ တစ်ရွက်မည်လေမည့် လျှပ်စစ်မီးလာလို့က အကြောင်းထူးမရှိ။

ထိုအခါ မိမိပတ်ဝန်းကျင်မှာ မိမိကြုံရ၊ ဆုံရ၊ ထိတွေ့ရဖူးသော သစ်ရိပ်၊ ဝါးရိပ်၊ ကန်ရိပ်၊ ချောင်းရိပ်များကိုသာ တသမိတော့သည်။ တကယ်တော့ ထိုအရိပ်၊ ထိုအရိပ်များကလည်း မိမိပတ်ဝန်းကျင်မှာ ရှားပါးပစ္စည်းဖြစ်လို့ နေပြန်သည်။ ဝေးပေါ့။

ထို့ကြောင့် "ကြို့ပင်ကြီးအောက်၊ ပိတောက်ပင်တောင်၊ ညောင်ပင်ကြီးရင်းက ထိန်ကန်တွင်း"ကို သတိရနေသည်။ "မြိုင်နက်မြိုင်ကြော၊ တစ်တောထွက်ဝင်၊ တစ်တောမြင်က၊ တစ်ပင်ရိပ်နား၊ တစ်ပင်သွား၍၊ တောဖျားမြိုင်နက်. . ."ထဲ စိတ်ကူးဖြင့် ယပ်တဗုန်းဗုန်းခပ်ရင်း ချွေးသိပ်နေမိသည်။ "မှောင်စိုစို ညောင်ညိုကြီးရယ် ထီးဖြန့်သလို . . ." ဆိုသော ပေါရိသာလမ်းက ညောင်ရိပ်ကြီးကိုလည်း တမ်းတနေမိသည်။

"မုလေးရုံတော အစ၊ ဒေါနလမ်းမြေညီ၊ လျှောကျစမ်း ရေသင်းကြည်

တယ်၊ ရွှေနှင်းဆီကန်ချောင်း”ဟူသော ဦးပုည၏ တောလမ်းကလေးမှာ လျှောက်စမ်းချင်ပါဘိ . . . ။

အခုတော့ မြို့ပြ၏ နိုင်လွန်ကတ္တရာ၊ ကွန်ကရိတောနှင့် ဆိုဒီယမ် အလင်းရောင်များ ဖြန့်ကြက်မှုကျယ်ပြန့်လာသည်နှင့်အတူ သစ်ရိပ်၊ ဝါးရိပ်၊ ကန်ရိပ်၊ ချောင်းရိပ်တို့က တိုးလျှိုးနောက်ဆုတ်သွားကြ၏။ ကတ္တရာလမ်း ဟောင်းပေါ်မှာပဲ လမ်းလယ်ကျွန်းတင်၍ တယ်ပင်တွေ ခပ်စိပ်စိပ်စိုက်ထား သည့် မြို့တွင်းက ခြောက်လမ်းသွားများပေါ်မှာလည်း လေးငါးခြောက်နှစ် ကြာသည်အထိ တယ်ပင်ရိပ်က အုပ်ဆိုင်းညို့မှိုင်း၍မလာ။ တယ်မြစ်လည်း အောက်ကခေတ်ဟောင်း ကတ္တရာသားရောက်သောအခါ သူ့စွမ်းအားကုန်သွား တော့မှာပေ့ါ။ ထို့ကြောင့် မည်မျှပင် ရေလောင်းစေကာမူ ကြုံလှီ . . . ။

နှစ်စဉ် ဇူလိုင်လရောက်လေတိုင်း အိုးစည်းဒိုးပတ်သံ တညံညံနှင့် တပျော်တပါးစိုက်ခဲ့ကြသော လမ်းဘေးတစ်လျှောက်က စီမံချက်သစ်ပင်များ ကိုလည်း ဇူလိုင်မှသာမဟုတ် တစ်နှစ်ပတ်လုံး သတိတရ ပြုစုပျိုးထောင်ကြရ ပေမည်။ ဇူလိုင်တိုင်းမှာ စိုက်သမျှ သစ်ပင်ရှင်သန်လျှင်ဖြင့် “မြောက်တောင် မှိုင်းဝေ၊ သစ်ပင်တွေတွင်၊ ပင်ခြေကျင်းကျင်း၊ ပန်းအင်ကြင်းလည်း၊ ရွက်ချင်း ခိုက်ထိ”ပေလိမ့်မည်။

တကယ်တော့ မြန်မာနိုင်ငံအကျယ်အဝန်း ၅၁%သည် သစ်တော များဖြင့် ဖုံးလွှမ်းနေ၏။ သစ်တော သယံဇာတ အရင်းအမြစ်သည် စီးပွားရေး သယံဇာတအရင်းအမြစ်များဖြစ်ရုံမက သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေး နှင့် ရာသီဥတုမျှတရေးအတွက် အခြေခံလည်း ဖြစ်ပေသည်။ သစ်တောနှင့် ပတ်သက်၍ ပြုစုမှု၊ ပျိုးထောင်မှု၊ ထိန်းသိမ်းမှု ပညာရပ်များကို စနစ်တကျ ပို့ချကာ ကျွမ်းကျင်သော သစ်တောပညာရပ်၊ သစ်တောပညာရှင်များဖြင့် မြန်မာ့သစ်တောများကို ကာကွယ်ခဲ့ကြသည်မှာလည်း ယခု ၁၉၉၈ ခုနှစ်တွင် နှစ်ပေါင်း (၁၀၀) တိတိ ပြည့်လေပြီ။ ၁၈၉၈ ခုနှစ်က ပထမဆုံး မြန်မာနိုင်ငံ သစ်တောကျောင်းကို သာယာဝတီတွင် စတင်ဖွင့်လှစ်ခဲ့သည် မဟုတ်လော။ ထို့နောက် ပျဉ်းမနား . . . ။ ထို့နောက် မေမြို့ (ပြင်ဦးလွင်)။

ထို့ကြောင့် သစ်တောနှင့်ပတ်သက်လျှင် မြန်မာနိုင်ငံမှာက ပညာ ရပ်ရှိပြီးသား . . .။ ပညာရှင်ရှိပြီးသား . . . ။ စည်းမဲ့ ကမ်းမဲ့ ပရမ်းပတာ ဖြစ်စေမှာမဟုတ်။ ပညာရှင်များက ရေငုံနှုတ်ပိတ် လက်ပိုက်ကြည့်နေမှာ မဟုတ်။

သက်ဆိုင်ရာကလည်း ၁၉၉၂ ခုနှစ်ကတည်းက သစ်တောများ ကာ ကွယ်ရန်နှင့် တောရိုင်းတိရစ္ဆာန်နှင့် အပင်များ ထိန်းသိမ်းရန် ရည်ရွယ်ကာ

စည်းမျဉ်းဥပဒေများ ချမှတ်ရခြင်းဖြစ်သည်ဟုဆို၏။

ကမ္ဘာနှင့်အဝန်း ကျွန်းသစ်ဝယ်လိုအားများ နေချိန်တွင် နှစ်စဉ်ကျွန်းသစ် ကုဗမီတာ ၄,၃၂,၀၀၀ နှင့် အခြားသစ်မာကုဗမီတာ ၂၃,၄၀,၀၀၀ ထက် ပိုပြီးမခုတ်ရန်လည်း တားမြစ်ခဲ့သည်။ နိုင်ငံမြေဧရိယာစုစုပေါင်း၏ ၁၅%ကို သစ်တောကြိုးဝိုင်းအဖြစ် ထိန်းသိမ်းသည့် အစီအစဉ်အပြင် ရေရှည်သစ်တော ပြန်လည် ပျိုးထောင်ရေး အစီအစဉ်တစ်ရပ်ကိုလည်း အကောင်အထည်ဖော်ခဲ့၏။ ၁၉၉၇ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံတွင် ပြန်လည် စိုက်ပျိုးထားသော သစ်တောဧရိယာ ဟက်တာပေါင်း ၆,၁၀,၀၀၀ ကျော်ရှိပေသည်။

ဇွန် (၅)ရက်နေ့ကား ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ဖြစ်၏။ ထိုအခါ သစ်ပင်သစ်တောများအကြောင်း ပြောကြရပေဦးမယ်။ ထို့အတူ ရှုလိုင်သည် သစ်ပင်စိုက်ပျိုးရေး ဖြစ်သဖြင့် သစ်ပင်သစ်တောများကို သတိရကြ ပေဦးမည်။ ထို့နောက် . . . ။

ဘာပဲပြောပြော . . . သစ်ပင်သစ်တောက ရာသီဥတုကို မျှတထိန်းချုပ်ပေးပါသည်။ ရာဦဥတုမမျှတလျှင်တော့ သစ်ပင်သစ်တောကိုပဲ အပြစ်တင်ကြရမှာသေချာသည်။

ဥတုရာသီ တောကိုမှီသတဲ့ . . . ။

# ဝါခေါင်

"အို . . . ထိုအခိုက်မှာလေ . . .
နုအေးလေပြေ . . .
ဆောင်ကြဉ်းယူစေ . . .
တိမ်ခိုးပျို့တွေ . . . ဖြစ်သန်းပေ . . . ။
လဝန်းလဲ့ဆွေ မှုန်ခဲ့လို့ဝေ . . .
မိုးသက်ကယ်ဆင်မပြေ . . .
ငြိုးတုံးလှည့်နွဲ့သည်အနေ . . .
ရွာသွန်းတော့ပေ . . . "

(မြို့မငြိမ်း မယ်တို့မြေ)

# ယော်မှူမဖျောက်နိုင်ဘူ

ခါသဘင်မူ၊ ရာဇဝင်ခေါင်ထိ
မြတ်ဘုန်းယိုလဲ၊ ပြည်ကြီးပွဲမွန်
စာရေးတံနှင့်၊ နိဗ္ဗာန်သီင်
ရည်ဆုညွှန်းလျက် . . . ၊
လမွန်နံကာ . . . တိုင်းထက်ကယ်သာတော့တယ်
ခတ္တာပွင့်လှိုင်ထုံမှာ ယမုန်စုံရာသီတင့်ရင်လှ
ထွန်းသင့်ပေလှ။

မုတ်သုန်က အရှိန်ရနေပြီ။ အနောက်တောင်ဆီက လေသုန်သုန် အဆက်မပြတ်တိုက်ခတ်နေ၏။ အုံ့လာသော မိုးတိမ်သည် လေတွင် လွင့်ပါးကာ အထက်ဆီ တရိပ်ရိပ် ပြေးသွားတော့သည်။ “ရွာမှာလေလား မိုးရဲ့”ဟု မျှော်လင့်ငံ့စားဆဲ မိုးနှင့်ဝေးရပြန်သည်။ မိုးတိမ်အရွေ့မှာ နေကပြူထွက်လာ၏။ အညာနေက ပူရဲသည်။ လေသုန်သုန်၊ နေပူပူမှာ ချွေးတစိုစို၊ တစ်ကိုယ်လုံး ဖုံအလိမ်းလိမ်းကပ်ပြန်သည်။ တောင်အရပ်ဆီသို့ ခရီးနှင်သူတိုင်း လေတွန်းအားကို မလွန်ဆန်နိုင်သဖြင့် ရှေ့သို့ တစ်လံတစ်ထွာမျှ ရွေ့ရန်ကိုပင် အနိုင်နိုင်အားခဲ့ကြရသည်။ ကိစ္စမရှိ၊ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲထုံးကို နှလုံးမူကြသူချည်း ဖြစ်သည်။

ခရီးသည်က ခရီးမတွင်ငြား မိုးတိမ်ကတော့ လေစုန်တွင် မျောကာ မြောက်ဘက်တောင်ကုန်းဒေသအထိ ခရီးပေါက်သွားချေ၏။ တောရိပ်တောင်ရိပ်၊ တောခိုးတောငွေ့က မိုးတိမ်များအား ညှစ်ယူချကာ မိုးရေတွေ ဒလဟော သွန်ချစေသည်။ အထက်ဆီမှာ ချိုးချိမ့်သံတညံညံနှင့် မိုးသံမစဲတော့ပြီ။

မြေနုကျွန်းကမ်းပါးမှာ မြစ်ရေသင်ဝုန်းခနဲက ‘မြ’လာသည်။ ကမ်းပါးတွေ တတိတိလှိုးချလို့ တဝုန်းဝုန်းပြိုကျနေ၏။ မြစ်ရေက လှိုင်းတွေကို အဖော်ခေါ်လာသည်။ ပြီးတော့ နောက်ကျိသုန်မှုန်မျက်နှာထားနှင့် ဒေါသကြီးစပြုလာ၏။ မြစ်ဆိပ်သို့ ဆင်းသော ရွာလမ်းမှာ လှိုင်းခေါင်းဖြူတို့ အမြုပ်စီစီ

ထလျက် ကျူးကျော်လာကြပြီ။ ထွန်သွား ထယ်သွား 'သ'နေသော ကိုင်းသမား သည် မီးဖိုထဲ သဘော်ကြမ်းစင်ပေါ်မှ 'ပွဲလျက်'အိုးကို ယူပြီး အိမ်အောက်ထပ် က မှောက်ထားသော လှေဆီသွားသည်။ ကိုင်းသမားဇနီးက ကျွန်းပင် မောင် နှမပွဲသွားဖို့ သတိရလာ၏။ ကိုင်းသမားသမီးအပျိုမက ဒီနှစ်တောင်ပြုံးမှာ (၃)ညအိပ်ပွဲမကြည့်ရမှာ တွေးပူနေသည်။

စာရေးဆရာကတော့ ရှေးတုန်းက ရတနာ့ဂူပွဲတော်မှာ မန္တလေးတစ် မြို့လုံးက နွားလှည်းတွေနှင့် သွားခဲ့ကြတာကို ထုံးစံအတိုင်း လွမ်းဆွတ်နေပေ ဦးမယ်။ တကတည်း IT ခေတ်ကြီးထဲမှာမှ . . . ။

# ပျို့သည်းညည်းခံ ထုံးစံပါအတည်

တောင်ပြုန်းပွဲကြီး နီးလာပြီ။ တလောဆီကပဲ မန္တလေးမြို့ထုတ် သတင်းစာတွေမှာ ပွဲတော်မြေနေရာ၊ ဆိုင်ခန်းနေရာများအတွက် ငွေပေးသွင်း ကြဖို့ ကြော်ငြာများ တွေ့ရသည်။ တောင်ပြုန်းပွဲတော်သည် ဆုတောင်းပြည့် ဘုရားပွဲက အဓိကလား၊ မင်းညီနောင်နတ်ပွဲက အဓိကလားဆိုတာ အခုအချိန် မှာ ဘယ်သူမှ ငြင်းခုန်ကြမှာ မဟုတ်တော့။ မည်သို့ပင်ဖြစ်စေ၊ ရောင်းပန်း ဝယ်ပန်းကောင်းကြဖို့က အဓိကပဲ မဟုတ်ပါလား။ ရောင်းပန်း ဝယ်ပန်းကောင်း ကြရေးသည် ကြွက်သေရေးကိစ္စပင်ဖြစ်၏။ ကြောင်ဖြူဖြူ ကြောင်မည်းမည်း ကိစ္စမရှိ။

ရောင်းပန်းဝယ်ပန်းကိစ္စတွင် ကုန်လွန်ခဲ့သော နှစ်များဆီက ပွဲတော် တွင် အရက်သေစာရောင်းချမှု စံချိန်မြင့်မားသွားခြင်းမျိုးကတော့ ကြွက်သေရုံ မက ပုပ်သွားသဖြင့် လူကြီးသူမတွေ နှာခေါင်းရှုံ့မိကြသည်။ သို့သော် မနှစ်က ပွဲတော်အတွင်း အရက်သေစာရောင်းချမှု သောက်သုံးမှုတွေ ပိတ်ပင်တားဆီး လိုက်သဖြင့် လူသာခုခေါ် နတ်သာခုခေါ်ကြပါသည်။

တစ်နေ့က ဧည့်လမ်းညွှန်မိတ်ဆွေတစ်ဦးနှင့်တွေ့၍ အားအားလျား လျားနားနားနေနေဖြစ်နေသည်ကို တွေ့ရသောအခါ အောက်တိုဘာ နိုဝင်ဘာ လောက်မှ ဧည့်သည်ဝင်စိပ်လာမှာလားဟု မေးမိသောအခါ တောင်ပြုန်းပွဲမှာ ဧည့်အဝင်များလာတတ်တယ်ဟု ပြောသောကြောင့် မေးမြန်းကြည့်မိသည်။ တောင်ပြုန်းပွဲမှာ အီတာလျံတွေ အများကြီးလာတတ်တာတဲ့။ ကိုင်း ဒါဆိုရင် ဖြင့် ပွဲတော်ကို သန့်ရှင်းသပ်ရပ်မှုနှင့်အတူ ရိုးရာအသွင်ဆောင်မှု၊ ထိန်းသိမ်းမှု အလေးကဲသော ရိုးရာပွဲတော်အဖြစ် ပီပီပြင်ပြင် ကျင်းပနိုင်အောင် ကြပ်မတ် သွားကြဖို့ပဲပေါ့။ ရိုးရာနတ်ချင်း၊ ရိုးရာနတ်ဝတ်နတ်စား၊ ထိုမျှမက ရိုးရာ လူနေမှုစရိုက်၊ ရိုးရာအစားအသောက်၊ ရိုးရာ ရောင်းဝယ်ဖောက်ကားမှု၊ ဒီအပြင် အဆင် အလှုပ်အရှား၊ အနေအထိုင်၊ အပြုအသတွေကလည်း ပိုက်ဆံရနိုင် သည် မဟုတ်ပါလား။ အခုအချိန်က ကြွက်သေဖို့က အဓိက။

## "ရေ"စွမ်းအား အလဟဿမဖြစ်အောင်

ဝါခေါင်လ ဆန်းပေပြီ။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်တဲ့။ တောင်လေတဝုန်းဝုန်း တိုက်ခတ်နေဆဲမှာပင် မြစ်ရေက တရိပ်ရိပ်တက်၏။ လှိုင်းပုတ်ဒဏ်ကြောင့် ကမ်းပါးတွေ တဝုန်းဝုန်းပြိုကျပေပြီ။ မြေနုကျွန်းပေါ်က ပြောင်းခင်းလည်း မြစ်အောင်လျှိုး၏။ နှမ်းခင်းတွေလည်း မြစ်ရေသောက်ဆင်းသည်။ နှမ်းဈေးကလည်း တက်၏။ နှမ်းတစ်စေ့နှင့် ဆီမဖြစ်ဟု မည်သူပြောနိုင်အံ့နည်း။ မြစ်ရေအတက်မှာ နှမ်းဈေးအတက်၊ ထို့နောက် စပါးဈေးအတက်၊ ဒိုင်ကလည်း လယ်သမားကို ငွေကြိုပေးသည်။ လယ်သမားလက်မှာ စပါးက အပြည့်၊ ဆန်စက်တွေမှာတော့ စပါးကို မျှော်နေသည်။ အိမ်ရှင်မက ငွေပိုရင် ဆန်ဝယ်ထားဖို့ ကောင်းတယ်ဟု မရဲတရဲ ဆိုသည်။ အိမ်ဦးနတ်က သက်ပြင်းချ၏။

တကယ်တော့ မြစ်ကြီး၊ မြစ်ငယ် အသွယ်သွယ် စီးဆင်းနေသော မြန်မာပြည်မှာ မြစ်ရေကြီးခြင်းက နှစ်စဉ်ကြုံရမြဲ ဓမ္မတာ။ နယုန် ဖွန်လမှသည် စက်တင်ဘာ၊ အောက်တိုဘာ၊ သီတင်းကျွတ်အထိကား မြစ်ရေကြီးသော ကာလဖြစ်၏။ မြစ်ဖျားမှသည် အရင်းအထိ မြန်မာပြည်၏ ကျောရိုးသဖွယ် စီးဆင်းသော ဧရာဝတီ၊ ထို့အတူ ချင်းတွင်း၊ ထို့အတူ စစ်တောင်း၊ ထို့နောက်ဟို . . . တရုတ်ပြည်မှာ မြစ်ဖျားခံပြီး မြန်မာပြည်အရှေ့ခြမ်းမှာ ဖြတ်သန်းကာ မုတ္တမပင်လယ်ထဲစီးဝင်သော သံလွင်တို့သည် ကျယ်ပြန့်စွာ ရေကြီးလေ့ရှိ၏။

ဇူလိုင်၊ ဩဂုတ်လများဆိုလျှင် မုတ်သုံက အားကောင်းလာသည်။ မြောက်ဖျားမှာ မိုးသည်းထန်စေသည့် လေပေါ့ချိုင့်ဝှမ်းကလည်း ဟိမဝန္တာ တောင်တန်းမှာ သုံးလေးရက်ဆက်တိုက် တည်ရှိနေတတ်သည်။ ထိုအခါမိုးက မပြတ်တမ်း ဆက်တိုက်ရွာတော့၏။ နှစ် ၂၀ အတွင်း၊ ၁၆နှစ်အတွင်း၊ ၁၀ နှစ်အတွင်း စသည်ဖြင့် အမြင့်ဆုံးမိုးရေချိန်လက်မများကို စံချိန်တင်ကြသည်။

တချို့နယ်များဆိုလျှင် တစ်နေ့တည်း ၁၀ လက်မကျော်။

ထိုသို့သော မိုးလေဝသ အခြေအနေများကြောင့် မြစ်ကြီးများ၏မြစ်ဖျားပိုင်းမှ ရေလှိုင်းကြီးများမှာ မြစ်အောက်ခြေ မြစ်ဝကျွန်းပေါ်အထိ ဆင်းသက်

လာကာ ရေကြီးတတ်သည်။ လျှပ်တစ်ပြက်၊ ရုတ်တရက်ရေကြီးခြင်းမျိုးလည်း မြစ်ငယ် ချောင်းငယ်များတွင် ဖြစ်တတ်သေးသည်။ သည်ရာသီတွင် မုန်တိုင်းကြီးများ၊ လေပွေလှိုင်းများ ရုတ်တရက် ဖြစ်ပေါ်မှုကြောင့် လျှပ်တစ်ပြက် ရေ ကြီးတတ်သည်။

၁၉၆၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နှစ်ပေါင်း (၃၂)နှစ်အတွင်း မြစ်ရေကြီးမှုများကို လေ့လာကြည့်ပါက ဧရာဝတီတွင် မြစ်ကြီးနားမြို့မှ ဟသ်ာတမြို့အထိ (၇)နှစ်မှ (၂၁)နှစ်အထိ မြစ်ရေကြီးခြင်းခံခဲ့ရသည်ဆို၏။ ချင်းတွင်းမြစ်တွင်မူ ခန္တီးမြို့မှ မုံရွာမြို့အထိ (၁၀)နှစ်မှ (၂၅)နှစ်အထိ မြစ်ရေကြီးခြင်းခံခဲ့ရသလို၊ ဒုဋ္ဌဝတီမြစ်သည် သီပေါမြို့၌ (၃)နှစ်၊ မြစ်ငယ်စခန်း၌ (၂၆)နှစ် ရေကြီးခဲ့သည်ဟု သိရ၏။ မြစ်သာမြစ်သည် ဂန့်ဂေါစခန်းမှာ (၃)နှစ်၊ကလေးဝစခန်းတွင် (၂၆)နှစ်၊ မဒေါက်တွင် နှစ် (၃၀)ရေကြီးခဲ့သည်။ သံလွင်မြစ်မှာမူ ဘားအံ၌ (၂၈)နှစ်၊ ရွှေကျင်မြစ်က ရွှေကျင်မြို့တွင် (၁၅)နှစ် မြစ်ရေကြီးခဲ့သည်ဟု သက်ဆိုင်ရာက ထုတ်ပြန်ခဲ့လေသည်။

ယခုလိုရာသီသည် မြစ်ကမ်းနံဘေး နေထိုင်သူတို့အတွက် မြစ်ရေကြီးခြင်း အန္တရာယ်ကို ရင်ဆိုင်ရတတ်သလို အညာဒေသတွင် ရှိသော ချောင်းမြောင်းများမှာလည်း အထက်ဆီ မိုးညို့နေပြီဆိုလျှင် ချောင်းကို ဖြတ်ကျော်မိပါက ဝါးလုံးထိုးဆင်းလာသော တောင်ကျရေ အန္တရာယ်များလည်း ကြုံရတတ်သေးသည်။ မြစ်ရေကြီးခြင်းအန္တရာယ်များကား ဖွံ့ဖြိုးပြီး နိုင်ငံကြီးအချို့ပင် ကြုံရတတ်၏။ သို့သော် လူသားစွမ်းအင်နှင့် သူနိုင်ကိုယ်နိုင်ပိတ်ဆို့ကာကွယ်ခြင်းဖြင့် ယှဉ်ပြိုင်ရသည်က အကျိုးကျေးဇူးတစ်စုံတစ်ရာရှိပါ၏။ မိုးရာသီမိုးရွာလျှင် ရေကြီးမှာပဲ၊ ကိုယ့်ထိုက်နှင့် ကိုယ့်ကံဆိုကာ ပေလယျာကံလုပ်ထားလို့ကားမရ။ ကောနေသော မြစ်ကြောင်းများ တူးဖော်ပြုပြင်ခြင်း၊ ပထဝီနည်းကျ မြစ်ဝှမ်းဒေသများအား ပြုပြင်ထိန်းသိမ်းခြင်း၊ စနစ်မှန်ကန်သော ရေလှောင်ကန် တမံဆည်များတည်ဆောက်ခြင်း၊ မြေအောက်တွင် ရေသိုလှောင်သောနည်း အသုံးပြုခြင်းစသည်ဖြင့်လည်း ကြိုတင်ကာကွယ်ရပေမည်။

သြော် . . . မိုးခေါင်ပြန်တော့ ရေ . . . ရေ . . . ရေ . . . ။ မိုးကြီးပြန်တော့လည်း ရေ . . . ရေ . . . ရေ . . . နှင့်၊ ထို "ရေ"၏ စွမ်းအားကိုသာ အသုံးချနိုင်ပါက ကိစ္စများမြောင်လူတို့ဘောင်မှာကား အမြဲတစေလင်းလက်သာယာပေလိမ့်မည်။

# သောက်တော်ဘူးရယ်က
# အို မကွာ၊ အို . . . မကွာ

နတ်ပွဲတွေ တစ်နှစ်ပြီးပြန်ပေါ့ . . . ။

ရောင်းပန်းဝယ်ပန်းအတွက် . . . ။ အပြောင်းအရွှေ့အတွက်၊ အတိုးအတက်အတွက်၊ အထိုးအခုတ်အတွက်၊ အတက်အကျအတွက်၊ အနိမ့်အမြင့်အတွက်၊ အကြံအဖန်အတွက်၊ အဖြစ်သနစ်အတွက်၊ အလိမ်အညာအတွက်၊ အကျော်အမော်အတွက်၊ အနိမ့်အပါးအတွက်၊ နေမြဲစားမြဲအတွက်၊ အရှံအပွား အတွက်၊ . . . အတွက်၊ . . . အတွက်၊ . . . အတွက်၊ အတွက်ပေါင်းများစွာ အတွက်လာကြ၏။ သွားကြ၏။ ပူဇော်ကြ၏။ ပသကြ၏။ နားပူကြ၏။ ပူဆာ ကြ၏။ ကတိကဝတ်ပြုကြ၏။ ဦးတိုက်ကြ၏။ ပွဲတက်ကြ၏။ ပွဲပေးကြ၏။ သောက်ပွဲကျင်းပကြ၏။ ပေးကြ၏။ ယူကြ၏။ ရောင်းကြ၏။ ဝယ်ကြ၏။ ရာဂဈာန်းတော့ မရတော့ . . . ။ ထောင်ဂဈာန်းနှင့်တော့ မရတော့ . . .၊ သောင်းဂဈာန်း . . . ဟင့်အင်း . . . ။ သိန်းဂဈာန်း၊ သန်းဂဈာန်းတွေဟု ဖြစ် ကုန်တော့၏။

ဘီးဘီး ဘာဘီးလဲ . . .၊

သနပ်ခါးဘီး . . .၊

သနပ်ခါးစော်နံ ပြန်ပါဦး။

ဘီးဘီး ဘာဘီးလဲ . . .၊

ရွှေဘီး . . .၊

ရွှေစော်နံ ပြန်ပါဦး။

ဘီးဘီး ဘာဘီးလဲ . . .၊

စိန်ဘီး . . .၊ ဒေါ်လာဘီး . . .။

ဘီးတန်ဖိုးတွေလည်း တက်ကုန်၏။ ရှေးလူကြီးသူမများကတော့ အုတ်နှစ်ချပ်လပ်သော ဆုတောင်းပြည့်ဘုရားပွဲမှသည် နတ်ပွဲအဖြစ် ပြောင်းလဲ သွားပုံကို ရာဇဝင်များဖြင့် တဖွဲ့တနွဲ့ပြောပြတာ ကြားဖူးပါ၏။ ယခုနတ်ပွဲမှ

သည် . . .၊ အရက်ပွဲတော်ကြီးအဖြစ် ပြောင်းလဲသွားတာ ရာဇဝင်နှင့် ချီစရာ မလိုတော့ . . .၊ နေ့ချင်း ညချင်း . . .၊ မျက်စိအောက်မှာပင် ဖြစ်သည်. . .။ အရက်ဆိုင်းဘုတ်ကြီးတွေ ဟည်းထ။ အရက်ကြော်ငြာကြီးတွေ ဟည်းထ။ ပွဲတော်ကြီးတစ်ခုလုံး လက်ထဲထံမှောက် အရက်ခွက်က ရောက်လာသည်။ ဟော . . . တစ်ခွက် ဟော . . . တစ်ခွက်။

ပေါလိုက်တဲ့ အရက်၊ များလိုက်ပါတဲ့ အရက်. . . ။

အရက်ပေါမှတော့ . . . ကျန်တဲ့နောက်ဆက်တွဲတွေလည်း ပေါမှာပေါ့. . .။

အရက်မူးမှတော့ . . .  ဘယ်သူမှ တရားထိုင်နေမှာ မဟုတ်။

ဘယ်သူမှ ပုတီးစိပ်မှာ မဟုတ် . . . ။ ဘယ်သူမှ ချိုသာသော စကားကို ပြောမှာမဟုတ်၊ သွေးဆူကြွဖွယ်ရာ နတ်ဒိုးသံကလည်း တခြိမ့်ခြိမ့်။ သူယောင်မယ်များကလည်း လူလုံးတပြပြ . . .။ ကကြ၊ ခုန်ကြ၊ ပျော်ကြ၊ ပါးကြ၊ သောက်ကြ၊ စားကြ . . . ။

အမေကတော့ ပြောဖူးသည်။ "မန္တလေးမှာ သကြ်န်ပွဲ၊ တောင်ပြုံးပွဲ၊ ရတနာ့ဂူပွဲ၊ စစ်ကိုင်းတောင်ကထိန်ပွဲများမှာမှ အိမ်ထောင်မကျလျှင် မိန်းမရမှာ မဟုတ်တော့"တဲ့။ ဒီစာဆိုက အမေတို့ ငယ်ငယ်ကအတွက်ပဲ ဖြစ်မည်။

အခုနေ . . . တောင်ပြုံး၊ ရတနာ့ဂူပွဲက တွေ့လာတဲ့ မိန်းမနှင့်များ အမေ့သား ရ၊ရလျှင် အမေရင်ကျိုးပေလိမ့်မည်။

ကြာလျှင်ဖြင့် . . . မိကောင်း၊ ဖခင်သားသမီးတွေက သည်နတ်ပွဲ သွားရဲမှာ မဟုတ် . . .။ ရွှေခြေကျင်းဝတ် စျေးချိုသူ၊ ရွှေဆိုင်တန်းသူတွေလည်း အနားကပ်ရဲမှာ မဟုတ် . . .။

ဤသို့ဖြင့် . . . နတ်ပွဲများလည်း တစ်နှစ်ပြီးချေပြီ။

# တော်သလင်း

“တိုင်းမြန်ပြေ လှိုင်းလေငြိမ်လို့ရှင်း
တော်သလင်း ကန်ရာသီအခါဝယ်
ဧရာ ရေယဉ်ကျူး သင်ဖြူး၊ ငွေရောင်ခြယ်
အာဒိစ္စဝံသနတ်နေနွယ်
မြန်မာမင်းအဆက်ဆက် လက်ထက်တော်အခါဝယ်
အာကာသ ဂင်္ဂါရေယာဉ်ဖြာသွယ်
မန္တကီကောင်းကင်နတ် မြတ်တွင်းဝယ် . . . ”

**(မြို့မငြိမ်း၊ ရေခင်းတော်)**

# အေးစေခြင်းရယ်

"ပူသမျှမူစလို့ တင်လိုက်မယ်
ကမ္ဘာမီးဗျာကြီးသူ ဒုက္ခဆွေးတာက အေးကွက်မလွယ်။
သူရိယာခုနစ်စင်းကဲ့သို့ ဖေပူတအလွန်ပြင်းပါဘိ၊
ရင်တွင်းမှာတဲ့ မလင်းအင် ကင်းစင်လို့ ဝိညာဉ်ပြောင်း။
အခုလေ ဒုတမေဝါဝါဝင်းရယ်လို့
လေးဖေကို အေးစေခြင်းရယ်နှင့်ကွယ်၊
နှင်းရေနှင့်လောင်း။"

**(ရွှေးလေးချိုး)**

ဥတုရာသီက ပူလှသည်။ ယေဘုယျအားဖြင့် "တော်သလင်းနေပုစွန်သေ"ဟု ဆိုသောကြောင့် ပူတယ်လေ ဆယ်နေကဲပေလိမ့်မည်။ ပူချင်သလောက်ပူ ဆက်တိုက် တသမက်တည်းပူနေလျှင် သက်သာရာသက်သာကြောင်း အရိပ်ရှာကြဖို့ပဲ ဖြစ်ပါသည်။ အပူရန်သူကို ဘယ်သို့ဘယ်ပုံ ခုခံကာကွယ်ရမည်ဆိုသော ဗျူဟာကို တသမတ်တည်း ချမှတ်နိုင်ပေ၏။ သို့သော် ဤသို့မဟုတ်။ ဥတုရာသီက လှည့်ဖျားလှချေ၏။ ယခုခြစ်ခြစ်တောက်ပူသည်။ ဟော တခဏချင်းပဲ အနောက်တောင်ဆီက မိုးသားတွေ ညို့ခနဲ တက်လာကာ တစ်မိုးလုံး ညို့မှိုင်း၊ အုံ့ဆိုင်းလာပြီ မိုးသီးမိုးပေါက်တွေ သွန်ချလိုက်ပြန်၏။ ပူသောကြောင့် ပူခြင်း သက်သာအံ့ငှာ ပြင်ဆင်နေဆဲ အအေးဓာတ်ဖြင့် ရုတ်ချည်းဝင်ရောက်ထိုးနှက် လိုက်သည့်ပုံမျိုး။

စွပ်ကျယ်လက်ပြတ် ယပ်တဘုံးဘုံးခတ်ကာ သစ်ပင်ရိပ်ခိုနားနေလို့ ချွေးမတိတ်မီ အေးစိမ့်မိုးရေစက်တွေ ထိမှန်ခံလိုက်ရပြန်၏။

ခု . . . ပူ။ ခု . . . အေး။

ထိုအခါ ပူခုခံမှု ဗျူဟာက အသားမကျမီ အအေးဓာတ်ဖိစီးပြန်တော့ ၁၈၀ ဒီဂရီပြောင်းလဲကာ ဗျူဟာ ပြောင်းပြန်မလှန်နိုင်မီ အငိုက်မိတိုက်ခိုက်ခံရသူချည်းမို့ နှာတချီချီ၊ ချောင်းတဟွတ်ဟွတ်ဖြစ်ကုန်ရပြန်တော့၏။ ကမ္ဘာ့ရေ

မြေဖြစ်စဉ်သီအိုရီ။ လူ့ယဉ်ကျေးမှုဖြစ်စဉ် သီအိုရီများ ကပြောင်းတိကပြောင်း ပြန် ဖြစ်ကုန်ခြင်း၏ အစိတ်အပိုင်းတစ်ခုပဲဟု မှတ်ယူရဖွယ် ဖြစ်ပေမည်။ စည်းရိုးမဲ့။ အကန့်အသတ်မဲ့၊ နယ်နိမိတ်မဲ့ ကမ္ဘာလုံးဆိုင်ရာအတွေးအမြင်များ ယဉ်ကျေးမှုများဟု တွင်တွင်အော်နေချိန်တွင် လူမျိုးရေးဆိုင်ရာ ဘာသာရေး ဆိုင်ရာအစွန်းရောက်အယူအဆများက ခေါင်းထောင် လွှမ်းမိုးလာပြန်၏။ ကိုင်း ဘယ်မလဲ ကမ္ဘာလုံးဆိုင်ရာ သီအိုရီ။

ကမ္ဘာလုံးဆိုင်ရာ မပြောပါနှင့် နိုင်ငံတစ်နိုင်ငံ၊ မြို့တစ်မြို့၊ ကိုယ်ပိုင် မိသားစုတစ်စုဆိုင်ရာပင် လုံခြုံမှုတွေ အာမခံချက်တွေ မရှိနိုင်တော့။ အိပ်လို့ ပျော်၊ စားလို့ ဝင်နိုင်ဖွယ် ဘယ်မှာ မရှိ။ စေ့စေ့တွေးကြည့်ပြန်တော့ ရုပ်ပိုင်း ဆိုင်ရာ အတတ်ပညာတွေ ပလူပျံနေခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ လူ့ယဉ်ကျေးမှု နှလုံးသားနူးညံ့မှုများ၌ သာမန်ထက်ပင် ယုတ်လျော့နိမ့်ကျသွားခြင်း လက္ခဏာ များ၏ အကျိုးဆက်များဟုပဲ မှတ်ယူကြရပေမည်။ ယဉ်ကျေးမှုအခြေခံများကို အောင်မြင်ကျော်လွှားဖြတ်သန်းသွားပြီးကြသည့် "ယနေ့လူကြီး"များပင်လျှင် အတတ်ပညာများ၏ သွေးတိုးမှုကြောင့် လူ့စည်း၊ လူ့စံများ ရိုက်ချိုးပစ်လိုက်ကြ ပြီဆိုလျှင် 'ဦးနှောက်တံခါး'ကျယ်ကျယ်ပွင့်ဖို့၊ ဖွင့်နိုင်ဖို့ ကျားကုတ်ကျားခဲ ကြိုးပမ်းနေရမှုကြောင့် 'နှလုံးသားတံခါး'မဖွင့်မိဘဲ မေ့လျော့နေခဲ့ကြသည်။ သို့မဟုတ် နှလုံးသားတံခါးဖွင့်ရန် မလိုဟု တစ်ထစ်ချယုံကြည်ထားခဲ့ကြ သည်။ "ယနေ့လူငယ်"တချို့၏ "နောင်ဝယ်လူကြီး"အချိန်ကာလကို မှန်းဆ ကြည့်လိုက်မိလျှင်ပင် "ကမ္ဘာမီးဗျာကြီးသူ ဒုက္ခဆွေးတာက အေးကွက် မလွယ်" ဟု ငြီးတွားရပေတော့မည်။

ကမ္ဘာလုံးဆိုင်ရာ ငြိမ်းအေးစေခြင်း၏ ကြောင်းခြင်းရာကား 'နှင်းရေ' နှင့်တူသော 'လူ့ယဉ်ကျေးမှု၊ နှလုံးသား နူးညံ့မှု'များ အဆင့်အတန်းမြင့်မား ဖြစ်ထွန်းဖုံးလွှမ်းစေရေးပင် ဖြစ်ပေ၏။

ထိုအခါမှသာ လူ့သမိုင်းဖြစ်စဉ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်မှန်၊ ဥတု မှန်၊ ရာသီမှန်။

# မန္တလေးဝါတွင်း

ဘာလိုလိုနဲ့ တော်သလင်းရောက်လာပြီ။ တစ်ဝါဆိုပြန်ပေါ့။ တစ်ဝါဆိုပြန်ပေါ့လို့ ပြောခဲ့ရတာ ဘာကြာလို့တုန်း။ ဒီလိုနဲ့ ဝါကျွတ်ပေတော့မည်။ ဝါဝင်ခြင်း၊ ဝါကျွတ်ခြင်းဆိုတဲ့ အမှတ်အသားကလည်း တောကျေးလက်နဲ့ မြို့ကြီးတချို့မှာသာ ကျန်တော့မှာပါ။ မန္တလေးလို မြန်မာအများစုရဲ့ အမွေအနှစ်ကျန်ရစ်ပါပေတယ်လို့ စံပြုခဲ့ရဖူးတဲ့ မြို့မှာလည်း ဝါဝင်၊ ဝါတွင်း၊ ဝါ ကျွတ် လက္ခဏာတွေဟာ ရောင်းဟယ်၊ ဝယ်ဟယ်၊ သွားဟယ်၊ လာဟယ်နဲ့ တချို့ဥပုသ်ဆိုရင် မေ့လျော့သွားတာမျိုးတောင် ရှိတတ်ပါတယ်၊ “လောကီဘုံ ရှုပ်သမျှ မနုဿလူ့ပြည်၊ ဒုက္ခနှင့်အမှုပွေတယ် ဥပဒေဆိုစို့။ ထောင့်ငါးရာ ကိလေသာ တိရွှေကာ ဖြတ်မယ်ကိုယ်ဖို့ . . . ။ သံယောဇဉ်တဏှာနယ်၊ ဂရာကွယ်ပယ်လို့ မသဒ္ဒါဖွယ် ဘယ်မညို့ပါဘူး၊ ရွယ်သမို့၊ ရွယ်သမို့ တောဝယ် . . . ” လို့လည်း ဘယ်သူမှ မလုပ်နိုင်ကြသေးဘူး မဟုတ်လား။

အရင်က မန္တလေးဝါတွင်းဆိုတာ ဝါမဝင်ခင် တစ်ပတ်နှစ်ပတ်ကတည်းက ဝါတွင်းအတွက် ကြိုတင်ပြင်ဆင်ကြရတာအမော . . . ။ ဝါဆိုလပြည့်နေ့ဆိုရင် ဘယ်ဘုရားသွားမလဲ၊ မန္တလေးတောင်လား၊ ရန်ကင်းတောင်လား၊ စစ်ကိုင်းတောင်လား . . . ။

ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းသွားကြရအောင် သိမ်းဆည်းထားတဲ့ ဆွမ်းအုပ်၊ ဆွမ်းဗျပ်ပြင်သူပြင် . . . ။ ရိပ်သာသွားမယ့်သူကလည်းဘယ်ရိပ်သာကို ဘယ်ဥပုသ်အပတ်သွားကြမလဲ တိုင်ပင်သူ တိုင်ပင်။လူငယ်တစ်စုကလည်း အဖိတ်နေ့ ဆွမ်းကြီးခံထွက်ဖို့ ဓမ္မာရုံထဲမှာ သိမ်းဆည်းထားတဲ့ ဆွမ်းခံဗျပ်၊ ဆိုင်းထမ်းစတဲ့ ပစ္စည်းတွေ ထုတ်ပြီး ဆေးကြောကြ . . . ။

မန္တလေးဆိုတာကလည်း လေးပြင်လေးရပ် ဘုန်းကြီးကျောင်းကြီးတွေနဲ့အပြည့် ဝန်းရံထားတာ မဟုတ်လား။ ရာချီရှိတဲ့ ကျောင်းတိုက်ကြီးတွေမှာ ထောင်ချီရှိတဲ့ ကျောင်းများက သောင်းချီရှိတဲ့ ရဟန်းသံဃာတွေဟာ မြို့သူမြို့သားတွေရဲ့ ကိုးကွယ်ဆည်းကပ်ရာတွေပါ။

မနက်လင်းရင် ဝါဝါထိန်နေတဲ့ သံဃာတန်းကြီးတွေ ကြေးစည်တဝေဝေနဲ့ မန္တလေးရဲ့ အပြတွေတိုင်း ဆွမ်းခံကြွကြွတဲ့ မြင်ကွင်းတွေလည်း ကြည်နူးစရာတွေပါပဲ။ အိမ်တစ်အိမ်မှာလည်း အနည်းဆုံး ဆွမ်းခံထိုင်ကိုယ်တော် သုံးပါးရှိနေတတ်ပါတယ်။

ဒီတော့ ဝါဝင်ပြီဆိုရင် မိမိကိုးကွယ်ရာ ဘုန်းကြီး၊ မိမိဇာတိဘုန်းကြီးစသည်ဖြင့် ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းမထပ်ရအောင် ဆွမ်းပို့ကာ သီလသီတင်း ဆောက်တည်ခဲ့ကြတာပေါ့။ ကလေးတွေကလည်း ဒီဥပုသ် ဘုရားကြီးတိုက်သွားမှာ၊ နောက်ဥပုသ်သင်္ဂဇာတိုက်ကွ၊ နောက်လာမယ့် ဥပုသ်ဆိုရင် အင်းကမ်းတိုက်ဆိုပြီး လက်ချိုးရေတွက်ပျော်မြူးနေကြရပါတယ်။ ဝါအဝင် ဝါဆိုလပြည့်ဆိုရင်တော့ မဟာမုနိဘုရားကြီးကို မရောက်ရောက်အောင် သွားကြမယ်။ ရပ်ကွက်ထဲက မြင်းလှည်းကိုလည်း ပြောထားပြီးပြီဆိုရင် ပျော်လိုက်တာ မပြောပါနဲ့တော့။

ဘုရားကြီးရောက်ရင် ဘုရားဖူးတယ်။ ပြတိုက်ထဲက မင်းတုန်းမင်းကြီး၊ သီပေါမင်းနဲ့ စုဖုရားလတ်ပုံတွေကြည့်မယ်။ ကိုယ်လုံးပေါ် ကျောက်မှန်ကြီးတွေလည်း မြင်ရဦးမှာ။ ကြေးရုပ်ကြီးတွေ ချက်လည်းနှိုက်မယ်။ လိပ်ကန်လည်း သွားမယ်။ အရှေ့စောင်းတန်းခါးပြတ်မှာ ရွှေရင်အေးလည်း သောက်မယ်။ ဖိုးဝရုပ်နဲ့ ဓီးကွက်ရုပ်လည်း အမေကဝယ်ပေးမှာ သေချာတယ်။ ဟင့်အင်း . . . ဒီနှစ်တော့ ပစ်တိုင်းထောင်ရုပ်နဲ့ အိုးစည်ပဲ လိုချင်တယ်။ အာနန္ဒာဘုရားကြီးလည်း သွားကြဦးမှာပေါ့။ ‘တင်တောင်၊ တင်တောင်’နဲ့ အရုပ်လေးတွေအတွက် လာတာ ကြည့်ရအောင် ငါးမူးစေ့တွေ စုထားရအောင်။ အလှူလှည့်လာပုံ၊ ရှမ်းအိုးစည်အက၊ အင်္ဂုလိမာလ ဇာတ်လမ်းတွေကို အရုပ်သေတ္တာလေးတွေမှာ ကြည့်လို့မဝနိုင်။ ပြီးရင် ဂန္ဓကုဋီကြီးတောင်ဘက်မှာလည်း ရုပ်တုသရုပ်ဖော်ဇာတ်လမ်းတွေ ရှိသေးတယ်။ အဲဒီထဲမှာ ပဒုမပေါင်တိုဇာတ်ကို အကြိုက်ဆုံး၊ ဇာတ်လမ်းကို ရှစ်လုံးဘွဲ့ကဗျာနဲ့ ရေးထားတာ။

ပြီးရင် ကုသိန္နာရုံဘုရားလည်း သွားကြတယ်။ ဘုရားစောင်းတန်းမှာ ပါလာတဲ့ ထမင်းချိုင့်တွေဖွင့်ပြီး ထမင်းစားကြတာပေါ့။ ကုသိန္နာရုံစောင်းတန်းမှာ ထမင်းစားပြီးတစ်ရေးတစ်မော မှေးပြီးနားကြတာ၊ အပြန်မှာ ရှင်ပင်ပက်လက် ရေစက်လက်ဘုရား ဝင်တယ်။ ပြီးရင် သာသနာ့ဗိမာန်မှာ ဓာတ်လှေကားစီးကြတာပေါ့။ ဘုရားကြီးသွားရင် အဲဒီခရီးစဉ်အတိုင်း သွားနေကျပါ။ မြင်းလှည်းက တစ်နေကုန် အသွားအပြန်ဆိုရင် အစိတ်ပါပဲ။

ဘုရားကြီး မသွားရင် မန္တလေးတောင်၊ ဒါမှမဟုတ် ရန်ကင်းတောင် သွားကြတယ်။ အဲဒါဝါဆိုလပြည့်နေ့ ခရီးစဉ်။

ဝါဆိုလပြည့်နေ့မှာ ရပ်ကွက်ထဲက အရဏ်တော်အဖွဲ့တွေကလည်း မဟာမုနိဘုရားကြီးကို ပထမဆုံးဦးခိုက်ကြပါတယ်။ မြောက်ပြင်ဥပုသ်တော်အရဏ်တော်၊ အနောက်ပြင် ပေါက်ပေါက်တန်းအရဏ်တော်၊ ဈေးချိုသံဖြူတန်းက အုတ်ကလေးအသင်းအရဏ်တော်၊ မိတ္တအရဏ်တော်အသင်းကြီးတွေဟာ ရှေ့ဝင်းနောက်ဝင်းခင်းပြီး တီးဝိုင်းကြီးတွေ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ ခင်းကျင်းကြတယ်။

လပြည့်ကျော် (၁)ရက်မှာ ဝါဆိုပန်းကပ်ပွဲ။ ဘုန်းကြီးကျောင်းကြီးတွေက အကျွေးအမွေးတွေနဲ့ အပြိုင်အဆိုင်ဧည့်ခံကြတာ။ ဘယ်ကျောင်းက ကရင်ဆိုဒါ၊ ဘယ်ကျောင်းက ကြာဆံဟင်းနဲ့ပေါ့။ ကျောင်းတိုင်းမှာတော့ ညချင်းသုတ်ပါတယ်။ ညချင်းသုတ်ဆိုတာ ကြက်သွန်ကို ပါးပါးလှီး၊ ချင်းကလေး နည်းနည်းထည့်ပြီး သံပုရာသီးနိုင်နိုင်ညှစ်ပြီး သုတ်ထားတာ။ တချို့ကျောင်းတွေက တီးဝိုင်းတွေ အဆိုအကတွေ ပါကြသေးတယ်။ အနောက်ပြင်စကုတိုက်က ရွှေမန်းကျောင်းမှာဆိုရင် နှစ်စဉ် ဝါဆိုပန်းကပ်ပွဲမှာ အဆိုအတီးအကတွေ အမြဲပါတယ်။ ဆိုကြကကြတာက ကျောင်းဒကာ ရွှေမန်းဦးတင်မောင်၊ ကျောင်းအမဒေါ်သိန်းညွန့်နဲ့ သားကိုညွန့်ဝင်း၊ ကိုဝင်းဗိုလ်၊ ကိုဆန်းဝင်း၊ ကိုဝင်းမောင်၊ ကိုချမ်းသာတို့ပဲပေါ့။ ကျောင်းရှေ့ကွက်လပ်ကြီးမှာ စင်ကြီးထိုးပြီး တစ်ညနေလုံး ဆိုကြ ကကြနဲ့ ကျောင်းဝင်းကြီး အပြည့် ပရိသတ်က ကြိတ်ကြိတ်တိုး . . . ။

မန္တလေးဘုန်းကြီးကျောင်းဝင်းကြီးတွေဟာ ပြလုံးပေါက် အကျယ်ကြီးတွေ၊ သစ်ရိပ်ဝါးရိပ်ကြီးတွေ ကောင်းတယ်။ ကျောင်းတိုက်ကြီးတွေကလည်း ရတနာပုံခေတ်မှာတည်တဲ့ အုတ်တိုက် နှစ်ထပ်ကျောင်းကြီးချည်းပဲ။ သရက်ကင်း အုတ်လှေကားကြီးတွေ (၆)စင်းနဲ့။ အပေါ်ထပ်မှာ ကျွန်းတိုင်လုံးကြီးတွေမှာ ရွှေပိန်းချလို့၊ မျက်နှာကျက်မှာလည်း ရွှေဇဝါပန်းတွေနဲ့။

ကျောင်းထဲမှာ သရက်ပင်၊ သဘော်ပင်၊ မာလကာပင်၊မန်ကျည်းပင်၊ သြဇာပင်တွေကလည်း ခူးလို့ မကုန် စားလို့မကုန်။ အနှစ်သက်ဆုံးကတော့ တရုတ်စကားပင်တွေပါ။ တရုတ်စံကားပွင့်လေးတွေက ကျောင်းမြေတလင်းမှာ ကြွေကျနေတာ ကဗျာဆန်တယ်ပြောရမလိုပါပဲ။ တရုတ်စံကားပွင့်ရနံ့ကလေးကလည်း သင်းလို့။ ဘုန်းကြီးကျောင်းဝင်းထဲရောက်ရင် ငယ်ငယ်ကတည်းက ခံစားရတာ စိတ်ကြည်လင်တယ်။ အေးချမ်းတယ်။ ငြိမ်သက်တယ်။ သန္တရသ။

တချို့ဝါတွင်း ဥပုသ်တွေမှာတော့ ရိပ်သာတွေကို လိုက်သွားရတယ်။ စိန်ပန်းရိပ်သာ၊ နဂါးရိပ်သာ၊ ဝါခင်းကုန်းရိပ်သာ၊ ဇောဓိရိပ်သာ၊ ဓမ္မစကြာရိပ်သာတွေကို အသွားများတယ်။ ရိပ်သာတွေကလည်း သစ်ရိပ်ဝါးရိပ်သိပ်

ကောင်းတယ်။ စမ်းရေလေးတွေ စီးနေတယ်။ ကမ္ဘဋ္ဌာန်းကျောင်းကလေးတွေက ငြိမ်သက်နေတယ်။ မြေပြင်က သန့်ရှင်းပြန့်ပြူးတယ်။ ဓမ္မကထိကဆရာတော်၊ ကမ္မဋ္ဌာန်းပြဆရာတော်ရဲ့ တရားသံက သိမ်မွေ့စွာ စီးမျောနေတယ်။ ရိပ်သာတွေလိုက်သွားရင်တော့ မပြေးရဘူး၊ မဆော့ရဘူး၊ ငြိမ်ငြိမ်လေးနေရတာပေါ့။ ဒါပေမဲ့ ပျော်စရာကောင်းပါတယ်။ ကမ္မဋ္ဌာန်းကျောင်းလေးရှေ့မှာ စီးနေတဲ့ ရေမြောင်းလေးထဲမှာ ငါးကလေးတွေကို ကြည့်နေရတာ။ ဒါမှမဟုတ် ကိုင်းနေတဲ့ ထနောင်းပင်ရဲ့ အမြစ်ဆုံကြီးတွေကြားမှာ ပါလာတဲ့ ပုံပြင်စာအုပ်လေးကို ဖတ်ရတာ အရသာပေါ့။

တစ်ခါတလေ ဓမ္မကထိကဆရာတော်က အပြောအဟောကောင်းကောင်းနဲ့ ဇာတ်ကြီးဆယ်ဘွဲ့လို၊ ငါးရာ့ငါးဆယ်နိပါတ်လိုဟောပြောတာကို နာယူရတာ မှတ်သားစရာတွေချည်းပါပဲ။ ရာဟုလာအမွေတောင်းခန်း၊ ရှင်သာရိပုတ္တရာပရိနိဗ္ဗာန်စံခန်း၊ မပဒါကိုဒါသဇာတ် စတာတွေဟာ ဓမ္မကထိကဆရာတော်ရဲ့ အပြောအဟောကြောင့် ဒီနေ့ထိ အမှတ်ရတာပေါ့။

အရင်တုန်းက မန္တလေးမှာ ဥပုသ်နေ့ဆိုရင် အားလုံး အလုပ်နားကြပါတယ်။ ကလေး၊ လူငယ်၊ လူလတ်၊ လူကြီးမကျန် ဘုန်းကြီးကျောင်းမှာ စုကြတယ်။ ရပ်ရေးရွာရေး၊ လူမှုရေးစတာတွေ ရေနွေးကြမ်း တဖူးဖူး မှုတ်သောက်ရင်း ပဲလှော်ကြော်သုပ်တစ်ဇွန်းဝါးရင်း၊ ကွမ်းညှပ်ကြီးတချောက်ချောက် ညှပ်နေတဲ့ ရပ်ရွာဘုန်းကြီးရှေ့မှာ ပြောကြ၊ ဆိုကြတိုင်ပင်ကြတယ်။ တစ်ခါတစ်ခါ ဘုန်းကြီးက အနားမှာရှိတဲ့ ထွေးခံကြီးဆွဲ၊ ကွမ်းတွေ ဖွီးခနဲထွေးပြီး ဝင်ရောက်မိန့်ကြားပါတယ်။ ပြီးရင်သီလယူ၊ ဘုန်းကြီးကျောင်းက ဆွမ်းကျန်ဟင်းကျန်ကို ဝိုင်းဖွဲ့စား။ ဘုန်းကြီးစွန့်တဲ့ အချိုပွဲမှာ လမုန့်၊ ထိုးမုန့်၊ မလိုင်ပေါက်စီ၊ မလိုင်ကရေကရာ၊ နာနတ်သီး၊ အုန်းမှန်ကူ၊ လက်ဖက်သုပ်တွေက အမြဲပါတာပေါ့။ အဲဒီလို အစားအသောက်မျိုးတွေကြောင့်လည်း ဝါတွင်းဥပုသ်တွေကို မမေ့တာပါတယ်။

အခုလို မြစ်ရေကြီးတာဆိုရင် ဟို . . . အနောက်ဖက်တာရိုးပေါ်က ကူကြီးကုန်းရိပ်သာတို့၊ ရှင်အရဟံ သိမ်ဘုရားတို့ဆီလည်း ဥပုသ်နေ့တွေမှာ သွားကြသေးတာပေါ့။ မြစ်ရေက ကူကြီးကုန်းဘုရားခြေရင်းထိ ရောက်နေပြီ။ မန်ကျည်းပင်ကြီးတွေလည်း ရေထဲမှာ . . .။ လူကြီးတွေအလစ်မှာ လှေခိုစီးကြတော့ လူကြီးတွေလည်း ဥပုသ်ကြီးနဲ့ ရင်တမမ အော်ရဟစ်ရ . . . ။

တော်သလင်းလပြည့်ဥပုသ်နေ့ရောက်တော့ မျှော်ရတာတစ်ခုရှိသေးတယ်။ ဈေးချိုသံဖြူတန်းက ရတနာပုံ ဥဿဘောဇနေအသင်းလို့ ခေါ်တဲ့အုတ်ကလေး အရဏ်တော်အသင်းက မန္တလေးကျောက်တော်ကြီးဘုရားကိုဆွမ်းကပ်

သွားတယ်။ အုတ်ကလေးအသင်းက ဈေးချိုဆင်တံတား၊ ကိုင်းတန်းဈေးက ပွဲစားကုန်သည်တွေ အများစု. . .။ ဆွမ်းအုတ် နှစ်လုံးကို ဆိုင်းထမ်းနဲ့ထမ်းရတာ။ ထမ်းပိုးလေးကလည်း ရာမလေးကောက်လို ပန်းခက်အကောက်လေးနဲ့ပါ။ ဆိုင်းထမ်းမှာလည်း ဇွန်ပန်း၊ စံပယ်ပန်းတွေနဲ့ အလှဆင်ထားကြတယ်။ အင်္ကျီအဖြူ လုံချည်အဖြူနဲ့ အရဏ်တော်သားဟာ ရွှေရောင်ဆွမ်းအုပ်၊ ရွှေရောင်ဆိုင်းထမ်းနဲ့ အလွန်လိုက်ဖက်လှပါတယ်။

တော်သလင်းအဖိတ်နေ့ခင်းမှာ ပြင်ဆင်ခင်းကျင်းပြီး အစီအစဉ်နဲ့ ဈေးချိုကနေ ကျောက်တော်ကြီးဘုရားကို သွားတာပေါ့။

ထူးခြားတာက အဲဒီအုတ်ကလေး အရဏ်တော်မှာပါတဲ့ တီးဝိုင်းက ရှမ်းအိုးစည်ဝိုင်းပါ။ တီးခတ်ပါဝင်သူတွေက ပိုးသားရှမ်းတိုက်ပုံ၊ ရှမ်းဘောင်းဘီ ခေါင်းပေါင်းအပြည့်အစုံမှာ ခါးစည်းပိုးပဝါတွေ၊ ထိပ်ပိတ်ရှူးဖိနပ်တွေနဲ့ ရှမ်းမင်းညီမင်းသားတွေအလား ထင်မှတ်ရပါတယ်။ နှုတ်ခမ်းမွေးစစကလေးလည်း အဲဒီပွဲအမီ မွေးထားကြတာ။ ရှမ်းအိုးစည်ကြီးကို လွယ်ထားသူက တဖိန့်ဖိန့်တီးပြီး အိုးစည်ကြီးနဲ့ မိန့်နေအောင် ကတယ်။ သံစုံမောင်းသံ တနောင်နောင်မှာ ဓားသိုင်းကသူတွေကလည်း သိုင်းကွက်အပီအပြင်နဲ့ လှလှရွရွလေးကကြတယ်။ သီဟသူရသိုင်းအဖွဲ့ဝင်တွေပေါ့။ သူတို့ကိုလည်း ဈေးချိုသူတွေက စောင့်ကြည့်ကြတာပေါ့။ ဒါကြောင့် အုတ်ကလေးအသင်း တော်သလင်းအရဏ်တော်ဆိုရင် အလှပြိုင်၊ အနုပြိုင်ကြတော့တာပါပဲ။

မန္တလေးမှာက ဥပုသ်သီတင်းအတွက် ဘုန်းကြီးကျောင်းတွေသာမက အရပ်တိုင်း၊ ဝင်းတိုင်းမှာလည်း စုပေါင်းကုသိုလ်ပါဝင် လှူဒါန်းထားတဲ့ ရပ်ကွက်ဓမ္မာရုံတွေက ဆိုင်ရာဆိုင်ရာ အရပ်သားတွေဟာ အဖိတ်နေ့တိုင်း ဓမ္မာရုံအတွက် ဆွမ်းကြီးခံထွက်ကြ၊ ဥပုသ်နေ့မှာ သီလပွဲလုပ်ကြ၊ ဘုန်းကြီးကျောင်းဆွမ်းတော်ကြီးပို့ကြပေါ့။ ရပ်ကွက်ဓမ္မာရုံဝေယျာဝစ္စအတွက် အလှူငွေကို တီးဝိုင်းလေးဖွဲ့ပြီး ပတ်စဉ်အလှူခံကြတယ်။ ရပ်ကွက်ထဲက ဝါသနာရှင်တွေ စုပြီး တီးကြမှုတ်ကြတာပါ။ ပညာရှင်တွေပေါတဲ့ တာရဲတန်းတို့ မြောက်ပြင်တို့က တီးဝိုင်းအဖွဲ့တွေကတော့ အဆိုအတီးတွေမှာ ပထမတန်းတွေပေါ့။ တစ်နှစ်တင် ပုလင်းဝင်းက တီးဝိုင်းတစ်ခုဟာ ပါတော်မူဇာတ်ကြီးကို အသံနဲ့အကျအန တင်ဆက်ဖူးတယ်။ တီးဝိုင်းကလည်း သီချင်း၊ ဇာတ်ပို့ရှာတာချိန်းစတာနဲ့အပီအပြင်၊ ပါတော်မူသီချင်းကိုလည်း အပီအပြင် . . .၊ တကယ်တော့ အဲဒီအချိန်မှာ ရုံဇာတ်ကြီးတစ်ဇာတ်က ပါတော်မူကို ကပြတာ သိပ်အောင်မြင်ပါတယ်။ ဒါပေမဲ့ သမိုင်းအချက်အလက်တွေက မှားနေတယ်။ မှားနေတဲ့ သမိုင်းအချက်အလက်တွေ ပရိသတ်ကြားပျံ့ကုန်ပြီ။ ဒီတင် ပုလင်းဝင်းရပ်က စာဖတ်တဲ့

လူငယ်တွေက အရဏ်တော်တီးဝိုင်းနဲ့ တစ်လမ်းဝင် တစ်လမ်းထွက် ပါတော်မူ သမိုင်းအမှန်ကို ခင်းကျင်းတုံ့ပြန်တာပါ။ ဝါတွင်းရက်တွေပါ ဖိတ်ကြားခံရလို့ အဲဒီ လူငယ်အဖွဲ့ မအားလပ်အောင် လှည့်လည်ဖျော်ဖြေရတာပေါ့။

နောက်တော့ မန္တလေးမှာ ဝါတွင်းဆိုရင် အရဏ်တော်တီးဝိုင်းတွေ ခေတ်စားလာပါတယ်။ စလွယ်နီ၊ စလွယ်စိမ်း၊ မိတ္တာ၊ ခဝါစုတီးဝိုင်းတွေက နာမည်ကြီးတွေပေါ့။ နောက် . . . ဖားကန့်ခေတ်ကောင်းတဲ့ ကာလမှာ မန္တလေး မြို့လယ်ခေါင်ဟိုတယ်၊ တည်းခိုခန်းကြီးတွေရှေ့မှာ အဲဒီတီးဝိုင်းတွေကို သီချင်း တစ်ပုဒ်နှစ်ရာငါးရာအထိ လှူပြီး တီးဝိုင်းကို ဆိုခိုင်းတဲ့ လော်ပန်တွေလည်း အပြိုင်အဆိုင်ဖြစ်လာတယ်။ တချို့တီးဝိုင်းဆိုရင် ဟိုတယ်တစ်လုံးရှေ့တင် မိုးလင်းသွားတတ်သတဲ့။ လှူတယ်တန်းတယ်ဆိုတဲ့ သဘောမျိုးထက် မူးပြီး ငွေကို ဖြုန်းနေတာမျိုး ဖြစ်မဖြစ်ဆိုတာလည်း စဉ်းစားစရာပါ။ ရပ်ကွက်ထဲက ဝါသနာရှင် လူငယ်တွေ စုစည်းတီးမှုတ်ကြတာအစားကြေးစားပညာရှင်တွေက အခကြေးငွေနဲ့ ကန်ထရိုက်ဆွဲပြီး ဓမ္မာရုံဆိုင်းဘုတ်ချိတ်တာမျိုးနဲ့ အရပ်ကို ရာခိုင်နှုန်းနဲ့ ပြန်လှူတာမျိုးတွေလည်း ဖြစ်လာပါတယ်။ ဘာပဲပြောပြော ဓမ္မာ ရုံလည်း အလှူငွေရ၊ ဝါတွင်းဇာတ်ခေါင်းကွဲနေတဲ့ ပညာရှင်တွေလည်း ဝင်ငွေ ရကြလို့ ကုသိုလ်လည်းရ ဝမ်းလည်းဝကြတာပေါ့။ ဒါပေမဲ့ ဒီနှစ်တွင်းမှာ တော့ တီးဝိုင်းအဖွဲ့တွေ မရှိသလောက်နည်းပါးသွားပါပြီ။ ပညာရှင်ဆိုသူတွေ လည်း တခြားအလုပ်လုပ်နေ . . . ။ ပွဲမိန့်အသံချဲ့စက်အသုံးပြုခွင့်တွေနဲ့ဆို တော့ တစ်နင့်တစ်ပိုးမဖြစ်ချင်ကြဘူးနဲ့ တူပါတယ်။ တချို့ဝင်းတွေကလည်း ဝင်းထဲမှာရှိတဲ့ ဓမ္မာရုံလေးသံယောဇဉ်နဲ့ မြို့သစ်ကတကူးတကမြို့ထဲလာရတာ ဆိုတော့ ဥပုသ်နေ့သီလပွဲလေးကိုပဲ မနည်းလုံးပမ်းကြရတာပေါ့။

တချို့အရပ်တွေကတော့ အဖိတ်နေ့မှာ ပလုတ်တုတ် ဗုံထောင်လေးနဲ့ ဆွမ်းကြီးခံထွက်ကြတာ ဒီနှစ်တွေ့နေရသေးတယ်။ ဗုံထောင်လေး ခေါက်တာ၊ စည်လေးလိုက်တာ၊ မောင်းကြီးကို စည်းချက်အကျ 'ဒူ'ခနဲ ထုတ်တာတော့ နောက်လူငယ်တွေလုပ်တတ်ကြပါတယ်။ ဒါပေမဲ့ နှဲနဲ့မောင်းဆိုင်းနဲ့ သံ ပတ္တလားနဲ့တော့ တီးခေါက်ပြီး ဟန်ကျပန်ကျ မလုပ်နိုင်ကြတော့ဘူး။ ဒီတော့ ဂီတာကို မြန်မာသံညှိပြီး မြန်မာသီချင်းတစ်ပုဒ်ကို လုံးကောက်တီးပြီးဆွမ်းကြီး ခံထွက်ကြတယ်။ တစ်မျိုးချစ်စရာကောင်းတဲ့ မြင်ကွင်းကလေးပါ။

ဒီနှစ်ဝါတွင်းမှာ ထူးထူးခြားခြား တစ်မြို့လုံးအနှံ့လှည့်ပြီး ပဋ္ဌာန်း ရွတ်ဖတ်တဲ့အဖွဲ့တွေလည်း ရှိလာပါတယ်။ သံဃာတော်များကို ကားတစ်စင်းနဲ့ ပင့်ပြီး မြို့လုံးအနှံ့ပဋ္ဌာန်းရွတ်တယ်။ လူငယ်တွေက ဦးစီးကြတာပါ။ ဘုရား တွေ၊ ဓမ္မာရုံတွေမှာလည်း အသံမစဲပဋ္ဌာန်းသံတစ်ရက်မှ ပြတ်တယ်မရှိဘူး။

ဝါပဥပုသ်တွေမှာလည်း မန္တလေးဟာ အလုပ်ပိတ်ရက်၊ ဈေးပိတ်ရက်ဖြစ်ခဲ့တာ အစဉ်အလာတစ်ခုပါ။ ဒီနှစ်တော့ လျှပ်စစ်မီးကြောင့် အလုပ်တော်တော်များများဟာ ဥပုသ်နေ့မီးလာရက်ဆိုရင် အလုပ်ဖွင့်ကြပါတယ်။ မီးပျက်မယ့် အဖိတ်သို့မဟုတ် ဥပုသ်ထွက်မှာမှ အလုပ်ပိတ်ကြပါတယ်။ ဒါပေမဲ့ ဝါတွင်းမှာတော့ ဘယ်လိုပင် မီးပျက်ပြီး ဥပုသ်နေ့မှာ လာပါစေ၊ ဥပုသ်နေ့အလုပ်ပိတ်ပါတယ်။ ဝါတွင်းဥပုသ်မှာတော့ ဥပုသ်စောင့်အနားယူကြမယ်ပေါ့။

ဒီလိုနဲ့ . . . တစ်ဝါဆို၊ တစ်ဝါကျွတ်တော့မယ် . . .။ ဒီလိုနဲ့ ဝါဆိုပေါင်းများစွာ၊ ဝါကျွတ်ပေါင်းများစွာ . . . ။ အတိတ်က အသံတစ်သံကတော့ ခပ်သဲ့သဲ့ . . . ။ ဘာတဲ့ . . . "ဒါန၏ ဤအစချီရမှာဖြင့်၊ သီလအညီတကယ်မွေးခဲ့သော၊ ပီယတစ်လီအငယ်သူဌေးကဲ့သို့၊ တစ်သွယ်ရှေးအတိတ်က ကံဟာအကြောင်းကိုလ၊ ဝိက္ခာပနပြန်ခါပေါင်းလိုက်တော့ အမှန်အကာတစ်သောင်း၊ ပုံကျမ်းအတူရှာ၍ ဘုံဆွမ်းအလှူသဒ္ဓါကြောင့်၊ ယူဇနာရေမြေပိုင်တဲ့အပြင် အပြည်ပြည်ခရိုင် နာဂရာသိပါတဲ့။ ပါဠိလိအမည်စစ်ခါ အသေအချာရင်းရမှာဖြင့် ဓမ္မာသီရိ ဒီပရာဇ်မဟာ၊ ဇေကရာဇ်မင်းနှင့် မခြား ဇမ္ဗူအလားတူကဲ့သို့ . . . ၊ ဇမ္ဗူအလားတူကဲ့သို့ . . . ၊"တဲ့။

# တစ်ဖက်တစ်ချက်စီမှာ

"အမြင်ဆန်း . . . ရွှန်လန်းပါတဲ့ မြနဒီ
ရေလျှံလေပြန်စတယ်ကွယ် . . . လှိုင်းက စီစီ . . ."

မန္တလေးကမ်းနား မြို့ပတ်ရှစ်လမ်းသွား၊ လမ်းမကြီးပေါ်ရောက်တော့ ဧရာဝတီသည် ရေတစ်ပြန်ဖောင်၏။ တဒီးဒီးစက်သံနှင့်အတူ တာရိုးပေါ် ကုန်းရုန်းတက်လာသော ကားအစီးတိုင်းတွင် မြစ်ရေစက်လက်ဖြင့် မြစ်သဲတွေချည်း ပါလာသည်။ မြစ်သဲကားတစ်စီး လေးကျင်းပါ၏။ တစ်ကျင်း ၂၀၀၀ ကျပ်ကျသင့်သည်။ ထို့ကြောင့် ကားတစ်စီး ၈၀၀၀ ကျပ်တန် သဲတွေပါ၏။ ပထမတန်းစားအုတ်က တစ်ခဲ ၁၃ ကျပ်ခွဲ . . .၊ ဟိုး . . . မတ္တရာဘက်က အုတ်ဖိုတွေဆီမှ အုတ်ကားတွေ ဝင်လာလျှင် အုတ် ၅၀၀၀ ပါသည်မို့ ငွေခုနစ်သောင်းတန်ဖိုးနီးပါးရှိ အုတ်တွေ ပါလာတတ်သည်။ အကယ်၍ ဒီကားကြီးတွေပေါ်မှာ ဘိလပ်မြေအိတ်တွေ ထပ်တင်လာရင်ကော . . .။ အေသုံးလုံး ဘိလပ်မြေက အိတ်(၁)လုံး ၁၅၀၀ ကျပ်တန်နေပြီ၊ အိတ်(၁၀၀)တင်လာရင် ငွေတစ်သိန်းခွဲ။ ဘိလပ်မြေမဟုတ်ဘဲ သွပ်ချပ်တွေ တင်လာရင်ကော . . .၊ ဂိတ်ပါးသွပ်တစ်ချပ် ထောင့်လေးငါးမို့ . . .၊ ကားတစ်စီးလုံး သွပ်တွေအပြည့်တင်လာရင်။ တန်ကြေး ဘယ်လောက်ရှိမလဲ။ မှန်းကြည့်ပေရော . . . ။

ဘာရယ်မဟုတ် . . .၊ ကမ်းနားလမ်းက လပ်ပံပင်ရိပ်ကြီးမှာ ထိုင်ရင်း မြစ်တဲက တက်လာသည့် ကားကြီးတွေကို ကြည့်ရင်း တောင်စဉ်ရေမရတွေး တောမိနေခြင်းဖြစ်သည်။ မျက်စိထဲကို မြင်လာရတာက သဲကားတွေချည်း။ ထိုထိုသဲများအစား ကုန်ပစ္စည်းအမျိုးမျိုး အစားထိုးကြည့်ရင်း မစားရ ဝခမန်း ဝမ်းပါးနေမိခြင်းလည်း မည်ပါ၏။

ရွှံ့နှစ်ရောင် ခပ်နုနုတိုးရေက ကမ်းစပ်ကို ပြေးတက်လာလိုက်...၊ ပြေးဆင်းလိုက်နှင့် မမောမပန်း လှုပ်ရှားနေသည်။ ထိုအလှုပ်အရှားက သဲလှေကို ခေါင်းတရမ်းရမ်းဖြစ်စေသည်။ ထင်းလှေတွေကို တသိမ့်သိမ့် ရယ်မောစေသည်။ ဗန်းမော်ဆန်သင်္ဘောကြီးကတော့ ဣန္ဒြေမပျက်ခေါင်းညိတ်ရုံမျှပင်။

"ကမ်းပါးတောင်ပေါ်ကြည့်ကာ ဆလိုက်ပြန်တော့ ပတ္တမြားအရောင် မဏိရတနာ တမျှပေပ". . .တဲ့။

ဟိုး . . . အနောက်မင်းဝံတောင်ရိုးဆီလှမ်းမျှော် ကြည့်လိုက်တော့ အဖြူရောင် စုတ်ချက်များက သဏ္ဍာန် အသီးသီး . . .၊ စုတ်လုံး . . .၊ စုတ်ပြား . . .၊ နံပါတ်စုံ။ တောင်ခြေကမ်းစပ် တစ်နေရာမှာတော့ ရှည်ရှည်လျားလျား ထင်ရှားအဆောင်အုံတစ်လုံးကို လျောင်းလျက်တွေ့ရ၏။ ဝါးချက်ဇီဝိတဒါန ဆေးရုံ . . .။ ဆေးရုံ၏ တောင်ယွန်းယွန်းဆီမှ တောင်ရိုးအတိုင်းအထက်သို့ တဖြည်းဖြည်းချင်းအကြည့်ကို မြှင့်လိုက်သောအခါ နေရောင်တွေ လက်ခနဲ ပွင့်သွားသော ရောင်ပြန်စုတ်ချက်လေးတွေ တညီတညာတွေ့ရပေ၏။ ထိုအရာများကား . . .၊ ကျစ္စာချောင်း၏ ကမ္မဋ္ဌာန်းကျောင်းလေးတွေဖြစ်ပါ၏။ တောင်ရိုးတောင်စွယ်တွေပေါ် မေးတင်ထားသော ကမ္မဋ္ဌာန်းကျောင်းလေးများသည် ဆိတ်ငြိမ်ပါဘိတောင်း . . .၊ တောင်ကမ်းပါးယံအတိုင်း တစ်ယောက်သွားသာ ရုံတောလမ်းလေးပေါ်မှာ တရုတ်စံကားပွင့်ကြွေတွေ ကျဲပြန့်နေမည်။ လမ်းအချိုးအကွေ့၌ တောစံပယ်ရုံလေးတွေ ရနံ့ထုံနေမည်။ တောင်ခြေစိမ့်စမ်းချောင်းတွေ သိန်းသန်းမတိုင်မီ ဟိုရှေးယခင်ကာလ အတီတေအခါက သစ်ခက်တဲနန်း ကမ္မဋ္ဌာန်းကျောင်းလေးတစ်ကျောင်းလည်း ဤတောင်ရိုးမှာ ရှိခဲ့ပြီဆိုငြားအံ့၊ ထို ကျောင်းလေးမှာ သစ်ခေါက်ဖန်ရည်ဆိုးဝတ်ရုံဖြင့် မျက်မမြင် ယောဂီသူတော်စင်အဘိုးအို . . . အဘွားအိုနှစ်ဦး တရားဘာဝနာ အားထုတ်နေသည် ဆိုငြားအံ့ . . . ။

ဟောသည် ပန်းရနံ့စုံသင်းသည့် တောလမ်းလေးအတိုင်း တောင်ခြေမြစ်ဆိပ်ဆီသို့ ဝင်းဝင်းဝါရောင် အသားအရေအရောင်အဆင်းရှိသော အမောင်လုလင်တစ်ယောက်သည် . . .၊

"ပတ္တမြားအရောင် မဏိရတနာတမျှပေပ၊
အဘိဓမ္မာအရ လောင်းသုထေရ်
အပေါင်းတစ်စုမရေနိုင်ဟု ရွှေသမင်အသင်း . . .၊" နှင့် ရေခပ်ဆင်းချေလိမ့်မည်။

တကယ်တော့ ဤတောဤတောင်သည် လောကီဘုံရှုပ်သမျှ မနုဿလူ့ပြည်ကို ငြီးငွေ့ပြီး ပြည်အမတ တရားနယ်ကို မမှားဖွယ် ယူဖျော်သုံးပါလို့၊ သူတော်ထုံး ဘာဝနာပွားကြသည့်နေရာများလည်း ဖြစ်ချေ၏။

သြော်၊ မြစ်၏ သည်ဘက်ကမ်းမှာက
လောဘ, ဒေါသ, မောဟ မြစ်၏ ဟိုဘက်ကမ်းမှာက . . . ။
အလောဘ, အဒေါသ, အမောဟ . . . ။

# သဘာဝတရား၊ စိတ်မဆိုးစေချင်

ကြယ်ညီလာ ရံကာခ၊ စန္ဒာလစက်ယာဉ်
ထွန်းလျက်နှင့် မကြည်လင်၊ တိမ်ရီမင် ကွန့်တုန်း၊
နေများလို့ ရက်ရှည်၊
ကြာလေလေ အားနွဲ့လို့ ချုံး . .။

ကြာလေလေ အားနွဲ့လို့ ချုံးပါပေ့လေ။ မုန်တိုင်းကြောင့် မိုးတွေဖြုန်းစားကြီးရွာလိုက်တော့ လေးငါးရက်တော့ အပူသက်သာပြန်ပေ့။ ဒါပေမဲ့ မုန်တိုင်းရိပ်ကုန်ပြန်တော့ ပူပြန်လေသည် ဆယ်နေကဲ . . .။ ဘယ်အငြိုးနဲ့ညှင်းဆဲနေပါလိမ့်နော်။ မုတ်သုံကလည်း ဇွန် ၁၀ ရက်ကျော်မှ အထက်မြန်မာပြည် ရောက်မှာတဲ့။ မုတ်သုံအကြို လေရူးတသုန်သုန်တိုက်ပြန်လေတော့ မိုးရိပ်တိမ်မည်းစတချို့ ဟိုအဝေးလွင့်ပါသွားပြန်ပေ့ . . .။ မုတ်သုံမှာ မိုးမပါဘဲ လေလာလျှင်ဖြင့် လမ်းမတစ်လျှောက် ဖုန်လုံးကြီးတွေ တလိမ့်လိမ့်ဝဲနေတာပဲ အဖတ်တင်လိမ့်မည်။

အယ်လ်နီညိုကတော့ အားပျော့သွားပြီတဲ့။ ဒါပေမဲ့ အံ့ဖွယ်မိုးလေဝသအခြင်းအရာတွေ ဖြစ်စေဦးမယ့် ညီမတော် 'လာနီညာ'ဆိုတာ ရှိသေးသတဲ့။ အယ်လ်နီညိုကြောင့် ပစိဖိတ်သမုဒ္ဒရာကြီး ပူနွေးလာတဲ့ အချိန်တစ်ရပ်ကြုံရတိုင်း သမုဒ္ဒရာပြင်တစ်ခုလုံး အေးမြသွားတဲ့ အခြေအနေမျိုး တစ်ချိန်ကြုံရသေးသတဲ့ . . .။ အဲဒါကို "လာနီညာ"လို့ ခေါ်တယ်လေ။ ဒီအခါကမ္ဘာမှာ မိုးလေဝသ အခြေအနေတွေ ပြောင်းပြန်ကြီးကို မြန်မြန်ဆန်ဆန်ကြီးပြောင်းလဲသွားပါရော။ သိပ္ပံပညာရှင်တွေကတော့ ၁၉၉၈ ဟာ ပြင်းထန်တဲ့ "လာနီညာ" မိုးလေဝသ ဖောက်ပြန်မှုဒဏ် တစ်ကမ္ဘာလုံး မကြုံစဖူးခံကြရဦးမယ်လို့ ဟောကိန်းထုတ်ထားသေးတယ်။ အာရှနိုင်ငံတွေမှာ ပိုခံရမှာလို့လည်းဆိုတော့ သြော်တို့များ အာရှလည်း ကံဆိုးမသွားရာ မိုးလိုက်လို့ရွာခံရတဲ့ ကိန်းလို့ အောက်မေ့ရတာပေ့။ လက်မတထောင်ထောင်လုပ်ခဲ့ရတဲ့ 'အာရှတန်ဖိုး'ကလည်း ကယ် နိုင်ပုံမမြင် . . . ။

ဥတုရာသီက ပြောင်းပြန်ဖြစ်မယ်ဆိုတော့ ပူလွန်းလို့ တောမီးတွေ ဟုန်းဟုန်းတောက်နေတဲ့ အင်ဒိုနီးရှားမှာ မိုးတွေ သည်းကြီးမည်းကြီးရွာချမှာ ပေါ့။ တောမီးတွေငြိမ်းကုန်သလို ပြင်းထန်လှတဲ့ မကြုံစဖူးမိုးကြောင့် မြစ်တွေ ချောင်းတွေ ရေလျှံ၊ ရေလွှမ်းဦးမယ်။ မြေဆီလွှာတွေ အကြီးအကျယ် တိုက်စားခံရဦးမယ်။ တောမီးကြောင့် ပြာတွေလည်း မြစ်တွေ ချောင်းတွေထဲ စီးကုန်ပြီး ငါး၊ ပုစွန် သတ္တဝါတွေ သေဦးမှာတဲ့။

တချို့ကလည်း ရေလွှမ်းလာမယ့် ဘေးဆိုးကြီးကို ရင်ဆိုင်ဖို့ အသင့်ပြင်သူက ပြင်ထားတယ်။ ဥပမာ ဖိလစ်ပိုင်ပေါ့ . . .။ ဆည်မြောင်းတွေ၊ တူးမြောင်းတွေ ပြင်ဆင်ထားတယ်။ အပိတ်အဆို့ အတားအဆီးတွေ ရှင်းလင်းထားတယ်။ ရေဘေး ကာကွယ်ရေးစနစ်တွေ အသင့်ပြင်ထားတယ်တဲ့ . . .။

သြော် . . . သဘာဝ၊ သဘာဝ . . . ။ သစ်ပင်ခုတ်လိုက်ကြ . . .။ တောင်ဖြိုလိုက်ကြ . . .။ မြေကြီးထဲက ရေတွေ ညှစ်ထုတ်လိုက်ကြ . . . ။ လေတွေထဲ အဏုမြူပုံးတွေ ခွဲလိုက်ကြ၊ ရေလေးစိမ့်ထွက်ရုံနဲ့ ဆည်တွေ ဆောက်လိုက်ကြနဲ့ . . . ။ လုပ်သမျှ သဘောကောင်းစွာ ငုံ့မနေတဲ့ သဘာဝ။ သည်းမခံနိုင်လို့ တစ်ချက်လေးတုံ့ပြန်လိုက်ပုံကဖြင့် ကြောက်စရာပါလားနော်။

သဘောကောင်းတိုင်း အနိုင်မကျင့်ကြဖို့ သင်ခန်းစာကောင်း ပေးနေတယ်လေ . . . မှတ်လောက်ပါပေရဲ့ . . .။

## သီတင်းကျွတ်

“သီတင်းဝါလ၊ ကျွတ်ပေ့ါဒီချိန်ခါ
ဖြူနီပြာဝါ၊ ဝင်းဝင်းလက်လက်ရှုမောဖွယ်သာ
ရောင်ယှက်ဖြာ . . .၊
စိန်သွယ်ကုံးလို မီးလုံးလေးတွေ
စီတန်းကြည်လန်း ဝေဝေဆာ . . .”

**(မြို့မငြိမ်း၊ ဝါကျွတ်ပွဲ)**

# တောင်တက်၊ ဘုရားဖူး

"သန်းခေါင်လေ မြူးပါလို့ စမ်းရောင် နှုးကြည်လို့လင်၊
မန်းတောင်ပေါ်ရိုးဆီက ဖိုးခေါင်၊ ကျူးသာလှထင်"

(မြို့မငြိမ်း)

တကယ်တော့ မန္တလေးနှင့် မန္တလေးတောင်သည် မြတ်စွာဘုရားဗျာဒိတ်ထားခဲ့သည်ဟု ဆိုသည်နှင့်အညီ တင့်တယ်လိုက်ဖက်လွန်းလှသည်။ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းမှသည် ရိုးမတောင်ခြေအထိ ပျံ့ပျူးညီညာလှသော မြေအပြင်ဝယ် မန္တလေးတောင်တော်သည် ထီးတည်းတည်ကာ မြေမှစုံစုံတက်၏။ ထိုအခါ လှပကျယ်ပြောလှသော မြေအပြင်အားရှုမြင်ခံစားနိုင်ရန် မျှော်စင်ပမာတည်ရှိပြန်သည်။

တောင်ထိပ်ဆီမှ အရှေ့ဆီမျှော်ပြန်မူ ပြာရင့်မှိုင်း ရိုးမက မြင်ကွင်းကို တားဆီး၊ ကန့်သတ်အံ့ငြား ထူးထူးအံ့ဖွယ် ပုံသဏ္ဌာန်များဖြင့် ဗျိုင်းရယ်တောင်၊ ရေတံခွန်တောင်၊ ကျွဲနဖားတောင်တို့က ရင်သပ်ရှုမောစေ၏။ အနောက်ဆီမျှော်ပြန်မူ မင်းဝံတောင်ရိုးသည် တငြိမ့်ငြိမ့်စီးဆင်းသော ခြေရင်းက ဧရာဝတီကို မမိုတ်မသုန် ရေကသိုဏ်းရှုနေပြန်သည်။ တောင်ဆီမှာမူ ဟိုမှုန်ပျပျ အဝေးရေရိပ်က တောင်သမန်ရွှေအင်းဖြစ်၏။ သည်မှာဖက်မူ မုနိဖောင်တော်ဆိုက်ကပ်ရာ တက်အေးအင်ဖြစ်သည်။ မြောက်ဆီမှာမူ သခင်မတောင်တော်သည် တောင်စွယ်တောင်တန်းအစွန်းမှ ပြေလျှောနိမ့်ဆင်းလာ၏။ မလှမ်းမကမ်းမှာက မင်းညီနောင်၏ တောင်ပြုန်းစေတီတော်။

ထိုမြင်ကွင်းကား ရတနာပုံ မင်းနေပြည် မတည်မီက တောရိပ်တောင်ရိပ်ရေရိပ်ဖြင့် အတိပြီးသော ရှုဖွယ်ရှုခင်းပေတည်း။ ၁၂၂၁ ခု၊ အမရပူရမြောက်အရပ်သို့ ရွှေ့ပြောင်းကာ ရတနာပုံမင်းနေပြည်တည်ထောင်သောအခါတွင် မန္တလေးတောင်ခြေရင်းတွင် တစ်မျက်နှာလျှင် တာပေါင်း (၆၀၀)ဖြင့် လေးထောင့်စပ်စပ်မင်းနေပြည် နန်းမြို့ကြီးကို ကျုံးမြို့ရိုးပြအိုး အစုံအလင်ဖြင့် တင့်တယ်စွာ မြင်ရပြန်၏။ တောင်ခြေပတ်လည် ရှုပါဘိဦး မြို့တည်နန်းတည် ခုနစ်ဌာန အဝင်အပါ ဖြစ်သော မဟာအတုလဝေယန်ကျောင်းတော်၊ မဟာ

လောက မရဇိန်စေတီတော်၊ သုဓမ္မဇရပ်တော်၊ သိမ်တော် ပိဋကတ်တိုက်တော်တို့သည်လည်း မြန်မာ့ဗိသုကာ လက်စွမ်းပြလက်ရာများဖြင့် တစ်မျိုးတစ်ဘာသာစီ မူကွဲကာ ထူခြားစွာပေါ်ထွန်းလာတော့၏။ ထို့ပြင် နန်းမြို့ပတ်လည် အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်တို့တွင်လည်း ရွှေမြို့တော်ဝန်ကြီး ဝန်းပတ်တည်ကာ ပြလမ်းအသွယ်သွယ်၊ တည်းခိုဇရပ်၊ ရေတွင်း ရေကန်များသာမက ပရိယတ်၊ စာသင်တိုက်ကြီးများ ရာချီကာ ဆောက်လုပ်လှူဒါန်း တည်ထားခဲ့ပြန်၏။ ထိုအခါတွင်မူ နဂိုမူလကပင် လှပတင့်တယ်လှသော မန္တလေး တောင်တော်ဝန်းကျင် မြေပြန့်လွင်ပြင်သည် အလှတွင် အယဉ်ဆင့်ကာ ရှုတင့် မဆုံးရှိခဲ့လေတော့သည်။

ပင်လယ်ရေမျက်နှာပြင်အထက် (၇၇၆)ပေ၊ တောင်ခြေမြေပြင်အထက် ပေ(၅၀၀၀)မြင့်သော မန္တလေးတောင်ကို တောင်ကိုးလုံးပတ်ဝန်းရံသည်ဟု ရေးစာဆို၏။ ၎င်းတောင်များမှာ ဆေးဒန်းတောင်၊ ဘီလူးမတောင်၊ ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်၊ ဒုတ္တာတောင်၊ ကြေးနီတောင်၊ ရေလှည့်တောင်၊ မြင်းသီတာတောင်များ ဖြစ်သည်ဟုဆို၏။ အနောက်ဘက် စောင်းတန်း ထိပ်တောင်ဘက်အနီး မြနန္ဒာကန်တော်ကြီး တောင်ဘက်ရှိ စေတီတော်နှင့် တောင်ကို “ဆေးဒန်း”တောင်ဟု ခေါ်သည်။ ယခု အောင်ဇမ္ဗူကျောင်းရှိပါသည်။ အနောက်ဘက်စောင်းတန်းမုခ်အနီး၊ မဟာခေမိကာရာမ၊ သစ်ဆိမ့်တိုက်ဦး တောင်နိမ့်လေးကို ဘီလူးမတောင်ဟုခေါ်ပြီး ယခုမိဂဒါဝုန်ကျောင်းရှိသည်။ ဘီလူးမတောင်၏ အရှေ့မြောက်ယွန်းယွန်း အဘယခေမရွှေတောင်ကြား ကျောင်းတိုက်အရှေ့ဘက် ကျောက်ရေကန်ကြီးနှင့် ဓမ္မာရုံစေတီတော်တို့ တည်ရာတောင်ကို ‘ငွေ’တောင်ဟု ခေါ်သည်။

ရွှေတောင်,ငွေတောင်တို့၏ မြောက်ဘက်တွင် ယခင်က ဦးရဲကန်ဟုတွင်သော ရေကန်ကြီး တစ်ကန်ရှိပြီး ယခုရေပေးရေး စီမံကိန်းရေကန်ကြီးဖြစ်နေပါသည်။ ယင်းရေကန်၏ မြောက်ဘက်တွင် ပတ္တမြားတောင်ရှိပါသည်။ ပတ္တမြားတောင်မှာ စောင်းတန်း၊ လှေကား၊ မုခ်ဦး၊ တန်ဆောင်၊ ကျောင်းတို့ဖြင့် သိုက်မြိုက်စည်ကားလှပေ၏။ မန္တလေးတောင်ဆင်းကားလမ်းအတိုင်းလိုက်သွားလျှင် တောင်၏အရှေ့မြောက်ထောင့်တွင် တိုက်သူကြီးဘုရားရှိ၏။ ထိုအရပ်ကား ဒုတ္တာတောင်ဖြစ်ပါသည်။ ယခု ဖားအောက်တောရ တည်ရှိပါသည်။ ကားလမ်းအတိုင်း ဆက်လျှောက်လျှင် တပ်ဦးရိပ်သာကျောင်းကို တွေ့ရပါသည်။ တပ်ဦးရိပ်သာကျောင်းအရှေ့ဖက်က စေတီတစ်ဆူတည်ထားသောတောင်ကို ကြေးနီတောင်ဟု ခေါ်ပါသည်။ ယခုမိုးလေဝသ ငလျင်တိုင်းတာရေးစခန်း တည်ရှိပါသည်။ ၎င်းမှ တောင်ဘက်ယွန်းယွန်းတွင် မိုးရေများ

တောင်ပေါ်မှ ကျလာသောအခါ လှျိုမြောင်ကြီးများအတွင်း လှည့်ပတ်စီးဆင်းသော နေရာရှိပါသည်။ ထိုနေရာရှိ စေတီတည်ထားသော တောင်ကို ရေလှည့်တောင်ဟု ခေါ်ပါသည်။ တောင်ဘက်သို့ ဆက်သွားလျှင် စေတီလေးတစ်ဆူနှင့် တောင်ပူစာလေးရှိပြန်ပါသေး၏။ ထိုတောင်ကို မြင်းသီလာတောင်ဟု ခေါ်ကြသည်။ တချို့က မင်းသီလာတောင်ဟု ဆိုပါသည်။ လောကီထွက်ရပ်ပေါက်လမ်းကို လိုက်စားကြကုန်သော အင်္ဂယဝါသနာရှင်များက မြင်းသီတာတောင်က မြေများကိုယူကာ "မမလေး မယုံတယုံ၊ သုံးပုံတစ်ပုံ"ဟူသော လင်္ကာသွားအတိုင်း ကျွန်းသားမီးသွေးမှုန့်က တစ်ပုံ၊ မြေမှုန့်က နှစ်ပုံ ရောစပ်ကာ ရေဖြင့်နှပ်ပြီး သစ်သားများကို လုံပုံစံအမျိုးမျိုးပြုလုပ်သွားပါက နဂါးပြဒါးပြီးဆုံးအောင်မြင်သည်ဟု မှတ်ယူကြသည်။ မြင်းသီလာတောင်၏အနီးတွင် မန္တလေးဘိုးဘိုးကြီး နတ်ကွန်းရှိပါသည်။

မန္တလေးတောင်သည် မြို့ပြကြီးအတွင်း တည်ရှိနေသော်လည်း သဘာဝပတ်ဝန်းကျင်က ကျုံးရေ၊ စိမ့်စမ်း၊ သစ်ရိပ်၊ ဝါးရိပ်၊ တောတောင် လှျိုမြောင်ဖြင့် လှချင်တိုင်းလှနေပါသည်။ ထို့ပြင် ပန်းရံ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းတမော့စသော ရိုးရာလက်ရာများကိုလည်း တစ်စုတစ်ဝေး ကြည့်ရှုနိုင်သော နေရာလည်း ဖြစ်နေပါသည်။ ထို့ကြောင့် ရှေးကာလမှသည် ယနေ့ထက်တိုင် မန္တလေးတောင်ကို ခံစားရေးခြယ်ကြသည့် ပန်းချီကားပေါင်းလည်း မနည်းပင် ရှိနေချေ၏။ ထို့ပြင် မန္တလေးတောင်ကို တက်ရာ၌လည်း တောင်တန်း လေးသွယ်ရှိသောကြောင့် မည်သည့်တောင်တန်းမှ တက်သည်ဖြစ်စေ၊ သဘာဝရှုခင်း ရှုကွက်များကမတူ မစပ်စေရဘဲ ခံစားနိုင်သည်လည်းဖြစ်သည်။ မန္တလေးဘက်မှလာလျှင် ပထမဦးဆုံးတိုက်ရာ တောင်တော်၏ တောင်ဘက်မျက်နှာတွင်ပင် စောင်းတန်း နှစ်သွယ်ရှိပါသည်။ ကြီးမားခံ့ထည်လှသော အုတ်အင်္ဂတေ ခြသေ့်ကြီး နှစ်ကောင်တည်ထားသည့် စောင်းတန်းမှတက်လျှင် သံတန်စောင်းပြာသာဒ်အခန်းပေါင်း (၃၅၆)ခန်းရှိပြီး အောက်ခြေတော်ရာ၊ အထက်ခြေတော်ရာနှင့် ပြည်လုံးချမ်းသာရပ်တော်မူ ဘုရားကြီးများကို စတင်ဖူးရပါသည်။ ရပ်တော်မူဘုရားကြီးကို 'ရွှေရပ်တော်'ဟုလည်း ခေါ်ကြပြီးဘုရားကြီး၏ ဂန္ဓကုဋိပတ်လည်တွင် မန္တလေးပန်းချီကျော် ဦးစောမောင်၏ နိုပါတ်တော် ပန်းချီကားများရှိပါ၏။ ထို့နောက် စိုင်တမော့၊ ဗျာဒိတ်ပေး၊ ဦးခန္တီဇရပ်မှသည် နှစ်ကျိပ်ရှစ်ဆူဘုရား၊ အာရုံခံဘုရား၊ ခြသေ့်မင်း၊ ဆင်မင်း၊ ဆတ်မင်း၊ ကြက်မင်း၊ ငုံးမင်းဘုရားများ၊ ထို့နောက် စန္ဒမုခိစေတီမှလည်း ဆုတောင်းပြည့်ဘုရားသို့ ဖူးမြော်နိုင်၏။

မန္တလေးဘိုးဘိုးကြီးနတ်နန်းတည်ရှိသော အရှေ့ဘက်စောင်းတန်းမှ

တက်လျှင်မှု အတိုဆုံးဖြစ်ပြီး အခန်းပေါင်း ၂၅၀ ရှိပါသည်။ ဘိုးဘိုးကြီးနတ်နန်းမှ ခတ်တော်တိုက်၊ ထိုမှ ဆုတောင်းရဘုရား၊ ပြည်တော်အေးဘုရား၊ဗျာဒိတ်ပေး၊ နဂါးရုံ၊ ဦးခန္တီဇရပ်မှတစ်ဆင့် ဆုတောင်းပြည့် ရင်ပြင်သို့ တက်ရောက်နိုင်၏။ ဤစောင်းတန်း နှစ်သွယ်မှာ ယခင်ကတည်းက လူအတတ်များသည့် စောင်းတန်းများ ဖြစ်ပါသည်။

သစ်ဆိမ့်တိုက်ဘက်မှ တက်သော အနောက်ဘက်စောင်းတန်းမှာမူ ရှေးလက်ရာ အုတ်ခြသေ့်ဟောင်းကြီး နှစ်စီးရှိပြီး ပန်းချီဆရာ၊ ခတ်ပုံဆရာများ မျက်စိကျလှသော ခြသေ့်ကြီးများဖြစ်ကြသည်။ ယခုအခါ ထိုခြသေ့်ကြီးများအား အသစ်ပြန်လည်ပြုပြင်တော့မည်ဟုဆို၏။ အနောက်ဘက်စောင်းတန်းသည် ဒုတိယအရှည်ဆုံးစောင်းတန်းဖြစ်ပြီး အခန်းပေါင်း (၃၈၁)ခန်းရှိပါသည်။ အနောက်ဘက်စောင်းတန်းသည် ဆုတောင်းပြည့်စေတီသို့ တောက်လျှောက်တက်ရောက်နိုင်၏။ ကြားတွင် တစ်ဝက်တစ်ဝဂူဘုရား တစ်ဆူရှိပါသည်။ စောင်းတန်းလေးသွယ်အနက် အရှည်ဆုံးစောင်းတန်းမှာ မြောက်ဘက်စောင်းတန်းဖြစ်ပြီး အခန်းပေါင်း ၉၄၂ ခန်းရှိပါသည်။ မြောက်ဘက်ရွှေကျင်ဂိတ်ဖက် စောင်းတန်းဦးတွင် မရွှေဥနတ်နန်းရှိပါသည်။

အလောတော် အမြင့်ရှိသော မန္တလေးတောင်ကို အဆင်သင့်ပြုလုပ်ထားသော အုတ်လှေကားများအတိုင်း စောင်းတန်းလေးသွယ်မှ တက်နိုင်ရန်စီစဉ်ထားခြင်းသည် ဘုရားဖူးခြင်း၊ သဘာဝရှုမျှော်ခင်းများ ကြည့်ရှုခြင်းအတွက်သာမက ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သော အစီအစဉ်ဖြစ်ပါသည်။ ယခုအခါ တောင်တက်တောင်ဆင်းကားလမ်းကို ဖောက်လုပ်ထားပြန်သဖြင့် ထိုတောင်တက်ကားလမ်းများအတိုင်း ခြေကျင်တောင်တက် တောင်ဆင်းကို နေ့စဉ်ဝတ်မပျက်ဆောင်ရွက်နေကြသူများကိုလည်း တွေ့နေရပါ၏။

တကယ်တော့ မန္တလေးတောင်သည် ဘာသာရေး၊ ယဉ်ကျေးမှုတွင်သာမက လူမှုရေး၊ ကျန်းမာရေးများအတွက်ပင် အထောက်အကူ ပေးနေသော အဖိုးတန်နေရာဌာနဖြစ်ပေသည်။ ဤသို့သော အမွေအနှစ်နေရာတွင် စီးပွားရေးတစ်မျက်နှာဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးစေသော ယဉ်ကျေးမှုပျက်သုဉ်းစေသော ဘာသာရေးနှင့်မလျော်ကန်လှသော ပြုဖွယ်ကိစ္စ အလုံးစုံကို မပြုလုပ်မိကြရန် ရှောင်ရှားကြရန်လည်း လိုအပ်လှပေ၏။

# အပြန်=အသွား

အလုပ်ပြန် စက်ဘီးအုပ်ကြီးသည် တစ်နေ့တာဝမ်းစာရှာဖွေပြီး သကာလ နားခိုရာ ကွန်းရိပ်သာဆီသို့ တစ်ညတာမေးစက်ရန် ပြန်ကြလေပြီ။ တစ်နေ့ခင်းလုံး ချွေးဒီးဒီးကျ ကျားကုတ်ကျားခဲ ဝမ်းတစ်ထွာအတွက် ရှာဖွေပြီးသကာလ အားသစ်မွေးရန် အမိုးအကာအောက် တစ်ညဥ့်တာမျှ ဝင်ရောက်ခိုနား အားဖြည့်ရပေဦးမည်။ ထိုခိုနားမှုသည် စုစည်းမှုမဟုတ်၊ သိမ်းဆည်းမှုမဟုတ်၊ သေချာသည်မှာ "ပျားရည်ဘဏ်တိုက်"ဆောက်ရန်မဟုတ်။

"အပြန်–အပြန်–အပြန်လားကွယ့်

အသွား–အသွား–အသွားပါဗျို့ ခေါက်တုံ့လူးလာကူးကာသယ်ဖို့ ကြံ့" တဲ့ စီဒီအိုကေအခန်းထဲမှ တေးသံက အသွားလည်းနှုတ်ဆက်၊ အပြန်လည်းနှုတ်ဆက်။

"အပြန်"လား။ စဉ်းစားကြည့်တော့ နားခိုဖို့ "အသွား"ဖြစ်နေသည်။

"အသွား"လား။ ဒါလည်းမဟုတ်၊ အလုပ်ခွင်ပြန်လည် ဝင်ရောက်ဖို့ "အပြန်"ဖြစ်နေပြန်၏။

"အိမ်"တဲ့။

အိမ်ဆိုတာ မိသားစုအေးအတူပူအမျှ တစ်မိုးတည်းအောက် ကောင်းတူဆိုးဖက်ဥတုရာသီ သပ္ပာယမျှတ လုံခြုံစိတ်ချရသည့်နေရာ။ တစ်နေ့ ၂၄ နာရီရှိသည့် အနက် (၆)နာရီက ညနေ (၆)နာရီအထိ အလုပ်ခွင်မှာ။ သည်တော့ အိမ်နှင့်အလုပ်ခွင်က ဆတူ,မျှတူမို့ အိမ်=အလုပ်ခွင်ဖြစ်သောအခါ

အိမ်သည် အသွားလည်းဟုတ်၊ အပြန်လည်းဟုတ်။ အလုပ်ခွင်သည်လည်း အသွားလည်းဟုတ်၊ အပြန်လည်းဟုတ်။

ထိုအခါ "အိမ်"ဟူသည်မှာ တစ်ညတာဝင်ရောက် ခိုနားအားဖြည့်စရာနေရာ။ သို့မှသာ နောက်တစ်နေ့ မိုးအလင်းမှာ ထိုနေ့တာအတွက် အလုပ်ခွင်၌ ရှာဖွေလုပ်ကိုင်နိုင်ဖို့ အားသစ်အင်သစ်တိုးပေမည် မဟုတ်ပါလား။

ဤသို့ဖြင့်ပင် လူ့ဘဝ၏ မဆုံးနိုင်သော စက်ဝန်းကြီးတွင် မငြီးမငြူ

မမောမပန်းလျှောက်လှမ်းရပေဦးတော့မည်။ ဤသို့သော ဒုက္ခကြီးကို “အသွား” “အပြန်”(သို့မဟုတ်) “အပြန်” “အသွား”ခရီးတစ်လျှောက် သီချင်းလေးတအေးအေး၊ လေလေးတချွန်ချွန်ဖြင့် စည်းစိမ်ယူကြရသည်။

ထိုအခါ ထို“အသွား” “အပြန်” ခရီးများသည် အမြတ်လား၊ အရှုံးလား၊ အပျော်လား၊ ညစ်ညူးဖွယ်လား၊ သုခလား၊ ဒုက္ခလား၊ စေတနာလား၊ ဝေဒနာလား၊ မုဒိတာလား၊ မစ္ဆရိယလားဆိုတာတော့ ဘယ်သူမျှ ခွဲခြားသိနိုင်မှာမဟုတ်။

**သဗ္ဗေသတ္တာ ကမ္မသကာ။**

# ပြုံးမယောင်မျက်နှာလေးနဲ့

ပြက္ခဒိန်ရာသီရောက်ပြန်ပြီပေါ့။ ပြက္ခဒိန်သမားတစ်ဦးကတော့ ဒီနှစ်ပြက္ခဒိန်အထွက်နည်းတယ်လို့ ဆိုပါတယ်။ ဌာနဆိုင်ရာပြက္ခဒိန်တွေကတော့ ပုံမှန်အတိုင်းထွက်နေမှာပါ။မန္တလေးကပန်းရိုးမပန်းချီခတ်ပုံပြက္ခဒိန်များလည်း ဒီနှစ်မှာမထုတ်သေးဘူးလို့ အရင်ကကြားရပေမယ့် အခုတော့မပျက်မကွက်ထွက်လာဦးမှာပါလို့ ဆိုကြပါတယ်။

ပြက္ခဒိန်များနဲ့အတူ မြန်မာပိုစတာ ဈေးကွက်ကြီးလည်း ကြီးထွားလာတာ အားလုံးအသိပါ။ မြန်မာမင်းသမီးလေးတွေ . . . ၊ မြန်မာမော်ဒယ်လေးတွေ . . .၊ မြန်မာအလှမယ်လေးတွေ . . . နေရာရလာကြတာပေါ့။ မဂ္ဂဇင်းမျက်နှာဖုံး၊ စာစောင်မျက်နှာဖုံးတွေမှာလည်း သူတို့ကလေးတွေပါပဲ။ တိုးတက်လာတဲ့ နည်းပညာတွေနဲ့အတူ သိသိသာသာ ပြောင်းလဲလာတာကတော့ မိတ်ကပ်ပါပဲ။ မိတ်ကပ်ဟာ အရင်လို အတုံးလိုက်အတစ်လိုက်တွေမဟုတ်ဘဲ အသားအရည်၊ ရုပ်ရည်နဲ့လိုက်လျောစွာ အဆင့်မီလာပါတယ်။ ဒီဇိုင်းအရည်အသွေး၊ ပုံနှိပ်အရည်အသွေးတွေသာမက ခတ်ပုံကင်မရာအဆင့်အတန်းတွေလည်း မြင့်မားတိုးတက်လာပါတယ်။

တစ်ဖက်က နည်းပညာအရည်အသွေးတွေ တိုးတက်မြင့်မားလာသလို တစ်ဖက်ကလည်း အနုပညာအရည်အသွေးတွေ ကျွဲကူးရေပါမြင့်မားလာရမှာပါ။ "ခတ်ပုံရိုက်ကြစို့"ဆိုရင် မော်ဒယ်မိန်းကလေးကို နောက်ကျောပေးတင်ပါးပစ်ပြတာမျိုး၊ လက်နောက်ပစ် ရင်ကော့ပြတာမျိုး၊ ရေထဲဆင်းခိုင်းပြီး အဝတ်အစားနဲ့ အသားကပ်ပြစေတာမျိုးကတော့ အနုပညာတိုးတက်လာတာမဟုတ်ဘူးပေါ့။ အနုပညာဆိုတာ အတုံးလိုက်၊ အတစ်လိုက်ပေးရတာမျိုးမဟုတ်တာ သေချာပါတယ်။ ခံစားမှုတစ်ခုတည်းကိုပဲ ဇွတ်ခံစားပြခိုင်းတာမဟုတ်တာ သေချာတယ်။

ခတ်ပုံအနုပညာနဲ့ ပတ်သက်လို့ မန္တလေးက စွယ်စုံအနုပညာရှင်ကြီး ခေးတန်းဦးသန့်ရဲ့ "အနုပညာရသ"ဆိုတဲ့ စာတမ်းဟာဖြင့်အလွန်လေးစားဖွယ် တန်ဖိုးရှိတဲ့ စာတမ်းတစ်စောင်ပါ။ ဒီစာတမ်းကို ၁၉၇၆ ခုနှစ်ကတည်းကရေးသားဖတ်ကြားခဲ့ပါတယ်။ ဆရာကြီးက "ပန်းချီပညာကို ပန်တျာကျောင်းမှာ

သုံးနှစ်သင်လိုက်ရင် ပန်းချီဆရာလေးတွေတော့ ဖြစ်တာပေါ့။ ဒါပေမဲ့ သူတို့မှာ လောကဗဟုသုတနည်းနေပါဦးမယ်။ ဒါကြောင့် သူတို့ဟာ ဘယ်လိုခံစားတဲ့သဘောတွေ၊ ဘယ်လိုအသိတွေ၊ သရုပ်ဖော်မယ်ဆိုတဲ့ဘက်က အတော်မွေးမြူရဦးမယ်။ ဒီလိုပဲ ဓာတ်ပုံသမားဆိုရင် ခြောက်လ၊ တစ်နှစ်နဲ့ ကောင်းကောင်းရိုက်တတ်မယ်။ ဒါပေမဲ့ သူလည်း မွေးမြူရဖို့ အချိန်အတော်ယူရမယ်။ ပန်းချီတို့ စာရေးဆရာတို့က ကိုယ်တွေ့တဲ့အတွေ့အကြုံတစ်ခုကို တွေ့တုန်းမှတ်ထားပြီးတဲ့နောက် အကြံအစည်တစ်ခုကို တွေ့တုန်းမှတ်ထားပြီးတဲ့ နောက်အကြံအစည်ထုတ်ပြီး တစ်လကြာ၊ နှစ်လကြာ၊ တစ်နှစ်ကြာမှ သရုပ်ဖော်ဖန်တီးနိုင်ပေမဲ့ ဓာတ်ပုံဆရာက အခုတွေ့၊ အခုစက္ကန့်အတွင်း မိနစ်အတွင်းရိုက်နိုင်ရပါတယ်။ ဆင်ပြီး ရိုက်နိုင်တဲ့ သဘောတွေတော့ ရှိတာပေါ့။ ဒါပေမဲ့ Spontareous ဆိုတဲ့ သဘောဖြစ်ခဲ့ပါတယ်”လို့ ရေးသားခဲ့ပါတယ်။

Spontareous ဆိုတာက တစ်ဦးတစ်ယောက်က တမင်ဖန်တီးတာမျိုးမဟုတ်တဲ့ သဘာဝအတိုင်းသာ အကြောင်းအားလျော်စွာ ဖြစ်လာတဲ့အတိုင်းပါလို့လည်း ရှင်းပြပါတယ်။ ဆရာကြီးက ဓာတ်ပုံအနုပညာကို ဥပမာပေါင်းများစွာ၊ နမူနာပုံပေါင်းများစွာနဲ့ ရှင်းပြရာမှာ ပြင်သစ်ဓာတ်ပုံဆရာ Cartiere Bresson ရဲ့ပုံကို စံထားရှင်းပြမှုဟာ ကျွန်တော်တို့ မြန်မာဓာတ်ပုံဆရာများအတွက် တိုက်ရိုက်မှတ်သားလောက်ပါတယ်။

အဲဒီပုံက ပြင်သစ်မြို့ငယ်တစ်မြို့ရဲ့ အရက်ဆိုင်အပေါက်ကအသက်ရှစ်နှစ်၊ ကိုးနှစ်အရွယ်ကောင်လေးတစ်ယောက်က သူ့ခါးကနေပြီး ခေါင်းလောက်ရောက်နေတဲ့ ဝိုင်ပုလင်းအကြီးကြီး ပိုက်ပြီး ထွက်လာသတဲ့။ သူထွက်လာတဲ့ အပေါက်ဘေးမှာ သူနဲ့ရွယ်တူကောင်မလေးတစ်ယောက် ဆိုင်ဘေးမှီပြီး ရပ်နေတယ်။ အဲဒီကောင်လေးမျက်နှာက ငါဘယ်လောက်ဟုတ်တုံးဆိုတဲ့မျက်နှာနဲ့ ကောင်မလေးကို ပြုံးပြုံးကြီးနဲ့ မျက်ထောင့်က စောင်းကြည့်ပြီးအလုမ်းကျဲကြီးနဲ့ လမ်းလျှောက်သွားတဲ့ ပုံ. . . ။ ကောင်မလေးကလည်းဟုတ်ပါပေတယ်ဆိုတဲ့ မျက်နှာထားနဲ့ ငေးကြည့်ကျန်ရစ်နေသတဲ့။ ဓာတ်ပုံသဘောက ဒါပါပဲ။

ဆရာကြီးက သာမန်ဓာတ်ပုံဆရာဆိုရင် အဲဒီလိုမြင်ကွင်းမျိုးကို ရိုက်မှာ မဟုတ်ဘူး။ ကောင်လေးက အရက်ဆိုင်ထဲက ထွက်လာမယ်။ ဆိုင်ရှေ့လမ်းဘေးမှာ ဘုန်းကြီးတစ်ပါးက မတ်တတ်ရပ်ပြီး တကာမတစ်ယောက်ကမြေကြီးပေါ် ဒူးတုပ်လက်အုပ်ချီနေမယ်။ ဒီကလေးထွက်လာတာကို ဘုန်းကြီးရော တကာမကြီးပါ မျက်လုံးပြူး၊ မျက်မှောင်ကုပ်၊ ပါးစပ်ဟောင်းလောင်းနဲ့ကြည့်နေမဲ့ပုံမျိုးပဲ ဆင်ရိုက်ပါလိမ့်မယ်လို့ ဆိုပါတယ်။

Bresson က ကလေးတွေရဲ့ စိတ်ကို နှိုက်ပြလိုက်တာ . . .။ သူတို့ကိုယ် သူတို့တကယ်အရေးပါနေပြီ။ တကယ်အရာရောက်နေပြီ။ တကယ်လူရာဝင်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်စိတ်မျိုးနဲ့ တကယ့်ကိစ္စကြီးကို ဆောင်ရွက်လိုက်တာဆိုတဲ့ ကလေးတွေရဲ့ စိတ်ကို လူကြီးတွေ သိအောင် ပြလိုက်တာ . . . ။ ဒီ ငယ်ရွယ်တဲ့ ကလေးတွေရဲ့ ဘဝ၊ သူတို့ရဲ့ လောက၊ သူတို့ရဲ့ စိတ်ထဲမှာ "ဆူး"ကလေးတွေ ရှိနေတတ်တာကို သတိပေးလိုက်တာ . . . ။ ဒီပုံကိုကြည့်ပြီး "ကလေးတွေနှယ်နော်"လို့ လူကြီးတွေက သနားသွား၊ ကြင်နာသွား၊ ချစ်ခင်နားလည်သွားအောင် ပြလိုက်တာလို့ ဆိုပါတယ်။

တစ်ခုတော့ ရှိတာပေါ့လေ။ ကျွန်တော်တို့လို အရှေ့တိုင်းဗုဒ္ဓဘာသာနိုင်ငံအဖို့တော့ ဒီဓာတ်ပုံမျိုး စွန့်စားရိုက်ကူးဖို့ လက်မရဲသေးဘူးပေါ့။

ဒီကနေ့ ဈေးကွက်ဝင်ပြည်တွင်း ပြက္ခဒိန်တွေ ဝေါလ်ရှိတွေ၊ မဂ္ဂဇင်းမျက်နှာဖုံးတွေကို မြင်ရတော့ ဆရာကြီးခါးတန်းဦးသန့်စာတမ်းထဲက အချက်တစ်ချက်ကိုလည်း ဖောက်သည်ချပါရစေ။

ဆရာကြီးက 'အလှမယ်'ဓာတ်ပုံရိုက်တာတွေနဲ့ ပတ်သက်ပြီး အခုလိုရေးသားခဲ့ပါတယ်။

အလှမယ်ရိုက်ရာမှာ မျက်နှာချည်းရိုက်တာက တစ်မျိုးပေါ့။ မိန်းကလေးရဲ့ မျက်နှာပေါက်၊ မျက်ခုံးက ဘယ်လို၊ မျက်လုံးက ဘယ့်နှယ်၊ နှာတံ၊ နှုတ်ခမ်း၊ သွားစတာတွေနဲ့ တစ်ဦးစီရဲ့ အလှကို ပေါ်အောင် ရိုက်တဲ့သဘော ပါတဲ့။

နောက်တစ်မျိုးက Pin Up သဘော . . .။ ဒါကိုတော့ ကျွန်တော်တို့ဆီမှာ အားမပေးပါဘူး။ ယဉ်ကျေးမှုအရ လက်မခံသေးဘူးဆိုတဲ့ သဘောပေါ့။ ဆရာကြီး Pin Up သဘောကို နမူနာတစ်ခုနဲ့ ရှင်းပြပါတယ်။ မိန်းကလေးကို ပေါင်ရင်းထက် အောက်မရောက်တဲ့ ဘောင်းဘီတိုတို၊ အဖျားကလည်း ခပ်စုတ်စုတ်၊ အင်္ကျီကလည်း ယောကျ်ားဝတ်ရှပ်အင်္ကျီပွပွ။ဘောင်းဘီအောက်စနဲ့အတူလောက် . . .။ ရှေ့ကြယ်သီးက တစ်ပေါက်လောက်တပ်၊ ရှပ်အင်္ကျီအောက်စကို ဗိုက်ပေါ်အောင် နှစ်ဖက်စုပြီး ထုံးထား။ ပြီးတော့ အပေါ်ကြယ်သီးမတပ်ဘဲ ခပ်ဟဟနဲ့ ဟိုကနည်းနည်း၊ ဒီကနည်းနည်း မပေါ့တပေါ်. . .။ မျက်နှာကလည်း မခိုးမခန့်လှောင်ပြုံး . . . ။ မျက်လုံးက မေးစင်း . . .။ အဲဒီပုံကိုကြည့်မိရင် ကြည့်သူစိတ်မှာ မရိုးသားစိတ်တွေ ပေါ်လာမယ်။ ဒါက Pin Up သဘောပါတဲ့။ စဉ်းစားကြည့်ရအောင်နော်. . .။ ဆရာကြီးပြောပြတဲ့ အဲလိုပုံမျိုးများက အနုပညာပါတယ်။ အခု ကျွန်တော်တို့ဆီမှာ ခေတ်စားနေတဲ့ တင်ကြီးပစ်ပြ၊ ရင်ကြီးကော့ပြနေတဲ့ အတုံးအတစ်မဟုတ်ဘူး။

နောက် တတိယမျိုးက Glamoun ဆိုပါတယ်။ သူက Pin Up နဲ့ ဆန့်ကျင်ဘက်။ သိက္ခာ၊ ဣန္ဒြေ၊ ခံ့ညားသိုက်မြိုက်မှုတွေ အသားပေးတယ်။ အဝတ်အစားက အလှူမင်္ဂလာသွား အကြော့စား၊ အဝတ်အစား . . . လွန်းရာ ကျော်ချိတ်နဲ့၊ ရင်ဖုံးလက်ရှည်နဲ့၊ ဆံထုံးနဲ့ပုံမျိုးပေါ့။ မျက်နှာလေးကလည်း ချိုပြီးတည်ရမယ်။ မကလက်ဘဲ ဣန္ဒြေရှင်ပီသရမယ်။ ဒီ Glamoun ပုံကို ကြည့်မိရင် Pin Up မှာလို မရိုးသားစိတ် မပေါ်စေရဘူး။ တကယ့်ကို မိသား ဖသားပီပီ စေ့စပ်ကြောင်းလမ်း ထိမ်းမြားယူချင်တဲ့ စိတ်မျိုး ဖြစ်ပေါ်ရမယ်။ ဒါမှမဟုတ် "ဒီလောက်ခံ့ညားလှတဲ့မိန်းမ ဒီတစ်သက် ငါလိုလူမရနိုင်တော့ပါ ဘူး"လို့ စိတ်မျိုးတွေ ဝင်လာစေရမယ်တဲ့။

ကျွန်တော်တို့ဆီမှာတော့ ဒီသဘောတွေကို ဥပေက္ခာပြုကြတော့ ပွဲနေ ပွဲထိုင် ရိုးရာဝတ်စုံကြီးနဲ့ပေမဲ့ Pin Up ဘက်နွယ်သွားတဲ့ ဓာတ်ပုံတွေ အများ ကြီးတွေ့ရပါတယ်။ ခေတ်ကလည်း ခြေလှမ်းကျဲ ခရီးဆန့်နေရပြီ မဟုတ်လား။ ဒီတော့ အားလုံးနဲ့ ဝင်ဆန့်အောင် လူမျိုးစရိုက်၊ ယဉ်ကျေးမှု၊ ဘာသာတရား အထိန်းအကွပ်အောက်မှာ ခေတ်မီဆန်းသစ်စွာနဲ့ နိုင်ငံတကာစံချိန်မီအောင် Glamoun လည်းမကျ၊ Pin Up လည်းမကျတဲ့ ဓာတ်ပုံမျိုးတွေ အနုပညာ မြောက်စွာ ရိုက်တတ်ဖို့လိုတာပေါ့။

ဆရာကြီး ဓားတန်းဦးသန့်က ဒီမှာ "အလှမယ်"ကို ဘယ်လိုရိုက်ကြ မလဲဆိုတာ ရေးသွားပါတယ်။ ကျွန်တော်တို့ဆီက ဓာတ်ပုံဆရာများ ရိုက်နိုင် ကြမလားမသိဘူး။ မော်ဒယ်၊ စံပြမယ်များလည်း သရုပ်ဆောင်နိုင်ကြမလား မသိဘူး။ ဆရာကြီးက သူ့မိတ်ဆွေ မြို့မငြိမ်းရဲ့ သီချင်းစာသားတွေထဲက "နုတဲ့ပါးပြင်ဆီ ရှက်သွေးဥလို့နီ" ဆိုတဲ့ အလွန်အရသာရှိတဲ့ မြင်ကွင်းမျိုး။ "ပြုံးမယောင် မျက်နှာလေးက မရဲတရဲ . . . " ဆိုတဲ့ အလွန်အနုပညာမြောက် တဲ့ မျက်နှာပေးမျိုး။ "ငိုမဲ့မဲ့နဲ့"စတဲ့ ပုံမျိုးတွေ ရိုက်ကြစမ်းပါလို့ တိုက်တွန်း ထားပါတယ်။ ဟုတ်ပါတယ်။ အဲဒါ တကယ့်အနုပညာပါ။

ဒီလိုပါပဲ။ ခေတ်နဲ့လျော်ညီစွာ "အညို့ရယ်သန်၊ ချစ်ခိုးလျှံမျက်လုံး လှတဲ့"ပုံမျိုး၊ "မူနွဲ့ပို မြူတဲ့ချိုပြုံးမေ"ပုံမျိုးလည်း ဖန်တီးရိုက်ကူးပြကြဖို့ လိုနေ ပါပြီ။

# သီတင်းကျွတ်ပြီလား . . .

သီတင်းကျွတ်ပြီ။

မီးပုံးပျံလွှတ်ရအောင်၊ မီးစာကို ရေနံဆွတ်ပါ။

မိုးလွတ်ပါမည်လား . . . ။ တဲ့

ငယ်ငယ်က အော်ဟစ်ခဲ့ဖူးသော ဖတ်စာလေးကို သတိရမိသေးတော့. . . ။

သီတင်းကျွတ်ပြီ။

ဖျောက်အိုးမဖောက်ရ . . . ။

မီးရှူးမီးပန်းလွှတ်ချင်သည်။

ပိုက်ဆံအကုန်ခံနိုင်ပါ့မလား . . . ။

မိုးကတော့ မည်းလာပြီ။

အရင်ကတော့ သီတင်းကျွတ်လဆန်းလျှင်ပင် အဘိုးသည်ဈေးချိုစီရုံထဲသွားပြီး ဆီစိမ်စက္ကူရောင်စုံဝယ်၏။ ဆီစိမ်စက္ကူတစ်ချပ် ၃၅ ပြား။ မှန်ရောင်စက္ကူက တစ်ချပ်သုံးမတ် . . . ။

အိမ်ရောက်တော့ ဝါးတစ်လုံးကို ခွဲစိပ်သည်။ ကော်တစ်အိုးကျို၏။ အဝတ်ဟောင်း တစ်စရာကာ လက်တစ်လုံးလောက် အစရှည်လေးများအဖြစ် ဆွဲဆုတ်သည်။ ထို့နောက် မီးပုံးအမျိုးမျိုးချိုးတော့သည်။ ဘီလူးမျက်ကွင်း၊ ကြယ်ပုံစသည်ဖြင့် . . . ။ ဝမ်းခြမ်းတွေ တစ်ချောင်းနှင့်တစ်ချောင်း ပူးဆက်တော့ အဝတ်စ အရှည်လေးတွေကို ကော်သုတ်ပြီး ရစ်ပတ်ချည်၏။ အဖြူထည်များပြီးတော့ ဆီစိမ်စက္ကူ မှန်ရောင်စက္ကူရောင်စုံများဖြင့် အလှဆင်သည်။ စိတ်လိုလက်ရရှိလျှင် ဘီးလုံးတပ်၍ ဆွဲရသော သင်္ဘော၊ လေယာဉ်ပျံ၊ မော်တော်ကားလည်း ချိုးပေး၏။ တစ်ခါတစ်ရံ မီးလည်တွေ လုပ်ပေးသည်။ မီးလည်တွင် မာရ်နတ်တိုက်ခိုက်ခန်း၊ အင်္ဂုလိမာလချွတ်ခန်း၊ ဒေသစာရီကြွချီခန်းစသည်တို့ဖြင့်လည်း ရေးဆွဲပူဇော်သည်။ အခု အဘိုးမရှိတော့ . . . ။

အရင်နှစ်တွေတုန်းကတော့ သီတင်းကျွတ်မှာ တရုတ်မီးလုံးတွဲလေးတွေ ချိတ်ဆွဲပူဇော်ခဲ့ရ၏။ သူကလည်း တစ်နှစ်ပဲခံသည်။ ငယ်ငယ်ကတော့

သီတင်းကျွတ် လဆန်း ၁၃ ရက်နေ့ကတည်းက ညစဉ် မီးလမ်းလျှောက်ဆိုကာ လည်ပတ်ကြသည်။ အိမ်ပေါက်စေ့ ထွန်းညှိသော မီးပုံးအဆန်းအပြားများ၊ အမျိုးအစားအစုံအလင်ကို တအံ့တသြ လှည့်ပတ်ကြည့်ရ၏။

သီတင်းကျွတ် မီးမထွန်းမိလျှင်ပင် "ဒီအိမ်က မြန်မာအိမ်မှ ဟုတ်ရဲ့လား၊ သီတင်းကျွတ်မှာ မှောင်နဲ့မည်းမည်း"ဟု အပြောအဆိုခံရ၏။

သီတင်းကျွတ် . . . ။

မြို့လယ်ခေါင် မီးရောင်စုံထွန်းညှိထားကြပါသလား . . .။

မှောင်မည်းနေလို့ မသင့်တော်ပါ။

တရုတ်မီးလုံးတွဲလေးတော့ ဆွဲထားပါ။

မြို့သစ်မှာတော့ ထိန်ထိန်ညီးမည် ထင်ပါသည်။

ဖယောင်းတိုင် ဝယ်ပြီး ဘုရားမီးပူဇော်ပါရစေဦး . . . ။

# ပျိုရွယ်သူတို့ စုံကာဖက်လို့

တော်သလင်း လကွယ်ပေပြီ. . .။ ဝါကျွတ်ဖို့ နှစ်ပတ်သာလိုတော့၏။ သည်လိုနှင့် တစ်ဝါတွင်းကုန်၍ တစ်ဝါကျွတ်တော့မည်။ "ဝါကျွတ်ပြီလေ ဘယ်နှယ့်လဲ အပျိုကြီး . . ."။ "တစ်ဝါကုန်ပြန်ပေါ့၊ ဘယ်လိုလဲ လူပျိုကြီး" ဟု ဝါကျွတ်လေတိုင်း မေးလေ့မေးထရှိခဲ့သည့် "မြန်မာ့ရိုးရာ အစဉ်အလာ စကားများ"ကိုလည်း ကြားရပေဦးမည်။ အရင်ကတော့ ဒီလို မေးခွန်းမျိုး မျှော် လင့်မိ၏။ အမေးခံရလျှင် ရှက်ယောင်သန်းသော မျက်နှာပေးဖြင့် တုံ့ပြန်မိပေ မည်. . .။ အခုတော့ ဒီအမေးမျိုးကြားရလျှင် မိုးကြိုးပစ်သလို လန့်ဖျပ်သွား တော့၏။ အိမ်ထောင်ရေး . . .။ သားရေး . . .သမီးရေး . . . ။ စားရေး. . .။ ဝတ်ရေး . . .။ နေရေး . . .။

မင်္ဂလာစရိတ် . . . ။ သိန်းဆယ်ဂဏန်း။ အနိမ့်ဆုံးတိုက်ခန်း . . . အထူးကုဆေးခန်းများ . . . ဈေးမကုန်ဈေးနှုန်း . . . ။

ထိုအခါ . . . ဝါကျွတ်ခြင်းအမှုကို လျစ်လျူရှုထားရတော့၏။ "သူ့ ဘာသာကျွတ်ကျွတ် . . . မကျွတ်ကျွတ် . . . "။ ထိုကိစ္စ . . .ဤကိစ္စများကို ခေါင်းထဲက ထုတ်ပစ်ရတော့၏။ ကိစ္စများမြောင် လူတို့ဘောင် အရှုပ် ဇာတ်အား ငြီးငွေ့ရတော့၏။ မငြီးငွေ့သော်လည်း ငြီးငွေ့ချင်ယောင်ဆောင်ရ တော့၏။ အဖော်မပါတစ်ကိုယ်တည်း အပျိုကြီးပဲ ကောင်းပါတယ်။ လူပျိုကြီး ပဲ နိပ်ပါတယ်ဟု ဖြေသိမ့်ရတော့သည်။

". . .ဂျာမနီတွင်၊ အရွယ်မနှောင်းစေချင် . . .။

အာဏာရှင် ဟစ်တလာက၊ ပျိုရွယ်သူတွေ စုံကာဖက်လို့၊ လက်ဆက် နေသတဲ့။

အလိုပြည့်ဖို့ ဟိုရွှေ့ဒီရွှေ့စို့ မောင်မယ်နှစ်ဖြာပင်" ဟူသော သီချင်း တစ်ပုဒ်ကြားဖူးသည်။ အမလေးလေး အခုနေများ . . . ဟစ်တလာဆိုသော လူကြီးမျိုးပေါ်လာဦးမှာ ကြောက်လှပါသည်။ အဲသလိုများ . . . ဖွတ်ပေးစားနေ ရင်ဖြင့် အဲသလိုများ . . . ဖွတ်အိမ်ထောင်ချပေးနေရင်ဖြင့် . . . အဲသလိုများ သားသမီးမွေးဖွားခိုင်းနေရင်ဖြင့် . . . အဲသလိုများ . . .

တွေးကြည့်လျှင်ပင် ကျောချမ်းဖွယ် ကောင်းလှတော့သည်။

## တန်ဆောင်မုန်း

“ဒီလိုလား ပျိုမဒီ. . .၊ ကြားရပါစေမည်
ငွားငွားစွင့်စွင့် ဖူးတိုင်းတင့်သည်။
ဟောဟိုတောင်မြင့်ပွေ့ဆီ . . .
ပုညစေတီ . . .
ကြည်ညိုရန်သွား . . . နှစ်ယောက်သား
ဆုတောင်းကြစို့လား . . .၊
ဘဝများ၊ ရေစက်ဆုံပေမည် . . . ”

(မြို့မငြိမ်း ရွှေမင်းဝံ)

# မိုးစကြွင်း

ကျွန်တော့်မိတ်ဆွေ ကဗျာဆရာကိုငြိမ်း(မန္တလေး)ရဲ့ ကဗျာတစ်ပုဒ် ဖတ်ဖူးတယ်။ "အကြွင်းဗေဒ"တဲ့။ သူ့ကဗျာလေးက ဒီလိုပါ။

စပါးလောက
အခွံကြွင်း
ဖွဲဖျင်းဖြစ်သေး။
နှင်းဆီလောက
အကိုင်းကြွင်း ဆူးခင်းဖြစ်သေး။
ရာသီလောက
မိုးစကြွင်း
နှင်းဖြစ်သေး။
ဂဏန်းလောက
သုညကြွင်း
ဘယ်သင်းမှ မဖြစ်
သုညဖြစ် . . . တဲ့။

ကဗျာရဲ့ ဒဿနတွေ၊ အတွေးအမြင်တွေကို စာမဖွဲ့လိုတော့ပါဘူး။ ကျွန်တော်ကဗျာတစ်ပုဒ်ကို သုံးသပ်ခံစားတင်ပြနိုင်တဲ့ အရည်အချင်းလည်း မရှိပါဘူး။ ဒါပေမဲ့ ဒီကဗျာလေး ဖတ်လိုက်ရတော့ "မိုးစကြွင်း . . . နှင်း ဖြစ်သေး"ဆိုတဲ့ စကားလုံးလေးလည်းဖတ်မိရော စာအုပ်ပိတ်ပြီးအခန်းပြတင်းဝ ကတစ်ဆင့် ပတ်ဝန်းကျင်ကို ငေးရီကြည့်မိပါတော့တယ်။

ဟုတ်တယ် . . . ။ ဒီနှစ်မိုးရာသီဟာ အညာဒေသကို ဝီရိယနည်းစွာ နောက်အကျကြီးကျပြီးမှ ဝင်လာပါပကော။ အခု တော်သလင်းလ ကုန်တော့မယ်။ တော်သလင်းလပြည့်လောက်ကျမှ မန္တလေးမှာ မိုးဖြိုင်ဖြိုင်ကျတာ ကလား . . .။ အခုအချိန်အထိ စွေလို့ ကောင်းတုန်းပေါ့။ ရာသီကလည်း အုံ့မှိုင်း။ မနက်လင်းရင် နေမမြင်ရတဲ့ ရက်ကများတယ် . . . ။ လှစ်ခနဲပြူပြီး ပွင့်လာတဲ့ နေရောင်ခြည်ကလည်း ပူပြီဆို စူးစူးရဲရဲကြီး။ ဒါကလည်း ခဏ...။

မိုးကလည်း အောက်ပြည်အောက်ရွာမိုးလို ဝုန်းခနဲ သွန်တာမျိုးလည်း မဟုတ်ဘူးလေ. . .။ "ရွာလေတသဲသဲ"ထက် "အုံ့ကာလေတဖွဲဖွဲ"က အချိန်ပို ကြာတတ်တာမျိုးပါ။

မန္တလေးမိုးမှာ အများစုဟာ ထီးဆောင်းကာကွယ်တတ်ဖို့ အတော် အလေ့အကျင့်လုပ်ယူထားကြရတဲ့ ပုံမျိုးပေါက်နေလေရဲ့. . . ။ အညာမှာတော့ အခုလို မိုးစွေနေမှသာ ထီးရှာပါဟဲ့၊ ထီးပြင်ပါဟဲ့၊ ထီးဝယ်ပါဟဲ့ ဖြစ်ကြရတာ ပါ။ မန္တလေးမှာ အများစုက စက်ဘီးကို အသုံးပြုသွားလာနေရလေတော့မိုးရွာ ထဲမှာ ထီးဆောင်းပြီး ရေတွေ လျှံနေတဲ့လမ်းပေါ် စက်ဘီးစီးရတာ ဒုက္ခမသေး လှဘူးပေါ့။

ဒါကြောင့် မိုးကာအင်္ကျီကိုပဲ ဆောင်ကြရတယ်။ ကျောင်းသွားတဲ့ ကလေးတွေလည်း မိုးကာအင်္ကျီနဲ့၊ ရုံးတက်တဲ့ ဝန်ထမ်းလည်း မိုးကာအင်္ကျီနဲ့၊ ဈေးသမားလည်း မိုးကာအင်္ကျီနဲ့ . . .။

မကြာခင် သီတင်းကျွတ်တော့မှာပါ။ မန္တလေးမြို့ရဲ့ ဘုရားပွဲတွေ လည်း ဆင်နွှဲတော့မှာပါ။ သီတင်းကျွတ်လဆန်း (၉)ရက် (၁၀)ရက်ဆိုရင် မြို့လယ်ခေါင်က ဘုရားသုံးဆူပွဲကြီး စတော့မယ်။ ဘုရားသုံးဆူပွဲမှာ ထူးခြား တာက ဘယ်ဘုရားပွဲမှာမှ မမြင်မတွေ့ရတဲ့ အိုးပုတ်ဈေးတန်းကြီး ခင်းကျင်း ရောင်းချလေ့ရှိပါတယ်။ တောင်ပြုန်းပွဲမစခင် အကြိုနေ့မှာ အိုးလှေ၊ အိုးဖောင် ကြီးတွေ အိုးဘိုဆိပ်ဘက်ဝင်နားတော့ မြို့လူထုက အိုးဝယ်၊ အင်ဝယ်ရင်း အပျော်သဘော ကလေးကစားတဲ့ အိုးပုတ်လေးတွေ ဈေးသည်မသိအောင်ယူ ရင်းက အခုထိကျင်းပနေတဲ့ အိုးပုတ်ပွဲဆိုတာ ပြီးရင် . . . အခုဘုရားသုံးဆူဟာ မြို့လယ်ခေါင်က တစ်ခုတည်းသော အိုးပုတ်ပွဲပါ။

တီဗွီဂိမ်းကစားကြ၊ လေဆာသေနတ်ပစ်ကြ . . .၊ တိုက်ကားမောင်း ကြ၊ ရေလွှာလျှောစီးကြ၊ သရဲရထားစီးကြ၊ ကွန်ပျူတာကို အိုးပုတ်ချိုးရပ်လို့ ကစားနေကြတဲ့ အချိန်မှာ အခုလို မြေစေးရွှံ့ရုပ် အိုးပုတ်၊ ချိုးရုပ်ဈေးကွက်ဟာ မြို့လယ်ခေါင်မှာ ဘယ်သူ့အတွက်လဲဆိုတာကလည်း စိတ်ဝင်စားစရာကောင်း တဲ့ ဈေးကွက်သုတေသနတစ်ခုပေါ့။

ဒါ့ကြောင့် ဘုရားသုံးဆူပွဲ အိုးပုတ်တန်းကို မသိမသာစောင်းငဲ့ကြည့် လိုက်တော့ . . . ဘုရားသုံးဆူပတ်ဝန်းကျင်ဝင်းထဲ အရပ်ထဲက ကလေးတွေ လည်း အိုးပုတ်ချိုးရုပ်တွေ အားပေးကြသားပဲ။ ဒါပေမဲ့ သူတို့လေးတွေ အငြိမ့်ပြီးအောင်တော့ ညနက်သန်းခေါင် မကြည့်နိုင်ကြပါဘူး။ မြို့သစ်ဘတ်စ် ကားလိုင်းတွေ မသိမ်းခင် စောစောပြန်ကြရလို့ အိုးပုတ်လေးတွေ ပိုက်ပြီးပွဲခင်း ကို နောက်ဆံတငင်ငင်နဲ့ . . .။ ပွဲခင်းထဲက တိုက်အများစုကတော့ . ..အငြိမ့်

စင်က တီးဝိုင်းအသံ၊ ဈေးသည်တွေအသံ၊ မျက်လှည့်နဲ့ အံ့ပွဲရုံက လူခေါ်သံတွေ နားမယဉ်ကြလို့ ထင်ရဲ့ . . . အစောကြီးကတည်းက မီးစက်မောင်းပြီး တိုက်တံခါးအလုံပိတ်ထားကြတယ်။

မိုးကတော့ "ရွာလေတဖွဲဖွဲ" . . . ။ လမ်းတွေပေါ်က ရေတွေလည်း အလျှဉ်မပြတ်တော့ . . .။ မကြာခင် သီတင်းကျွတ်လပြည့်ကျော်ရင် ဆောင်းဝင်တော့မှာလား။ မန္တလေးမှာက အောက်တိုဘာဆိုရင် ဆောင်းဝင်ပြီလေ ...။

ရာသီလောက
မိုးစကြွင်း
နှင်းဖြစ်သေး . . တဲ့ . . . ။
မိုးစကြွင်းကလေးတွေ နှင်းဖြစ်တော့မှာပါကလား . . .။
ရာသီကတော့ နိယာမအတိုင်း ပြောင်းနေကျ . . . ။

# ချမ်းတစိမ့်စိမ့်

အရှေ့ဆီက . . .
ဝင်းပရွှေရည်
နေခြည်ပွင့်စ
ဩကာသလောက
လှပွင့်လင်း . . .
နံနက်ခင်း အဆင်းဝေဖြာ . . .။

ရင်ထဲပေါ်လာသော တေးတစ်ပုဒ်ကို ကောက်ညည်းမိသည်။ မန္တလေး၏ ရာသီထဲမှာတော့ ဟောသည် ရာသီက အလှဆုံး . . . ။ အအေးဓာတ်က သိပ်သိပ်သည်းသည်း တိုးဝင်လာ၏။ ကောင်းကင်တွင် ကြည်လင်နေသည်။ မိုးရိပ်လေရိပ်ကလည်း ကင်းကင်း . . .။ ကျုံးဘေးတစ်လျှောက်မှာတော့ နှင်းတို့၏ အစအနများကို မြင်နေကြရ၏။ နေထွက်နောက်ကျစပြုလာသော ကာလမို့ နေမြင့်မှန်းမသိသာလှ။

နှင်းဝေရီရီမှာပင် ကျူရှင်သွား ကျောင်းသားက အပြေးအလွှား. . .။ အလုပ်သွားအလုပ်သမက အပြေးအလွှား. . . ။ ဈေးသွားအိမ်ရှင်မက အပြေးအလွှား . . .။

မကြာမီမှာပင် ဆောင်းပန်းချီကားက ပီပြင်လာတော့မည် ဖြစ်၏။ အနုအရင့်စုတ်ချက်များက စိတ်လာတော့သည်။ မန္တလေးဆောင်း အညာဆောင်းကဖြင့် အေးရဲသည်။ ခိုက်ခိုက်တုန်ချမ်းစေသည်။ နှင်းတွေပိတ်နေအောင် ကျစေသည်။ ထိုအခါ အေရိုးဗစ်နှင့် ကာကွယ်သူက ကာကွယ်၊ ဂူရှူးလေ့ကျင့်ခန်းဖြင့် ခုခံသူက ခုခံ . . .။ သွက်သွက်လျှောက် မြန်မြန်ပြေးဖြင့် ကျော်ဖြတ်သူက ကျော်ဖြတ် . . .။ ပြုနေကျ ကိစ္စတစ်ခုသဖွယ် အေးဆေးတည်ငြိမ်စွာဖြင့် ဆောင်းကို ဖြတ်သန်းသူက ဖြတ်သန်းကြပေမည်။

အများစုကတော့ ဝမ်းစာတစ်ခုဖြင့် ဆောင်းကို သတိမရအား. . .။ ပြေးဟယ် လွှားဟယ်၊ ရှာဟယ်၊ ဖွေဟယ်နှင့် ချွေးဒီးဒီး ကျနေတော့သည်။

မပူပေါင်–ခေါင်းဆီကအေးသော်လည်း
အဖြူရောင် အဟောင်းထည် ကလေးကိုတော့
ညောင်ပင်ဈေးက ဝယ်ခဲ့တယ် . . .။

တစ်ထည်မှ ငါးဆယ် တစ်ထည်မှ ငါးဆယ်တည်း . . . ဟုဆိုကာ ကိုယ်စီကိုယ်စီ အဟောင်းထည်လေးတွေ ခေါင်းက စွပ်ချကြတော့သည်။

တချို့လည်း ဖားဖား၊ တချို့လည်း ကျပ်ကျပ်၊ တချို့လည်း လက်ရှည်၊ တချို့လည်း ခါးတို၊ ပုံကျပန်းကျ၊ တချို့လည်း ချပ်ချပ်ရပ်ရပ် . . .။

တကယ်တော့ မန္တလေးဆောင်းကား နှစ်စဉ်နှစ်တိုင်း သည်လိုပဲ ပြီးသွားသည် မဟုတ်ရလား . . .။ ဘာမှ မထူးခြား . . . ။

သို့သော် ထူးခြားသည်က ဤမျှ ခိုက်ခိုက်တုန်အောင် ချမ်းသည့် ဆောင်းမှာပင် ဘယ်တုန်းကမှ မကိုက်ဖူးသော ခြင်က ဝီခေါ်နေအောင် ကိုက်ခြင်း၊ ပေါနေခြင်း ဖြစ်သည်။ မန္တလေးခြင်က ဆောင်းကိုဖြင့် မမှုပြီ . . .။

အဲယားကွန်း အခန်းထဲနေပြီး ပါဂျရိုဖြင့် သွားနေသူများကား မန္တလေးမှ ခြင်အန္တရာယ်ကို သိမှာမဟုတ် . . .။

# တစ်ကြော့ပြန် စစ်ကိုင်းတောင်

ဘူတာဟောင်းသို့ ဆက်သွယ်ထားသော မီးရထားလမ်း၏ ရုံးနိမ့်နိမ့်လေးအား ဖြတ်ပြီးနောက် မြင်းလှည်းသည် နောက်ထပ် ပါစင်ဂျာမတင်တော့ . . .။ တင်စရာလည်း မလိုတော့ပေ။ ရှေ့မှာ လူနေရပ်ကွက်က ဘာမျှမရှိ . . .။ တောရိပ်တောင်ရိပ်လွှမ်းလာသည်။ ကတ္တရာလမ်းကျဉ်းကလေးဘေး . .ဖုံထူထူ မြေလမ်းကလေးပေါ်မှာ ဆိတ်တစ်အုပ် မောင်းချင်မောင်းသွားမည်။ ချိတ်ဆေးသုတ် ထီးနီရဲရဲအား ဆောင်းထားသည့် မယ်သီလရှင်တစ်ပါးစ နှစ်ပါးစ တွေ့မည်။ သို့မဟုတ် ပဉ္စင်းငယ် တစ်ပါးစ နှစ်ပါးစ တွေ့မည်။ ဒါပါပဲ . . .။

မြင်းလှည်းလေးက ကတ္တရာလမ်းကျဉ်းကျဉ်းကလေးပေါ်မှာ ခြေသံမှန်မှန်ဖြင့် စည်းချက်ကျကျ ပြေးလွှားနေတာ . . .။ ရွှေစေတီချောင်အကျော်ကုန်းအတက်ရောက်တော့ ဖြည်းနှေးသွား၏။ တချို့မြင်းပိန်မလေးတွေ ဆွဲသော မြင်းလှည်းများက ထိုနေရာရောက်လျှင် လူတွေ ဆင်းကြရ၏။ ထိုကုန်းအတက်လေးသည် စစ်ကိုင်းတောင်၏ ထိတွေ့မှု အစပဲဖြစ်ပါသည်။

တရုတ်စကားပင်တွေက ထူထူစိပ်လာ၏။ တရုတ်စကားရနံ့တွေ ကြိုင်ကြိုင်လှျောက်လာသည်။ ငယ်ငယ်က သွားခဲ့ဖူးသော စစ်ကိုင်းတောင်ခရီးစဉ်မှ မြင်းလှည်းလေးကို သတိရနေသည်။ ဟော . . . ကနီကွေ့တဲ့။ ကနီကွေ့ဟု အမည်တွင်ရစ်စေသည့် ကနီချောင်သည် စစ်ကိုင်းတောင်ကိုပထမဦးဆုံး ရောက်ဖူးသော ချောင်ဟု မှတ်သားထားမိသည်။ သည်တုန်းက အသက်ဘာရှိဦးမလဲ . . .။ ရှစ်နှစ်သားလောက် ရှိမှာပေါ့ . . .။ သည်တုန်းကတော့ နေ့ချင်းပြန်ခရီး . . .။ တောင်ပေါ်မလည်မီ ကနီချောင်သို့ ဝင်ပြီး ဦးပဉ္စင်းကြီးတစ်ပါးကို ကန်တော့ကြရသည်။

နောက် . . . စစ်ကိုင်းတောင်မှာ ပထမဦးဆုံးအိပ်ဖူးသည်က ပထမဂန္ဓာရုံချောင်ဖြစ်သည်။ ကနီချောင်အထက်က ဖြစ်၏။ ကျောက်စီကမ်းပါးယံကြီးများ ချောက်နှုတ်ခမ်း မေးတင်ဆောက်ထားသည့် ကမ္မဋ္ဌာန်းကျောင်းငယ်။

ထို့နောက် ရေဆင်းရန့်ဖြူဖြူ တပြန့်တပြောနှင့် ရေကန်ကျယ် . . .။ ပထမ ဂန္ဓာရုံချောင်မှာ ညအိပ်စဉ်က ကထိန်ပွဲကြီးတစ်ပွဲသို့ ကူညီညာလုပ်ကိုင်ပေးရန် လိုက်ပါရသော အဖေနှင့် လိုက်ရသည်မို့ အလုပ်ရှုပ်နေသော အဖေက ဘယ်မှ လိုက်မပို့နိုင်သောအခါ ချောင်းနံဘေး စောင်းတန်းကလေးအတိုင်း အပေါ်သို့ တက်ပြီး "ဇေတဝီ"လေးသို့ သွားချင်သွား . . .။ သို့မဟုတ် အောက်သို့ ဆင်းပြီး ကနီကွေ့ကမုန့်လုံးရေပေါ်တွေ စားချင်စား. . . ဒါပဲဖြစ်သည်။ သွားစရာ နေရာမရှိ။ အဖော်မရှိ . . .။

နောက်နှစ်တွေ . . . နောက်နှစ်တွေရောက်တော့ အခုလိုတန်ဆောင်မုန်းလပြည့် ကထိန်ရာသီတိုင်း စစ်ကိုင်းတောင် ရောက်သောအခါ သွားစရာတွေများလာ၏။ အဖော်တွေများလာ၏။ သရက်ပင်ဆိပ် မြင်းလှည်းပေါ်က ဆင်းပြီး အောက်ထပ်မှာ လှေတွေ မှောက်ထားသော ခြေတံရှည်အိမ်များနှင့် နှာတဖူးဖူး မှုတ်ကာ အစာခွက် နှုတ်သီးထိုးနေကြသော နွားတင်းကုပ်တွေ အကြားအတိုင်း မြစ်ဆိပ်ဆင်းပြီး ငှက်စီးကြသည်။ ရှင်ဖြူရှင်,လှဆိပ်တက်ကြသည်။ စစ်ကိုင်းတောင်မှာ ပျော်စရာ . . .ရင်ခုန်စရာ. . . ကြည်နူးစရာတွေ တွေ့ကြုံခံစားလာရတော့သည်။ သည်အတိုင်း . . . လေး . . . ငါး . . . ဆယ်နှစ်၊ နောက် . . . စစ်ကိုင်းတောင်ကို မရောက်ဖြစ်တော့ . . . ။ အိမ်ထောင့်တာဝန်တွေ ပိလာလို့ပဲ ဆိုကြပါစို့ . . .။ ၁၅ နှစ်ကျော် နှစ် ၂၀ နီးပါး။

ဟော . . . သည်နှစ်တော့ စစ်ကိုင်းတောင်သို့ ပြန်လည်ရောက်ရပြန်၏။ နေ့ချင်းပြန်ခရီးကတော့ အကြိမ်ကြိမ် . . .။ ကထိန်ရာသီ . . . ညအိပ်ခရီးက သွားမည့် သွားရတော့ နှစ်ကြိမ်နှစ်လီ . . .။ လူနေအိမ်ခြေတွေ ထူထပ်လာသော ရပ်ကွက်များက တောင်ခြေ ဘုန်းကြီးကျောင်းဝင်းကြီးတွေဆီ ပြေးကပ်လာကြသည်။ တောင်ခြေသို့ မြို့ထဲမှ လာသည့် ကတ္တရာလမ်းလေးက . . . အခုတော့ဖြင့် ဖြူးဖြောင့် ကျယ်ပြန့် . . . ။ သရက်ပင်ဆိပ်က လက်ဖက်ရည်ဆိုင်တွေမှာ သီချင်းစီဒီစက်တွေ အပြိုင်အဆိုင်ဖွင့်ထားကြသည်။ ပိုးအိစံ၏ အသံက စီစီညံနေ၏။ "ပုစွန်ဆိတ်လေး ဘယ်လိုငယ် . . . ပင်လယ်ကူးတတ်တယ် . . ." တဲ့။

သည်တစ်ခေါက် စစ်ကိုင်းတောင် ခရီးက ဘယ်မှ သွားစရာမရှိ။ အဖော်မရှိ။ ထို့ကြောင့် မနက်လင်းကတည်းက သရက်ပင်ဆိပ်နိုးတူးလက်ဖက်ရည်ဆိုင်က စားပွဲလေးပေါ်ထိုင်ရင်း ကထိန်ပွဲလာ ပရိသတ်ကို ငေးကြည့်နေရသည်။ သွားစရာမရှိ . . .။ အဖော်မရှိ . . .။ သွားစရာမရှိ . . .။ အဖော်မရှိ. . .။

# ချိန်ခါဝါစွန့် လတန်ဆောင်

"နဂါးလိမ် မိလ္လာ သိင်္ဂါညွှန့်မှာ
တိမ်ပြာ ဇာတွန့်မြအရောင်၊
ချိန်ခါဝါစွန့် လတန်ဆောင်ငယ်
သရဒ ဦးသျှောင်ခေါင်ရတု၊
ရှစ်ဌာန်းဝန်းဝိုက်ပြိုတော့မည်လို
လျှပ်ခြည်နတ်စည် ခြိမ့်ညောင်းဆော်ခဲ့ခု"

နွေကဖြင့် ဘာမှ မကြာလိုက်၊ ဒီနှစ်မှာ မိုးက ရက်ရှည်ယူသွားသည်။ မိုးသည်းသည်းရက်ဆက်ရွာပြီး တိတ်ခါစလမ်းက ဗွက်အိုင်ခြောက်စအပြုမှာပင် မြောက်ပြန်လေက သော့သော့နှင်လာပြန်သည်။ မနက်လင်းတော့ နှင်းဇာပဝါပါးကျလာပြန်၏။ ပရပ်လုံးနဲ့သင်းသင်း ဂွမ်းကပ်စောင်တွေ ထုတ်ကာနေပြကြသည်။

ဝါဝင်တာ မကြာလိုက်ခင်မှာတော့ အခုတော့ ဝါကျွတ်လို့ တန်ဆောင်မုန်းပင် ဆန်းစပြုနေ၏။ တော်သလင်း မလွန်ဆန်လူ့ပွဲ၊ သီတင်းကျွတ်ဘုရားသုံးဆူပွဲ၊ အိမ်တော်ရာ ဘုရားပွဲ၊ မဟာသကျသီဟဘုရားပွဲ၊ ရတနာမဥ္ဇူဘုရားပွဲ၊ ကျောက်တော်ကြီး ဘုရားပွဲများပင် တစ်ပွဲပြီးတစ်ပွဲ ပြီးပြန်ချေ၏။ မကြာမီ ကထိန်ပွဲတွေ စတော့မည်။ နာမည်ကျော် ဈေးချိုကထိန်ကြီးကတော့ ယခင်ဈေးချိုတော်ရုံကြီး (၁၂)ရုံမှ သမိုင်းဝင် ကထိန်ပွဲကြီးမျိုး ပြန်လည်ခင်းကျင်းနိုင်ဖို့ ဆန္ဒရှိနေကြမှာ သေချာသည်။ ဆိုင်ခုံ၊ ဆိုင်ကောင်တာများမရှိဘဲ ဟော (Hall) ကြီးတစ်ခုသဖွယ် ခင်းကျင်းထားသော ဈေးချို A ရုံကြီးထဲမှာ ပဲအိတ်၊ ဆန်အိတ်တွေကြားမှ မြို့မနှင့် အငြိမ့်ခန်းကို အခုလို တန်ဆောင်မုန်းရာသီတွင် အားပါးတရ အမြဲကြည့်ရမည်။ ဘီရုံဘယဆေးအိတ်တွေကြားမှ အောင်မြေအေးအငြိမ့်၊ စီရုံစာရေးကိရိယာ စက္ကူပုံ စာအုပ်ပုံတွေကြားမှ မြို့တော်အငြိမ့်၊ ဒီရုံစက္ကူပန်းတွေကြားမှ အရီးတောင်း လက်ဖက်ဆိုင်တွေကြားမှ သစ်လွင်အငြိမ့်၊ အီးရုံရွှေဆိုင်တန်း၏ ပေါလစ်ရောင်တောက် ကျွန်းသားဆိုင်ခန်း

တွေပေါ်မှာ ခနုံထုပ်ပူပူစားရင်း မန္တလေးရတနာပုံအငြိမ့်၊ ဒီလိုပါပဲလေ၊ ငါး ခြောက်အိတ်တွေကြား၊ ချည်ထုပ်တွေကြား၊ ကုန်ခြောက်တွေကြား၊ တက်ထ ရက် အစအထပ်တွေကြား၊ တောင်မြို့ထည်တွေကြား၊ သဲတော ဝမ်းတွင်းထည်တွေ ကြား၊ ပိုထည်ချိတ်ထည်တွေကြား၊ ဆိုးဆေးသံပုံးတွေကြား၊ သစ်သီးမျိုးစုံ ဗန်းတွေကြား၊ ထိုးမုန့်ပန်းကန်တွေကြား၊ ကုန်စိမ်းသည်တွေကြား၊ ငါးဒိုင် ငါးဆိုင် တွေကြား၊ ကြက်သွန်ပုံတွေကြား၊ ခေါက်ဆွဲခြောက်ထုတ်တွေကြားမှာ . . .

အငြိမ့်ပေါင်းစုံ၊ တီးဝိုင်းပေါင်းစုံ၊ မင်းသမီးပေါင်းစုံ၊ လူရွှင်တော် ပေါင်းစုံ၊ အဆိုတော်ပေါင်းစုံ၊ ဇာတ်မင်းသားပေါင်းစုံတို့၏ အနုပညာကို အခု လို ရာသီမှာဈေးချိုနှင့် ဈေးချိုပတ်ပတ်လည်၌ တနင့်တပိုး ကြည့်ရှုခံစားခဲ့ကြ ရတာကိုလည်း မမေ့လောက်သေးဟု ထင်ပါသည်။

တန်ဆောင်မုန်းလဆန်း (၁၄)ရက် (အဖိတ်နေ့)ဆိုလျှင် မနက်လင်း ကတည်းက ကထိန်အလှူကားတွေ စစ်ကိုင်းဆီဦးတည်ကြ၏။ နည်းနည်းနေ မြင့်လာတော့ စစ်ကိုင်းတံတားထိပ်မှာ တန်းစီနေကြရတာ တံတားဖြူသို့ပင် တိုင်တော့သည်။ စစ်ကိုင်းတောင်ရိုးချောင်တိုင်း ချောင်တိုင်းမှာ ဈေးချိုသူ ဈေးချိုသားတို့၏ ကထိန်အလှူချည်းဖြစ်၏။ ယခုထက်ပင် မြင်သာပါသေး သည်။ ချောင်များ၏ အုတ်တံတိုင်း၊ မုခ်ဦး၊ ဆွမ်းစားကျောင်း၊ ဘုရားဆောင်၊ ဇရပ်၊ ကျောင်းတိုက်များ၌ ဘယ်ခုနှစ်က ဈေးချိုတော်ဘယ်ရုံ၏ ဘယ်နှစ် ကြိမ်မြောက် ကထိန်ကောင်းမှုဆိုသော ကမ္ပည်းစာတန်းများပင် ဖြစ်၏။

မန္တလေးမှာ ရှေးက ကပ်ရောဂါကျရောက်လေတိုင်း၊ နယ်ချဲ့စစ်၊ ပြည်တွင်းစစ်မီး အကြိမ်ကြိမ်ခလေတိုင်း "အေးလကွယ်၊ နေကြလဟဲ့၊ စိတ် တိုင်းကျ ပျော်ပျော်နေ" ဟု ခွင့်ပြုတော်မူလေသောကြောင့် စစ်ကိုင်းတောင်ရိုးရှိ သာသနာ့ရိပ်မှာချည်း ခိုလှုံခဲ့ကြရလေသည်။ ထို့ကြောင့် မန္တလေးက လှူဒါန်း စရာရှိတိုင်း စစ်ကိုင်းတောင်တော်ကိုချည်း ဦးထိပ်ထားခဲ့ကြခြင်း ဖြစ်ပါသည်။

ထိုထိုကျေးဇူးကို ယခုနှစ်တွင်လည်း ပြန်လည်ဆပ်နိုင်ရန် အားထုတ် မှုမျိုး အဆင့်မြင့်ဈေးချိုတော်ရုံသစ်ကြီးမှ ကထိန်များတွင် မြင်တွေ့ရလေသော အခါ ဝမ်းသာပီတိဖြင့် သာဓုအကြိမ်ကြိမ်ခေါ်ဆိုမိကြပါလေ၏။

## နှုတ်တော်

“ထင်းရှူးတွေ ယူကလစ်တွေ
ပင်နန်းငယ်သာတွေ
တောင်ကျစမ်းရေလေးတွေ စီးလို့နေ
စိမ့်စိမ့်အေးအေး မြသွေးရည် . . .
မြူးရွှင်လန်းနေ . . .
မြကန်တော်တွင်း လေညင်းပြေ . . .
ညျပါလို့နေ . . . ।
နှုလှိုင်းငွေ . . . အိနေ . . .”

(မြို့မငြိမ်း ကိုယ်တို့မေမြို့)

# ပါး . . . လွင့် . . . ပျောက်ကွယ် “နှင်း”

“တိမ်ခြေငယ်ရှင်းပါလို့ မြူနှင်းငယ်စိုစို
လပြာသိုမှာ . . .
နွယ်ခွာညိုမြိုင်မြိုင်နှင့် လှိုင်လှိုင်သင်းတဲ့ လကိုလေး . . .” တဲ့။

အအေးဓာတ်က နှလုံးသားထဲ စိမ့်ဝင်လာသည်။ “လင်းပါမှ ပိုအေးလာတယ်”ဟူသော အသုံးအသပ်က နေ့စဉ်နှင့်အမျှ ရွတ်နေရ၏။ ဆောင်းရောက်သော်လည်း ဆောင်းမို့ ငြူစူမျက်စောင်းခဲမိသော်လည်း . . . ရင်ထဲမှာက ဆောင်းကို ချစ်နေသည်။ ပရုပ်လုံးနံ့သင်းနေသည့် လေယာဉ်မောင်းအပြာနုယုန်အမွေးဆွယ်တာလေးကို တမ်းတနေမိသည်။ ပါးပြင်မှတစ်ဆင့် နှလုံးသားဆီအထိ နွေးခနဲစီးဝင်လာမည့် အသက်ရှုလေငွေ့ငွေ့ကလေးကို သတိရနေမိသည်။ နဖူးဆီမှ ဆံစလေးတွေ ပွတ်သပ်ပင့်တင်လိုက်တော့ ငယ်ထိပ်ဦးရေနားဆီမှာ နှင်းငွေ့ရိုက်အေးစက် ဆံနွယ်မျှင်လှိုင်းအတွေ့အထိကြောင့် ထိတ်ခနဲရင်ဖိုကာ လက်ဖျားလေးတွေ ထွေးပွေ့ယူခဲ့ရတာ မှတ်မိနေသည်။ ပင့်သက်ချသံပြင်းပြင်းနှင့်အတူ ယိုင်လဲပြိုလာသော ကိုယ်လုံးလေးက အပူစီးကြောင်းလေးတစ်ခုအဖြစ် ရုတ်ချည်းပြောင်းလဲသွားစေ၏။ သြော် . . . နှင်းရေ . . . ။

“မြရည်သာကျင်းတော့တယ်။ ကျနှင်းတန်တန်ကို
ဇကန်တောင်နေနှင့် ကုဋ္ဌေငွေခြုံတော
လေးရုံသာ ပုံပြန်တော့မယ် ခ လုံပဲကို . . . ”တဲ့။

ဒက္ခိဏယာဉ်စွန်းတန်းဆီ ဦးလှည့်တိမ်းစောင်းရင်း မထွက်ချင် ထွက်ချင် ထွက်လာသော နေနုနုကို နှင်းထုက အားနာပါးနာ ဖယ်ခွာပေးလေမှ ရွက်ဖျားနှင်းသီးတွေ ဖန်သီးဖွင့် ဝင်းလက်ကြရသည်။ မြောက်လေလေး မရဲတရဲ သွေးလေတော့ ငှက်ပျောဖက်ဖူးနုပေါ်က ညအိပ်နှင်းဥ ခုန်ဆင်းပြန်၏။ ‘ညအိပ်နှင်းဥ’ . . .။ သြော် . . .အားကုန်အနားယူသွားလေသော နက်မှောင်မျက်တောင်ကော့ကြီးတွေမှာရော . . . “ညအိပ်နှင်းဥ”လေးတွေ သီးနေပါသေးလားလေ။ သင်းနှင်းဥက မိုးပေါ်က ကျလာတာမဟုတ်လေဘဲ နှလုံးသားရင်

ညွှန့်ဆီမှ ဝေဒနာက တွန်းပို့ရုန်းကန်ရသောကြောင့် ‘မျက်ရည်’မည်လေ၏။ ဝမ်းသာ မျက်ရည်ပဲ ဖြစ်ပါစေ နှင်းရယ် . . .။

“ဆန်းသည်ကား
ဖုသျှုကြယ်နှင့်
ခန့်တော်သင့်၍ ပွင့်ခွာညိုနှယ်။
ရိုးတံသွယ်နှင့်။
မိုးလယ်ဝေးမှုန် နှင်းဖုံဖုံနှင့် . . .”

လျော့ရဲပြေလု ခြယ်သနံ့သာ အစအနများက ရင်ထဲ စုစည်းဖန်များတော့ အမြုတေဖြစ်လုပြီ။ နွမ်းလျလျက ခံစားဖွယ် အလုပတ္တမြားပွင့်အဖြစ် ‘ဥ’နေတာ ကြာမင့်ပေ့။ လေးတွဲ့ခြေလှမ်းအစုံကို ဝပ်စင်းမြက်ရွက်တို့ နှင်းရည်ဖြင့် ပွတ်သပ်၏။ နှင်းတောထဲမှာ ခြေဦးတည့်ရာ ပခုံးချင်းတွန်းတိုက်ရင်း ဖြည်းဖြည်းလေး လမ်းလျှောက်ရတော့ ပိုင်ဆိုင်မှုအသစ် ထုထည်ခိုင်ခဲ့လာပြန်၏။ ထိုနံရောအခါ . . . နှင်းကို နှုတ်ခမ်းနီ ထပ်မဆိုးစေချင်တော့ပါ . . .။

“. . . ခွာပန်းငယ်အခိုင်ခိုင် . . .ဆွတ်ကြိုင်ငယ် လေသွင်း
ချမ်းစေစိမ်းညှင်း၊ ငွေယုန်သီတာ မိုးယံမြင့်မှာ နှင်းငွေလွှာရယ် မှေးတယ်။
သည်းရေမြွေအေး . . .”

သည်ကနေ့မနက် မကျစဖူး အကျထူးသော ‘နှင်း’က ပစ္စက္ခတ်မြင်ကွင်းအစုံကို ဝေရီ. .ပိတ်လှောင်ဖုံးလိုက်တော့၏။ ဒါတွင်မက နှစ် ၂၀ နီးပါး အတိတ်ပုံရိပ်က “နှင်းလွှာပြင်ပိတ်ကား”မှာ အရိပ်ထိုးလှုပ်ရှားသက်ဝင်လာစေတော့သည် . . . ။ နှင်းကို ခံစားရ၏။ နှင်းကို ခံစားစေချင်သည်။

“သားတို့ သမီးတို့ရေ . . . နှင်းတွေ ကျလိုက်တာလေ၊ ထ ကြည့်စမ်းပါဦးကွယ့်”ဟု အမောတကော နိူးလိုက်မိလေသောအခါ . . .

“ဖေဖေရယ် . . . အထူးအဆန်းလုပ်လို့ . . . အိပ်ရေးပျက်ပါတယ်” တဲ့လေ။

သြော် . . . သားတို့ သမီးတို့ရင်ထဲမှာ . . . နှင်းမှ မရှိနိုင်မင့်ပဲဟာ။

## ဟေမာန်လေမို့

ရှစ်မျက်နှာ ယှက်ကာခြုံသည်
ထက်အကာယံ့ နယ်ဖြစ်အင်။
ပက်ပါရွာအုံ့ ခြယ်ရစ်ဆင်သည်
တိမ်နယ့်ပိုင်ရှင် မာန်မူ၍
မင်ခဲမင်ညွန့် ကနုတ်ထောင်သည်
အဟုတ်ပြိုယောင် ဖန်အားတတ်နိုင်ပေ့၊
ခွင့်မကာရ ဒါလကြုံမှာ . . . ခွာမြဝတ်မှုန်လေပြည်ဝေ့ . . .
ငွေနှင်းစွေအန် ဟေမာန်လေမို့
လေပြည်ဈာန်မွှေ့ဖွေလိုက်ခုန်
ရထည်ခြုံလွှာ ပြန်ပြန်ထပ်တယ်
ဖန်ဖန်မလက် ဘွင်သည်းစိမ့်ကာတုန် . . .။

မထင်မှတ်သော ချိန်ခါမဲ့မိုးက လေးငါးရက် ဆက်တိုက် ဆက်တိုက် ရွာခဲ့သည်။ ဟိုး . . . အနောက်တောင် ကပ္ပလီပင်လယ်ပြင်ရှိ မုန်တိုင်းလေပွေ ရိုင်းက အားနည်းချိန့်ကာ လေဖိအားနည်းရပ်ဝန်းအဖြစ် ပြောင်းလဲပျောက်ကွယ်သွားပါမှ မိုးသည်းမိုးစွေ စဲတော့သည်။ ထိုအခါမှ နှင်းက . . . အပြေးအလွှား နေရာယူရလေတော့၏။ နှင်းရယ် . . . လာမှ လာနိုင်ပါ့မလားရယ်လို့ စိုးရိမ်ပူပန်လိုက်ရတာကွယ်။ လာမည့်လာတော့လည်း ရက်လနှစ်ချီ အလီလီ ခွဲရလေသော သည်းသည်းလှုပ်ချစ်သူနှစ်ဦးဆုံတွေ့ရသလို နှင်းကလည်း ကဲလွန်းသည်းလွန်းလှချေ၏။ မိုးလေလား . . . နှင်းလေလား ထင်မှတ်မှားရအောင် ဖြိုးဖြိုးဖြောက်ဖြောက် မိုးသီးမိုးပေါက်အလား ထင်မှတ်မှားရ၏။ သရက်ကုန်းကျောင်းတိုက်ဆီက ဆွမ်းခံတုံးမောင်းခေါက်တော့ အပျိုပေါက် နေခြည်က 'နှင်း'စောင်ထူထူအောက် အိပ်မောကျဆဲ . . .၊ အပ္ပနားက သူ့နိုးစားနွားမဆီက နွားနို့ညှစ်ယူဖို့ သားခွဲသံ တဘူးဘူးညံသော်လည်း နှင်းလွှာမကွဲသေး . . .။

နုဆတ်စိမ်းရွှင်သော ငှက်ပျောရွက်ဖားဖားတို့က နှင်းမိုးရေချိုးကြတာ အပြိုင်း အရိုင်း . . . ။ တံစက်မြိတ်က နှင်းမိုးရေ သောက်ကြတာ အလုအယက်

. . .။ ကန်သင်းလမ်းကွေ့ကောက်ကောက်ကလည်း မိုးစွေအပြီး နှင်းအရည် အဖျန်းအပက်မှာ စိုးစိုစွတ်စွတ် အလူးအလဲ . . .။ ရွက်သစ်ခြုံလွှာ မဝယ်နိုင်မီ စပ်ကြား ဒန့်ဒလွန်ပင်ပိန် ရှည်ရှည် လက်ပြင်ကိုင်းကလည်း နှင်းတောမှာ ခိုက်ခိုက်တုန် . . . ။ ငှက်ပျောခြံစပ်က ရှို့ထားသော အမှိုက်မီးခိုး အူအူကတော့ နှင်းကို အံတုကာ ကခုန်ဖို့ ကြိုးစားနေရှာသည်။

သည်လိုနဲ့ . . . ။

မနက်မိုးလင်းသည်နှင့် ရိုးမတောင်တန်းပြာပြာတွေဆီ ငေးမျှော်ရင်း၊ ဝီရိယလွန် ချိုးကူသံလေးတွေ နားထောင်ရင်း . . .၊ အညွန့်မတက်နိုင်သော သပြေပင်ပေါက်လေးတွေ ကြည့်ကာ သက်ပြင်းချရင်း . . . ၊ နွားနို့စစ်စစ်၊ ကော်ဖီစစ်စစ်လေး တစ်ခွက် ငုံမွတ်ရင်း . . . ။

မင်နံ့မပြယ်သေးသည့် လတ်ဆတ်သတင်းစာကို စောင့်မျှော်ရင်း...၊ ဖောင်တော်ဦးပရဟိတသွားမည့် ကလေးတွေပေးဖို့ သကြားသီးညိုမှည့်မှည့် တွေ ခူးဆွတ်ရင်း . . .၊ Kiss Me Quick ပန်းရောင်ရဲရဲကို ရင်ခုန်ခံစားရင်း၊ ပုလင်းခွံ၊ အိတ်ခွံသည်ကို လည်ဆန့်ရင်း . . .၊ ခပ်ဝေးဝေးက ပြန့်လွင့်လာမည့် ဆုန်သင်းပါရ်ရဲ့ ကမ္ဘာကြီးကျဉ်းမယ် အသံကို နားစွင့်ရင်း . . .၊ . . . ။

သေချာတာကတော့ နက်ဖြန်မနက် နှင်းတွေဝေနေဦးမှာပါပဲလေ။

## ပြာသို

"ငွေနှင်းမှုန်ရီ ဝေဝေစီ
မြောက်လေဆော်သွေး . . . အေးတဲ့လရာသီ
သမယအခါဆီ
ပြာသိုခွာညိုညှာစိုစိမ်းလဲ့လန်း
ရွှေနန်းတော်တွင်း လဲ့ဝင်းမူရာပလီ
သူဇာဒေဝီ တော်ဝင်ပန်းကို
မြန်းလို့ဆင်ရှာသည် . . . "

(မြို့မငြိမ်း မြက်ခင်းတော်)

# တောရတောလား

"သာစွလေ. . .၊
ရွက်ဝေမြညို ခါကိုညှိလင့်
ပင်တိုင်းတင့်၍ နှင်းနှင့်မြူငွေ့၊
လပြည့်နေ့ဝယ်
ပြိုင်ရှိဖုသျှ
မကာရဟု ဆောင်းလရာသီ အညီပေါ်မြန်း ကြိုင်ပျံ့မွှန်းသည်
နွယ်ပန်းပွင့်လို လပြာသိုကား မိန်ညိုချပ်ဝတ် လျှောက်ပတ်ဆောင်ယောင် မှူးခေါင်မတ်များ
မင်းသားမင်းပြေးဆုန်းရေးမှတ်လျက် . . ."

ဆိုသည့်ရွှာစား မောင်အောင်ကြီး၏ အင်းဝမြို့ဘွဲ့ ၁၂ လရာသီ လူး တားကို သတိရချိန်၌ . . . ပြာသိုသည် လပြည့်ကို ကျော်သွားချေပြီ။ "နှင်း နှင့်မြူငွေ့"တဲ့ . . .။ ဖောက်လက်စ တံတားဦး လေဆိပ်စစ်ကိုင်းလမ်းခွဲမြေ သားလမ်းသည် ဒုဋ္ဌဝတီ ကွန်ကရိတံတားကြီးကို ကျော်ပြီး ညာဘက်ခြမ်းမြေ လမ်းလေးအတိုင်း ဆင်းလာတော့ "နှင်းနှင့်မြူငွေ့"ကို မျက်ဝါးထင်ထင် မြင် လိုက်ရတော့၏။ ပဲမြစ်ပင်တွေကြားမှာ နှင်း၏ အန္တိမခရီး နှင်းသီးတွေ တွဲရရွဲ ခို . . .။ ယာကန်သင်းရိုးဆီမှာက မြူငွေ့ . . . ။

နံနက်စောစော . . . မပွင့်တပွင့်နေက "နှင်းနှင့်မြူငွေ့"အား "ကန့်လန့်ကာ ခပ်ပါးပါး"ဆီး ပေးပြန်၏။ ဘယ်ဘက်မှာက ယာခင်းအစပ်သည် ပန်းဆေးချောင်းဆီသဲဖြူခင်း၏။ ရှေ့မှာက တံတားဦးမြို့ရှိသည်။ ကျောမှာက ဒုဋ္ဌဝတီမြစ်နှင့် ပန်းဆေးချောင်းအကြားသန်လျက်ခုံပေါ်မှာ ဘလဲဘရှိသည်။ အုတ်ကြွပ်ဖိုရှိသည်။ ညာဘက်မှာက အင်းဝမြို့တော်ဟောင်း . . .။ ဘယ်ဘက်ကိုထပ်ပြီး ခရီးနှင်လျှင်တော့ ပန်းယျတို့ . . . ။ စကားအင်း . . . တို့ရှိသေးတာပေါ့ . . .။ သို့သော် မိမိဦးတည်တာက တူဂူအရပ် တံတားဦးဆီ . . . ။ သို့သော် ခရီးမဆုံးသေး။ တံတားဦးကို ဖြတ်ပြီး အနောက်တောင်ဆီ ခရီးဆက်ရဦးမှာပ . . .။

တံတားဦး၏ အမှတ်အသားကား ကြီးမားအုံ့ဆိုင်းမန်ကျည်းပင်ကြီးများပင် ဖြစ်၏။ မန်ကျည်းရိပ်က တစ်မြို့လုံးကို နေပြောက်မထိုးနိုင်အောင် အုပ်မိုးထားသလို . . .။ မြို့ထဲမှာလည်း မန်ကျည်းရိပ် . . .။ မြို့ကအထွက် မြို့သာလမ်းတစ်လျှောက်မှာလည်း မန်ကျည်းရိပ် . . .။ ယခင်ကတော့ တံတားဦးမြို့သာလမ်းက အဆိုးတကာ့ အဆိုးဆုံးဟု ပြောစမှတ်ရှိခဲ့ကြ၏။ အခုတော့ မဆိုး။ အတော်အသင့် ကောင်းမွန်သော လမ်းဖြစ်နေပြီ။ ဒီထက်ကောင်း. . . ဒီထက် ဥဒဟို သွားလာနိုင်သော လမ်းဖြစ်ဖို့လိုသေးသည်။ ဖြစ်ရမှာပေါ့။

တံတားဦးက အနောက် နှစ်မိုင်မှာ သင်းပန်းရွာကလေးများ ပုံစံအတိုင်း ငြိမ်သက်တိတ်ဆိတ်အေးချမ်း . . .။ ရွာထိပ်က ကုန်စုံဆိုင်လေးမှာလည်း . . . ရွာလေးတွေမှာ တွေ့ရသည့်ပုံစံအတိုင်း "မြန်မာဘီယာ"ပိုစတာက နေရာယူလို့ . . .။ သည် ရာသီမှာက တံတားဦးမှာ 'ပဲမြစ်'ပေါ်သည်။ မန်ကျည်းတောပဲမြစ်က တံတားဦးနယ်မှ ထွက်ပြီး အညာကြိုက်အစားအစာတစ်မျိုး ဖြစ်၏။ နှင်းတွေအိနေအောင် ကျသည့် အခုလို ဆောင်းရာသီမှာ ထင်းမီးဖိုဘေး စောင်ခြုံထိုင်ရင်း မန်ကျည်းတောပဲမြစ်ကို နှမ်းဆီစစ်စစ်လေးနှင့် 'တို့'ကာ စားရသည့် အရသာက မမေ့နိုင်စရာ၊ ဒီရာသီမှာ တံတားဦးနယ်၏ ယာမြေမှန်သမျှ ပဲမြစ်စိုက်ပျိုးကြသည်။ နတ်တော်၊ ပြာသို၊ တပို့တွဲ . . . လကုန်အထိ . . .။ ပဲမြစ်တစ်တင်းစိုက်က တစ်ခါဖော်လျှင် တင်းသုံးလေးဆယ် ထွက်သတဲ့ . . .။

ပဲမြစ်တစ်ရာသီဆိုလျှင် ပဲမြစ်ဒိုင်တစ်ဒိုင်မှာ ပဲမြစ်ပိဿာချိန် သုံးသိန်း၊ လေးသိန်းအနည်းဆုံး အရောင်းအဝယ်ဖြစ်သတဲ့ . . .။ ထို့ကြောင့် တစ်နယ်လုံး ပဲမြစ်အထွက်က တစ်ရာသီမှာ ပိဿာချိန် သိန်းငါးဆယ်အောက် လျော့မှာ မဟုတ်။ ပဲမြစ်ဈေးက အစားစားရှိသည်။ တစ်ပိဿာ ၇၅ိမှ . . .၉ဝိကျော်အထိ။ ဆောင်းနေ၏ မွန်းအတိမ်း နေခြည်နုနုမှာ ပဲမြစ်လှည်းတွေ အစီအရီ ထွက်လာကြပြီ။ ပဲမြစ်ဒိုင်မှာ လက်လီဈေးသည်လေးတွေလည်း ချိန်ခွင်ကိုယ်စီဖြင့် အစီအရီရောက်လာကြပြီ။ ဒိုင်စာရေးက လယ်ဂျာစာအုပ်ဖွင့်ပြီး ရက်စွဲရေးလိုက်၏။

၁၃၆၃ ခု၊ ပြာသိုလဆန်း ၃ ရက် . . .။

ဖုန်တထောင်းထောင်းနှင့် ပဲမြစ်လှည်းတွေဖြတ်ပြီး အနောက်တောင်ယွန်းယွန်းဆီ ခရီးဆက်ပြန်တော့ တစ်မိုင်နီးနီးအကွာမှာ လမ်း၏ ဘယ်ဘက်၌ လမ်းညွှန်ဆိုင်းဘုတ်လေးတစ်ခု တွေ့ရသည်။ "တောရကျောင်းသို့"တဲ့...။ ကျောက်ခင်းလမ်းမှ ဖဲ့ဆင်းပြီး လမ်းညွှန်ဆိုင်းဘုတ်အတိုင်း ရှားစောင်းပင်ရိုးကြီးတွေ တစ်ဖက်တစ်ချက်မှ အုပ်မိုးနေသော မြေလမ်းလေးအတိုင်း လိုက်သွားသောအခါ . . . လမ်းကလေးသည် တံတားဦး ပုဂံမီးရထားလမ်းအပေါ်

မော့တက်သွားလိမ့်မည်။ မီးရထားလမ်းအကျော်မှာတော့ ရိုးရှင်းသပ်ရပ်လှပသော အဆောက်အအုံလေးတွေ အကွက်ကျစွာဖြင့် သစ်ကြီးဝါးကြီးများ အုပ်ဆိုင်းနေသော "တောရကျောင်း၏" ပရဝုဏ်အား ဘွားခနဲ တွေ့လိုက်ရတော့၏။ ကျီးငှက်၊ တင်ကျီး၊ ခါ၊ ရစ်၊ တောကြက်စသော ငှက်မျိုးစုံက တောရကျောင်း၏ မန်ကျည်းပင်ကြီးတွေအောက်မှာ . . .။ သန့်ရှင်းပြန့်ပြူးတောရကျောင်းမြေပြင်မှာ . . .။ သပ်ရပ်ဖြောင့်ဖြူးတောရကျောင်းလမ်းပေါ်မှာ . . .။ ဘာသာဘာဝ လွတ်လပ်ငြိမ်းချမ်းမှုအပြည့်နှင့် ဆော့ကစားနေကြပြန်ပေါ့။

ဝါမဆိုမီက ဆိုလျှင်ဖြင့် ဗျိုင်းအုပ်တွေက ဖွေးဖွေးလှုပ်မျှ ခိုနားလာကြလို့ (၄၂)ပင်သော ဧရာမမန်ကျည်းပင်ကြီးတွေမှာ ဗျိုင်းရင်ငွေ့ဖြင့် အစဉ်အမြဲရှက်နုတွေ ဖူးနေတတ်သတဲ့လေ . . .။

နေပူ . . .။ လေပူ . . .။ ငွေပူ . . .။ ရေပူ. . . ။ ရင်ပူလှိုက်မောလှစွာသော မြို့ပြဝဲသြဃမှ ခဏတာထွက်ခွာလာပေမင့် . . . မြို့ပတ်လမ်း၊ ကွန်ကရစ်တံတား. . .၊ စီမံကိန်းနယ်မြေ. . .။ အလှည့်ကျမီးပေးစနစ်၊ မြို့ဝင်ကြေး. . .၊ ဒုတိယပတ်ဆေးတိုက်ကျွေးမှုအစီအစဉ် . . .၊ ရန်ပုံငွေ ပြက္ခဒိန်၊ တစ်လုံးပါဆယ်ချောင်း၊ ဘက်စုံပြုပြင်အလှူခံ၊ တစ်ပိဿာမှ ငါးကျပ်အမြတ်၊ ဒီနှစ်အတွက်လျှော့. . .၊ နေ့တွက်စရိတ်စသော အသံဗလံတွေက လှည်းလမ်းမ မန်ကျည်းရိပ်အထိ ကပ်ညိပါလာသောအခါ 'မ'ထားရသော ပင့်သက်သည် စိတ်ချလက်ချ မချနိုင်သေး. . .။

ဟော . . . အခု . . . မီးရထားလမ်းအကျော် . . . သစ်ကြီးဝါးကြီးအောက်၌ ကျေးငှက်သာရကာတို့ ငြိမ်းအေးပျော်ရွှင်နားခိုကြသည့် "သူငယ်တော်တောရကျောင်း"သဘာဝပတ်ဝန်းကျင်သည်ကား ခြေချသည့် တစ်ခဏ၌ပင် စိတ်လက်လန်းဆန်းငြိမ်းချမ်းမှုရသက ရုတ်ခြည်းပေးနိုင်စွမ်းလေသည်တကား . . . ။

အဟောသုခံ . . . ကောင်းလေစွ . . .။

# ပြာသိုလရဲ့ နှင်းဆွတ်ခွာညို

ချစ်စငယ်မှ ကျွမ်းဝင်
ရွှေနားတောင်းနှင့် ဖောင်းကြော့ရှင်ကို
မကြင်သာဘူး မှတ်တော့တယ်
ပန်းချင်းငယ်မှမတူ သဇင်ဟူသည်
ကြူကြူမွှေးလှချည့်တကား။

ပြာသိုလလယ်လျှင်ဖြင့် နှင်းမိုးဖြိုင်ဖြိုင် ကျတတ်ချေသည်။ သည်နှစ်တော့ နတ်တော်လပြည့်ကျော်သော်လည်း အအေးဓာတ်မဝင်လှသေး။ အအေးက တွန့်ဆုတ်ကာ မဝံ့မရဲဖြစ်နေချေသေးသည်။ မနက်လင်းအားကြီးချိန်ရောက်မှသာ ခဏတစ်ဖြုတ် အလည်လာသည့် ဧည့်သည်နှင့်တူနေတော့၏။ မန္တလေးမှာက ဆောင်း 'မရဲ'တာ နှစ်နှစ်၊ သုံးနှစ်ခန့်ရှိနေပြီ။

"ပန်းနွယ်ကြိုင်မွှေးပျံ့လေ။ ။ မိုင်းဝေတကျ်ရွှန်း နန်းမွှန်းလျက် လဝန်းတာရှည် လိုက်သည်ဝေဆာ ဆီးနှင်းဖြာသား၊ မကာရခွင် ရောက်ခါတွင်လည်း၊ မြင်းဆင်စီစဉ်၊ စွယ်ယှဉ်ဝေ့တိုက်"ဟူ၍ ဆင်ခင်း၊ မြင်းခင်းသဘင်ဆင်ယင်ခဲ့ကြသည်က သည်ဆောင်းကာလ ပြာသိုလဖြစ်၏။ ဆင်သူရဲ၊ မြင်းသူရဲတို့ကို ဆုလာဘ်များ ချီးမြှင့်ရာ၌ 'ပင်မြင့်သဇင်'ခက်လေးတွေလည်း ပါလာသည် တမုံ့။ သဇင်သည် သက်သေဖြစ်၏။ ရည်ညွှန်းမှုဖြစ်၏။

စာရေးဆရာကြီး ဒဂုန်တာရာ၏ ၁၉၅၃ ခုနှစ်တွင် ရေးသားခဲ့သော "နှင်းဆွတ်ခွာညို"ဟူသည့် ဝတ္ထုတစ်ပုဒ်တွင် ဇာတ်လိုက်က သူ့ချစ်သူ ပန်းကြိုက်ပုံကို အမှတ်ရလာသောအခါ

"ဆန်းကြယ်ထူးခြား
ပန်းမာန်များကို၊
သနားစုံမက်
မွှေ့သူလက်နှင့်၊

စုလျက်ရွှေး၍
တစေ့စေ့လျှင်
ရှေ့ရှေ့နိုက်တွင်
သင့်အောင်ပြင်မှ
ကေသျှင်သွယ်မြ
မယ့်ထိပ်စဝယ်
ယုယလွန်ကဲ
ဆင်စမြဲဖြစ်ရမည်ကို
သတိရလာသည်”ဟု ဖွဲ့နွဲ့ရေးသားခဲ့၏။ ဆရာကြီးဒဂုန်တာရာ၏ ဇာတ်လိုက်က တိုင်းပြည်တာဝန်ဖြင့် စိမ့်ကြီးမြိုင်ကြီးထဲ သွားရမည်ဖြစ်သဖြင့် ပြန်လာလျှင် “မကျမြေတွင်၊ ဂေါ်သဇင်ကို၊ ရပ်ခွင်မြေတာ၊ နီးပါးဘိမူ၊ စိမ်းဝါ ညိုမြ၊ ကတော့လှနှင့်၊ ယုယရည်စောင်၊ မနွမ်းအောင်ဟု၊ ဖြူရောင်ပြာညို့၊ သခင်ဖို့လျှင်”ဟု ချစ်သူက တခုတ်တရမှာ၏။

အခုတော့ သဇင်က စိမ့်ကြီးမြိုင်ကြီးထဲက ပင်မြင့်ပေါ်မှာ နှင်းဆွတ်မှ ပွင့်မှာမဟုတ်တော့။ မှန်လှောင်အိမ်တွင် ပွင့်လိုသည့်အချိန် ပွင့်နေလေတော့ လက်အောက်ငယ်သား (သို့) ဒရိုင်ဘာကို ခြံသို့ အဝယ်လွှတ်လိုက်လျှင် ချက် ချင်းရနိုင်ပေပြီ။

ဆရာဒဂုန်တာရာ၏ “နှင်းဆွတ်ခွာညို”တွင်မူ ချစ်သူမှာလိုက်သော “သဇင်”ကတုံးပြီ။ စိမ့်ကြီးမြိုင်ကြီးထဲမှာ မရှိတော့။ ခွာညိုပန်းသာ လှိုင်နေတော့ သည့် ကာလဖြစ်၏။

“သွယ်ရှင်နားဆီ၊
ခွေပြီရစ်စ၊
ရွှရွှနွမ်းရှောက်၊
ညှိုးခြောက်မဆင်
ပုံ့ရှင်ဆီမွှေး”မည့် ချစ်သူ၏ ဆံကေသာထက်တွင် သဇင်အစား ခွာညိုကိုသာ ဆောင်ယူသွားရတော့မည်။ ခွာညိုကလည်းတောစပ်မှာသာရှိ၏။ အန္တရာယ်အများသား။ ဆွတ်ခူးယူဖို့ကလည်း အခက်သား။ မနီးမဝေး လုပ် ဖော်ကိုင်ဖက်များဆီက “ငြိမ်းချမ်းသာယာတဲ့ အိမ် ဘာမှ ပူစရာ၊ စိုးရိမ်စရာ မရှိတဲ့ အိမ်ကလေးပေါ့” ဟူသည့် အသံကလေးကို ကြားနေရသည်တဲ့။ သို့ သော် ခွာညိုပန်းကို စိတ်မကူးဝံ့အား။

ထို့နောက် ဒုန်းစိုင်းမြင်းခွာအသံ၊ အဝတ်ဖြူစရှည်ကြီးနှင့် ချည်နှောင် ထားသော စာ၊ ထို့နောက် နှင်းရည်စွန်းစာလုံးများ၊ ထို့နောက် . . .။

ဤသို့ဖြင့် ငှက်ပျောဖက်စိမ်းကတော့နှင့် လတ်ဆတ်သော၊ ခွာညို ပန်းလေးတွေ မြို့ကြီးသူ ချစ်သူ၏ လက်ထဲ ကမ်းဆင့်နိုင်ခဲ့သတဲ့။

သြော် . . . နှင်းဆွတ်ခွာညို . . . ။

## တပို့တွဲ

"မဲဇာမြစ်ရေ ရစ်ခွေစီးထွေ
ဝဲယာပတ်လည် နှင်းတွေဆိုင်း . . . မှိုင်းဝေ
ကင်းစမ်းတောင် လေပြေတသွေးသွေး
ခြံလွှာ ထွေးမလုံသေးပေ . . .
မွန်းတည့်နေခြည်ဖြာမှ နွေးတယ်၊
တရေးရေးတွေးလေ ဆွေးလေ . . ."

(မြို့မငြိမ်း၊ လက်ဝဲသုန္ဒရ)

# တပို့တွဲနှင့် ထမနဲ

“ချိုးဥမှ တိမ်စုံလေ
သတ္တဗိသျှ နက္ခတ္တနှင့်
ယှဉ်ကြမလွဲ . . . တပို့တွဲနှင့်
ပေါက်လဲငုံကင်း . . . ။
ထန်းရည်ငယ်နင်းကြသည်
နှင်းထုံထုံငယ်နှင့်လေး။”

နှင်းကတော့ မပျောက်သေး . . .၊ ရာသီက အအေးဓာတ်လျော့သလို၊ မလျော့သလို၊ အပူဓာတ်က တွန့်ဆုတ်တွန့်ဆုတ်နှင့် အားစမ်းစပြုဆဲ . . .၊ အပူအရိပ်အယောင်လေး တစ်စွန်းတစ်စမြင်လိုက်သည်နှင့် ဖုန်လုံးကြီးတွေ လေပွေမွှေမှု ဟာဝေယံက ကကြ၏။ ခြင်ပုန်းတို့က ဝီဝီသြဘာသံပေးကတစ်အုပ်တစ်မကြီး ပြေးထွက်လာကြသည်။ လမ်းဘေးရေမြောင်း အပေါင်းအဖော်များကလည်း အနံ့ဆိုးတလူလူနှင့် ငယ်မူပြန်ကြပေဦးမည်။

သည်ဇာတ်ကွက်ကတော့ မထူးခြား . . .၊ ယခင်နှစ်များက အတိုင်းဖြစ်၏။ ဇာတ်ညွှန်းဟောင်းကြီးကိုပဲ ဖုံခါကာ စာလုံးဟောင်းပေါ် ဆေးထပ်တင်ကြဦးမည်။ နွေသည် မနှစ်ကအတိုင်းပဲဖြစ်၏။ ထို့အတူ ယခင်နှစ်များက အတိုင်းပဲဖြစ်၏။ သည်လိုနှင့် ကြာပေါ့ . . .၊ သို့သော် နွေရိပ်နွေငွေ့လေး ရေးရေးမျှ ထင်စပြုချိန်တွင် တပို့တွဲသည် သူ၏ လပြည့်ဝိုင်းဝိုင်းစက်စက်ကြီး ထွန်းလင်းချိန်၌ ဆောင်းကို တစ်ချီတစ်မောင်း မျက်နှာသာပေးလိုက်သေး၏။ သည် တစ်ချီတစ်မောင်းကလည်း အားကောင်းမောင်းသန် . . .၊ ဘုရားရှင်ပင် လျှင် ခြေတော်လက်တော်တင်ရလေသည်။

ထမနဲတပို့တွဲ . . . တဲ့။ ငယ်ငယ်က အော်ဟစ်ခဲ့ရသည်ကတော့ ပြောင်းလဲချေပြီ။ ထို့အတူ . . . ငယ်ငယ်ကလို . . . မြေပဲဆံတွေစု . . . နှမ်းတွေစု . . . အုန်းသီးတွေ စု . . . ဆီတွေစု . . . ကောက်ညင်းဆန်တွေစုပြီး လပြည့်အဖိတ်နေ့ညမှာ အိမ်တိုင်းစေ့ ထမနဲထိုးကြသည့်အတွေ့အကြုံမြင်ကွင်းကလည်း ပြောင်းလဲသွားချေပြီ . . .။ ယခင်က တပို့တွဲလပြည့်ကိုပြာသိုလပြည့်

ကျော်ကတည်းက တစ်လကြိုတင်သတိရမှုမျိုးမဟုတ်တော့ . . .။ အဖိတ်နေ့ ညနေရောက်မှ ဗြုန်းခနဲ၊ ဒိုင်းခနဲ သတိရကာ . . . ၈၂ လမ်း ကယ်လီကျောင်း နားကို အပြေးအလွှားသွားပြီး အသင့်ထိုးပြီး ထမနဲ အစိတ်သားပတ်ကင် တစ်ထုပ်ပြေးဝယ်ရသည်။ အဆင်သင့်ထုပ်ပိုးပြီး မီးပုံးထင်းတစ်ထုပ်ကိုလည်း ဝယ်ရသည်။ မိုးအချုပ် အိမ်ပြန်အရောက်မှာ . . . လက်ထဲက ထမနဲထုပ်တွေ မီးပုံးထင်းထုပ်တွေမြင်မှ အိမ်က မိသားစုကလည်း နက်ဖြန်တပို့တွဲ လပြည့်ပဲ ဆိုတာ သတိရကြတော့၏။

သည်နေ့ည မိသားစုထမင်းဝိုင်းမှ . . . ငယ်ငယ်က ထမနဲပွဲအ ကြောင်းကလေးတွေ ဗဟုသုတရအောင် ပြောပြမည်စိတ်ကူးထား၏။ သံပရာ ပိုင်းဗြဲဒယ်ကြီးကို ရပ်ကွက်အသင်းမှာ (သို့မဟုတ်) အရပ်နားဘုန်းကြီးကျောင်း မှာ တပျော်တပါး သွားငှားကြရတာ . . .။ ထမနဲထိုးသည့် ယောင်းမကြီးတွေ ကိုတော့ အိမ်မှာ အမြဲအပိုင်ပြုလုပ်ထားပြီးတာမို့ . . . သဘော်ဝါးကြမ်းစင်ပေါ် ကချပြီး ဆေးရကြောရတာ . . .။ ညနေစောင်းတော့ အိမ်ပေါက်စေ့ မီးဖိုကိုယ် စီနှင့် ထမနဲထိုးကြတာ . . .၊ ကောက်ညှင်းနံ့လေးမွှေးလာသည်နှင့် ပါးစပ် တပြင်ပြင်ဖြစ်ရသော်လည်း မနက်ဆွမ်းတော်ကပ်ပြီးမှ စားရမှာမို့ ဒယ်အိုး အဆေး၊ ယောင်းမအဆေးမှာ အိုးကပ်ချိုးခွာစားရတာ . . .။

လပြည့်နေ့မနက် အရုဏ်မတက်မီ ထမနဲဆွမ်းတော်တင်၊ မီးပုံထင်း ပူဇော်ပြီး ဘုရားတွေ . . . ဘုန်းကြီးကျောင်းတွေကို ထမနဲ အလှူပယ်လှူရတာ။ အိမ်နီးချင်းတွေလည်း သူ့ထမနဲ၊ ကိုယ့်ထမနဲနဲ့ အပြန်အလှန်လဲလှယ်စားကြရ တာ . . . ပြီးတော့ ဘယ်သူ့ထမနဲက ကောက်ညှင်းကောင်းတယ်၊ ဘယ်သူ့ ထမနဲက နည်းနည်းပျော့သွားသလားလို့ . . .။ ဘယ်သူ့ထမနဲက ရှမ်းနှမ်းလေး မို့ မွှေးလိုက်တာ . . . ဘယ်သူ့ထမနဲကဖြင့် ဆီကလေးက နည်းနည်းသက် တယ်နော် . . .။ ဘယ်သူ့ထမနဲက အုန်းသီးဆံနိုင်းချင်းပဲဟေ့ ဆိုတာမျိုး တစ်နေ့လုံး ပြောမကုန်တာ. . .၊ ကြောင်အိမ်ထဲမှာ ဆီတွေ အိုင်ထွန်းနေသည့် ထမနဲဇလုံကြီးမှာ လေးငါးခြောက်ရက် တစွတ်စွတ်ယူစားလို့ မကုန်တာ...။ နောက်ရက်တွေအထိ ကျန်တဲ့ ထမနဲကို ကြော်ပြီး ကြွပ်ကြွပ်ရွရွလေးစားရတာ၊ သားသမီးတွေကို ပြောပြချင်လှသည်။

ထိုအခါ စောစောက ဝယ်လာသော ထမနဲအစိပ်သားထုပ် ပက်ကင် လေးကတော့ မကြားချင်ယောင်ဆောင်နေမှာပေါ့ . . .။

ပေါက်လဲငုံကင်းစ၊ နှင်းကြွင်း၊ ဇာတ်ဝင်ခန်းတွေ ဇာတ်ညွှန်းဟောင်း ကြီးအတိုင်းကပြဆဲ။ ထမနဲဇာတ်ကွက်ကတော့ အတော့်ကို ပြောင်းလဲသွားပါ ၏။ မမှတ်မိနိုင်လောက်စရာ . . .။

# နှင်းပျောက်တဲ့ဆောင်း

ရာသီက ပြာသိုအကုန် တပို့တွဲအကူး။ "လဝန်းတာရှည် လိုက်သည် ဝေဆာ၊ ဆီးနှင်းဖြာသား"ဟု စာဆိုတို့ ရေးဖွဲ့ခဲ့ကြ၏။ "ကျေးစီစီ မွှမ်းမျှလေ၊ နီရွှေချင်းချင်းပေါက်လဲကင်း၍"ဟုလည်း ဖွဲ့ဆိုခဲ့ကြ၏။ သို့သော် ဒီနှစ် အညာ ဆောင်းကား နှင်းမကြွေ . . . ၊ နှင်းမဝေ။

ကုန်လွန်ခဲ့သည့် နှစ်များဆီကဖြင့် မနက် ၇ နာရီ ၈နာရီအထိနှင်း တွေ ပိတ်နေအောင် ကျတတ်၏။ တစ်ညလုံးကျခဲ့သည့် နှင်းတွေက အိမ်ခေါင် သွပ်မိုးမှသည် စီးကျလာကာ တံစက်မြိတ်တစ်လျှောက် ရွှဲရွှဲစိုတော့သည်။ အနွေးထည်တွေ ထပ်ကာထပ်ကာဝတ်၍ သက်ပြင်းချ လေမှာပင် အငွေ့အသွင် ပြောင်းတော့၏။ တော်တော်လေး နေမြင့်မှ နှင်းလုံးကွဲကာ နေရောင်ခြည်ကို တွေ့ခွင့်ရတော့သည်။

ဒီနှစ် မန္တလေးဆောင်းကတော့ ပြာသိုလလယ်ရောက်သည်အထိပင် 'နှင်း'ကို မတွေ့ရသေး။ အရုဏ်ပေါ်ကတည်းက နေကို တွေ့ရသည်။ တော်တော် လေးနေမြင့်တော့ အနွေးထည်ပင် မလိုတော့။ ညလယ်ပိုင်းနှင့် မနက်လင်းစ မှာပင် အအေးဓာတ်က လွှမ်းခြုံနိုင်တော့၏။ နှင်းကြိုက်သည့် ဆောင်းသီးနှံ များက နှင်းလာနိုင်ခဲလှချည့်ဟု ညည်းညူကာ မျှော်လင့်နေကြသည်။

တပို့တွဲရောက်ရင်ဖြင့် "နှင်း"လာနိုင်ကောင်းရဲ့ဟု တွေးထင်မိသည်။ ထိုအခါ 'စိတ်သန့်ရှင်ပြုံး၊ ရွှေပြည်လုံးဝယ်၊ မီးပုံလှုုကမ်း၊ ယာဂုဆွမ်းလည်း၊ ပွဲလမ်းချိန်သင့်"ပေလိမ့်မည်။ နှင်းတွေဝေရင်ဖြင့် မီးခိုးတလူလူလွင့်နေသော ယာစောင့်တဲလေးလည်း သူ့မြေပဲခင်းကို ကြည့်ရင်း ဗြောစည်သံကို မှန်းကာ ရွှင်မြူး . . .၊ နှင်းတွေဝေရင်ဖြင့် နှင်းကန့်လန့်ကာ ချထားသော မြစ်ပြင်ထက်မှ တံငါလှေကလေးလည်း ဒေါင်ဒင်သံပေးကာ ဟိုကမ်းသည်ကမ်းကူး . . .၊ နှင်း တွေဝေရင်ဖြင့် . . .၊ နှင်းတွေ ဝေရင်ဖြင့် . . .။

ထိုအခါ ဆောင်းလည်း ဆောင်းပီပေတော့မည်။

## တပေါင်း

"ဖူးငုံဝေ၊ ပုရစ်တံစီ

ညီတယ်လေ . . . တဝေဝေ

လေပြေလေညင်းသွေးတော့

သင်းရနံ့ထုံပေ

ရွက်သစ်လောင်းလို့ ဟောင်းရွက်ညှာကြွေ . . . ခါပေ

ရော်မြန်း၊ ရွက်ကျင်၊ ညိုလွင်မောင်းပြေပြေ"

**(မြို့မငြိမ်း၊ စစ်ကိုင်းတောင်)**

# ကျွမ်းစတစ်ဆောင်း

နေဝင်ဆည်းဆာ၊ တိမ်တောက်လာလျှင်
ကျေးရွာကလေး၊ လှရည် သွေး၏။
သရက်ကင်း၍၊ နှင်းကြွင်းအုံ့ပျ
ကျွမ်းစတစ်ဆောင်း၊ လှည်းလမ်းကြောင်းနှင့်
ရွာစောင်းတစ်ခွင်၊ ကွင်းလယ်ပြင်မှာ
ကောက်ပင်ရိတ်ဖြတ်၊ ရိုးပြတ်ထောင်ထောင်
ပင်ကြားယောင်နှင့် လယ်ပေါင်ကန်သင်း၊ လူရိပ်ကင်း၏။

**(နုယဉ်၏ ကောက်သင်းကောက်မှ)**

ဆောင်းသည် ကတိုက်ကရိုက်နိုင်လှသော ညှော့သည်ပမာ မပြောမဆို ထပြန်သွား၏။ ဆောင်းရောက်လာသည်မှာ နောက်ကျသလို အပြန်လည်း စောလှချည့်။ တပို့တွဲလပြည့်ကျော်တော့ ရွက်ဝါတွေ လေမှာလွင့်မျောလာချေပြီ။ နေ့တာက ရှည်လျားဖို့ အပျင်းဆန့်ချေပြီ။ ပြောင်းလဲလာသော နေပူအရိပ်ကို ကြည့်ရင်း အမယ်အိုသည် "တစ်နှစ်တစ်နှစ် ဘာမှ မကြာပါကလား"ဟု သံဝေဂ ဘာဝနာပွား၏။ "စာမေးပွဲတွေ နီးပြီ စာကျက်ကြဦး" ဟု အဆော့မက်သော ကလေးကို မိခင်က အော်ငေါက်သည်။ "လကုန်ဖို့ ဘယ်နှစ်ရက်ကျန်သေးလဲ" ဟု ပြက္ခဒိန်ကို လှန်ကြည့်ကာ အိမ်ထောင်ဦးစီးက ရင်မောနေသည်။

ဝီရိယလွန်သော သကြံန်သီချင်း တိပ်ခွေကို ဖွင့်ကာ တူးပို့တူးပို့ ဒိုးချက်ဖြင့် သမီးငယ် ကနေသည်။

နွေဦးရှုခင်းကား ဘာမျှ မပြောင်းလဲ . . .။ အခါတိုင်း နှစ်တွေလိုပါပဲလေ။ ရွက်ဝါခြွေချသော တမာပင်က ရိုးတံပြိုင်းပြိုင်း . . .။ တောင်လေရိုင်းမှာ ဖုန်မှုန့်တွေ ထခုန် . . .။ ဝတ်ရုံစိမ်းချွတ်ခါစ ထနောင်းက ဝံ့ဝံ့ကြွားကြွား။ နွားသားအမိက ကန်သင်ရိုးမှာ ဘူးဘဲအော်မြည် . . .။ သြော် . . . လွမ်းချင့်စရာရာသီ . . .။

တကယ်တော့ နှစ်ပေါင်းများစွာ မြင်ဖူးကာ အသိမှာစွဲနေသည့် 'နွေဦး' ပုံရိပ်များကား အရင်လိုလက်တစ်ကမ်းမှာ မရှိနိုင်တော့. . .။ပြိုင်ပွဲဝင်ဓာတ်ပုံထဲ၊ပြက္ခဒိန်ကားချပ်တွေထဲမှာသာအမှတ်သညာရှိတော့သည်။ သည်မြင်ကွင်းမျိုးခံစားဖို့ အနည်းဆုံးနေ့ဝက်လောက် အချိန်ပေးဖို့လိုသည်။ သဘာဝသည် မြို့ပြနှင့် ဝေးရာသို့ တစ်စတစ်စဆုတ်ခွာနေတာ သတိမထားမိ။ အရင်ကတော့ နန်းရှေ့ရေနီမြောင်းလောက် . . .။ တောင်ဘက် တံခွန်တိုင်လောက် . . .။ မြောက်ဘက် နန္ဒာကန်လောက်ဆိုရင် ရပြီ . . .။ အခု . . . ထိုနေရာများကား မြို့ပြ၊ စက်ရုံ . . .။

သဘာဝကို ခံစားဖို့ကတော့ ပေါပေါပဲပဲ အလကားရမှာ မဟုတ်တော့။ တန်ဖိုးတစ်ခုတော့ ပေးရပေလိမ့်မည်။ ထိုတန်ဖိုးကား လတ်တလော သဘာဝမြင်ကွင်းအစစ်အမှန်ကို ပေးနိုင်ချေသေး၏။ သည့်ထက် အတတ်ပညာလောကကြီးစိုးလာလျှင် ရောင်ခြည်တန်းနှင့် ပုံရိပ်ဖော်ဖန်ပြင်ထက်မှာပင် သဘာဝပုံရိပ်တုကို တန်ဖိုးကြီးကြီးပေးဝယ်ကြရဦးမည် တမုံ့ . . . ။

# နှင်းယွန်းလေပြီ

မတ်လတဲ့၊ လာချေပြီ။ ဖေဖော်ဝါရီ လဆန်းပိုင်း၊ တပို့တွဲလပြည့် နားမှာတော့ အအေးဓာတ်က ဆောင့်တက်လာပြီးနောက် တဖြည်းဖြည်း အားလျော့သွား၏။ သစ်ပင်များ၏ ကလနားသတ်သစ်ရွက်တချို့ ရင့်ရော်ခြောက်သွေ့လာကြပြီ၊ နုပျိုခြင်း၊ လန်းဆန်းခြင်းက နိဂုံးချုပ်တော့မည်။ ဇရာ၏အရေးအကြောင်းများအဖြစ် ရွက်ဝါရွက်များက ကျဲပြောက်နေရာယူလာပေသလော။

မတ်လကား ရုန်းကန်ကာ ပြောင်းလဲခြင်း၏ အမှတ်လက္ခဏာလည်း ဖြစ်၏။ သည်ရာသီမှာပင် ဖက်ဆစ်တော်လှန်ရေးကြီး ဖြစ်ပွားခဲ့သည်မဟုတ်လော။ ပြည်သူ၏ ဦးဆောင်မှု အခန်းကဏ္ဍကို ထင်ဟပ်စေသည်မဟုတ်လော။ မတ်လသည် ကျူးကျော်မှု၊ မတရားမှု ဖက်ဆစ်ဝါဒအပေါ် တိုင်းရင်းသားတစ်ရပ်လုံး လက်တွဲတွန်းလှန်လိုက်နိုင်သည့် ပြယုဂ်ပင်မဟုတ်လော။

လေရူးက တစ်ချက်ဝှေ့လိုက်သည်။ တောလမ်းဖုန်ဖုန်ပေါ်မှ ရွက်ကြွေများသည် ငိုက်မြည်းနေရာမှ အလူးအလဲပြေးလွှားကာ ကညင်ပင်ကြီး၏ အမြစ်ဆုံကြီးအခြေ၌ အမိအရတွယ်ကပ်နေလိုက်ကြ၏။ ပင်စည်နောက်ကွယ်တွင် အနီထဲမှ ကြယ်ဖြူပွင့်လက်ပတ်ကို လှစ်ခနဲ မြင်လိုက်ရသေးသည်။ ကျွန်တော်တို့ကား မမီလိုက်ရသော လွန်ခဲ့သည့် နှစ် (၆၀)နီးပါးက မြင်ကွင်းများကို ပုံဖော်ကြည့်နေရ၏။

ထိုသမိုင်းကား ယနေ့ထက်တိုင် တဖွဖွပြောနေကြရသေးသည့် သမိုင်းဖြစ်၏။ အမှတ်ရ၊ သတိရနေဆဲသမိုင်းဖြစ်၏။ မေ့ဖျောက်ပြောင်းလဲကောင်းသည့် သမိုင်းလည်း မဟုတ်ပေ . . . ။ ညီညွတ်မှု၊ ပေါင်းစည်းမှု၊ အားမာန်များဖြစ်သည်။

စက်မှုနည်းပညာများတိုးတက်ထွန်းကားနေသည့် ယနေ့လိုကာလမျိုးတွင် လွန်ခဲ့သည့် နှစ်(၆၀)နီးပါးက ဖက်ဆစ်တော်လှန်ရေးသမိုင်းကိုဖြစ်ရပ်မှန်မှတ်တမ်းရုပ်ရှင်ကားကြီး တစ်ကားတော့ရိုက်ကူးစေချင်သေးသည်။

တကယ့်သက်ရှိ လူပုဂ္ဂိုလ်တို့၏ သမိုင်းဖြစ်ရပ်မှန်နှင့် သူတို့၏ တကယ်ပါဝင်မှု အခန်းကဏ္ဍများလည်း ပါစေချင်သည်။

မည်သို့ပင် အယူအဆကွဲ၊ အဖွဲ့အစည်းကွဲစေကာမူ တကယ့်တိုင်းပြည်အရေးဆိုလျှင်ဖြင့် "သွေးစည်းလက်တွဲကြ . . .။ အယူအဆညှိနှိုင်းကြ၊ ဆွေးနွေးကြ။ ပူးပေါင်းကြလျှင်ဖြင့် မည်သို့သော အခက်အခဲမျိုးကိုမဆို တွန်းလှန်ကျော်လွှားနိုင်သည့် အသိတရားလေးကို ကျွန်တော်တို့ အမှတ်ရနေချင်ပါသည်။

ထိုအမျိုးသားရုပ်ရှင်ကားကြီး၏ အဖွင့်ကိုတော့ အခုလို စိတ်ကူးယဉ်နေမိသေးတော့၏။

"အို မိုးကုပ်ကုပ်ဝယ်
မျဉ်းဖြူစက်၍
ကွဲအက်ကြောင်းရာ
ဟ,ဟလာပြီး
မိုးပြာကိုဖြတ်
ပတ္တမြားရည်
စီးလည်အဟုန်
နီမြန်းကုန်ပြီ
အရုဏ်ပေါ်စ . . .
ဝိုးတဝါး . . . ။" ဟူလို . . . ။

# ချောင်းမကြီးဘေးမှာ

ညို့ညို့ဆိုင်းဆိုင်း၊
မှိုင်းပြာရီ မှောင်တန်းတော့
တိမ်ခိုးလေးတွေ ဘေးက
ယှက်လို့
တောင်တန်းတစ်ဖက် တစ်ချက်
ဝန်းကာရံကာပင်
လွှမ်းစရာ့စံရာတစ်ခွင်
သခင်မမှာ အရင်ဘဝက ခင်ပပသို့အသွင် . . . ။
သနားစရာ ကမ်းပါးအစ၊
ရင်ခတ်သရဖီ
အခွေအခွေပင် . . .၊
ယခုတိုင်ပင် ဒိဋ္ဌအမြင် . . .၊
ပုံတော်အစစ်ကို မြင်ရတော့
သခင်မ၊ ယခင်ဘဝ . . .
အသက်မရှည်လေခြင်း . . .
ကျေးရူးရှင်ရယ် နေညိုနု၊
ရွှေလိုရှု . . .
မေပျို့ဥရဲ့ . . .၊ တောင်တော်အဝင် . . . ။

မန္တလေးပတ်ဝန်းကျင်က လွမ်းစရာ့ အကောင်းဆုံးနေရာကိုပြပါဆိုလျှင် သခင်မတောင်တော်ကိုပင် ညွှန်းဆိုရပေမည်။ တချို့ကလည်း မယ်ဥတောင်ဟု ခေါ်ဆိုကြ၏။ မန္တလေးမြောက်ဘက်ရှစ်မိုင်အကွာ ကြာနီကန်၏ အရှေ့ဘက်တွင် တည်ရှိသည်။ ရေမြေကလည်း အလွမ်းရေမြေ . . .။ ပုဂံခေတ်၏ ကိုရင်မောင် မရွှေဥအလွမ်း ဇာတ်သန္ဓေတည်ခဲ့ရာ ရေမြေ . . . ။

ပတ်ဝန်းကျင်အနေအထားကလည်း . . . ရိုးမရှိ၏၊ လယ်တောရှိ၏။ ပြိုဇင်၊ တောသဇင်၊ တောစံပယ်ပန်းလေးများရှိ၏။ တန်ခူးကာလရောက်လျှင်

ပင်လုံးညွှတ်မျှ ပွင့်တတ်သော သရဖီပင်ဝိုင်းရှိ၏။ မင်းလေး၏ စီးတော်ကျား တွင်းရှိ၏။ သစ်ရွက်ခြောက်လေးတွေသာ ရှုပ်တိုက်ပြေးနေသော စောင်းတန်း အိုးလေးလည်း ရှိ၏။ စောင်းတန်းအတက်စမှာ ဦးခန္တီကောင်းမှု အာရုံခံသံ ဇရပ်ကြီးက လူသူကင်းမဲ့ငိုက်မျဉ်းနေတတ်ချေသေးသည်။ သို့သော် ဓား ကိုယ်စီဖြင့် ရွှေဖျဉ်းညီနောင်က ကျားကိုယ်စီစီးလျက် မာန်ဝံ့နေသေး၏။

ခပ်လှမ်းလှမ်း အင်ကျယ်ရွာဆီမှ . . . သီချင်းသံသဲ့သဲ့ ကြားနေရချေ သည်။ ပြန်ဆိုတေးတစ်ပုဒ်ကို ဖွင့်နေသော ဖ ဗို့ဘက်ထရီသုံး ကက်ဆက်တစ် လုံးမှ ဖြစ်မှာပေါ့. . .။

ယခင်ကတော့ သခင်မတို့ရွာက ရက်ကန်းခတ်သံကို အထက်နန်း ဇရပ်မှာပင် ကြားရသည်ဟု ဆိုကြ၏။ ပန်းပုဆိုးအနီရောင်လွင်လွင်ကို ခတ်နေ သော ရက်ကန်းစင်မှ အသံဖြစ်မှာပေါ့ . . . ။

အခုတော့ တန်ခူးလပန်းကောက်ပွဲ၊ ကဆုန်လဆင်ရွာကြီး ညောင် ရေသွန်းပွဲ၊ သီတင်းကျွတ်လ ကျောက်တော်ကြီးပွဲမှအစ . . . ပွဲလမ်းအလှူအ တန်းရှိလျှင် မလေးရှားပလေကတ်က ပွဲလည်းတိုး၊ အဝတ်လည်းခံသည်။ အိမ်မှာနေရင်း . . .၊ ယာထွန်ရင်း . . .၊ ပခုက္ကူထည်၊ ဝမ်းတွင်းထည်ကို နှမ်း ပေါ်ပေး၊ ပဲပေါ်ပေးနှင့် ရနိုင်သည်။

လွန်ခဲ့သော နှစ်တစ်ရာကျော် ကာလများတော့ သည်နေရာမှာ အိမ် ရှေ့ကိုယ်တော်ကြီး ရဲမက်တွေ မြင်းကိုယ်စီနှင့် ဟန်ရေးတပြပြဖြစ်နေမှာ မြင် ယောင်သည်။ ‘ယောက်ဖ၊ နှမပေး’စသည်ဖြင့် ရင်းနှီးစွာ စပြောင်ကြရင်းမြင်း ရေးပြိုင်ကြမည်။ လက်လှဲအားစမ်းကြမည်။ ဓားရေးပြကြမည်။ နပန်းပွဲနွှဲကြ မည်။ ငယ်ကျိုးငယ်နာဖော်ကာ နောက်ကြပြောင်ကြမည်။ သြော် . . . ထန်း ရည်လေးကလည်း မူးနေကြပေသကိုး . . . ။

သခင်မ တောင်တော်ဟုဆိုလျှင်ဖြင့် . . . မန္တလေးသားတွေ ပြေးမြင် မိကြသည်မှာ . . .အိမ်ရှေ့မင်းထန်းတောပဲ ဖြစ်ပါသည်။ သခင်မတောင်ခြေ အရှေ့ဘက်က ပိန်းပိတ်ညို့မှောင်နေသော ထန်းတောကြီးကား မန္တလေးအနီး ပတ်ဝန်းကျင်ရှိ ထန်းတောပေါင်း မြောက်များစွာအနက်၊ အကောင်းဆုံး ထန်း ရည်များထွက်ရာ ထန်းတောကြီးဖြစ်သည်။ ထိုထန်းတောကြီးမှာ နန်းတော်ရှေ့ ဆရာတင်လည်း ခြေရာထပ်မျှနှံ့စပ်ခဲ့သည်။ သူ၏နာမည်ကျော် ‘မင်းဂံဘုတ်’ သီချင်းကို အိမ်ရှေ့မင်းထန်းတောမှာ မွေးဖွားခဲ့သည် မဟုတ်လော . . . ။

‘ဇာတိနွယ်’ဟု ခေါ်သော ‘လက်ရည်တစ်ပြင်တည်း’သီချင်းထဲမှ ‘ထန်းပင်ထန်းလက် ထန်းရွက်တွေက အသွယ်သွယ်ပါကွယ် . . .၊ လမ်းစဉ်၊

www.burmeseclassic.com



လမ်းဆက်၊ လမ်းမျက်စိတောင်မှ လည်ပါတယ် မောင်ရယ်’ ဟူသော စာသား ကလည်း အိမ်ရှေ့မင်းထန်းတောမြင်ကွင်းမှ ပေါက်ဖွားလာသည် မဟုတ်လော။

ဆရာတင့် သီချင်းဩဇာကြောင့် မန္တလေးသားမှန်လျှင် သခင်မ တောင်နှင့် အိမ်ရှေ့မင်းထန်းတောသို့ ရောက်ဖူးကြသည်ချည်းဖြစ်သည်။ သင်္ကြန်တွင်းလို အခါသမယမှာတော့ အိမ်ရှေ့မင်းထန်းတောမှာ သင်္ကြန်ပျော် ဂျစ်ကားတွေ ဥဒဟိုရောက်တတ်ကြသည်။ ထိုအရာများကား အတိတ်ရုပ်ပုံလွှာ များပင် ဖြစ်တော့၏။ လွန်ခဲ့သော ဆယ်နှစ်ခန့်က သင်္ကြန်ကာလတစ်ခုတွင် ရေးကလို စည်ကားမည်ထင်သောကြောင့် အိမ်ရှေ့မင်းထန်းတောဆီ ရောက် သွားသောအခါ ဘယ်သူမှမရှိ . . .။ ဘာမှမရှိ . . .။ သင်္ကြန်ပျော်ရေပက်ခံ ကား အားလုံးလိုလိုက တောင်သမန်အင်းစောင်းမှာ ဘီယာရေလှိုင်းစီးနေကြ သည်။ ပြင်ဦးလွင်တက်ပြီး ဝစကီတစ်ပုလင်း၊ အဲယားကွန်းခန်းတစ်ခန်း၊ မိန်းမ လှတစ်ဦးနှင့် သင်္ကြန်ကဗျာတွေ ရေးစပ်နေကြသည်။

နောက်ပေါက် မန္တလေးသားဆိုသူတွေက အိမ်ရှေ့မင်းထန်းတောဆို တာ ရန်ကင်းတောင် အရှေ့ဘက်က ထန်းပင် လေးငါးဆယ်ပင်သာရှိသော နေရာလေးဟု တလွဲမှတ်ထင်နေကြ၏။

‘မသာ တစ်ခေါက်၊ ကျောင်းဆယ်ခေါက်’ဟုဆိုသည့်အတိုင်း . . . နာရေးကိစ္စအတွက် မန္တလေးသားတွေ ကြာနီကန်သုသာန်များဆီ မကြာမကြာ ရောက်ဖြစ်ကြသော်လည်း သံဝေဂရဖွယ် ထိုနေရာများဆီမှ လွမ်းမောစရာ သခင်မတောင်တော်နှင့် ညို့ညို့ဆိုင်းဆိုင်း မှိုင်းပြာရီမှောင်သန်းသော အိမ်ရှေ့ မင်းထန်းတောကြီးရှိနေသည်ဆိုတာကို ဘယ်သူမှ သတိရမိကြမှာ မဟုတ်။

နန်းတော်ရှေ့ဆရာတင်ကပင် ဤသို့ဆိုခဲ့ဖူးသည်မဟုတ်လော…။ “ပင်စုံမြိုင်နန်း၊ ပန်း ကရမက်တွေက ဝေဝေလွင်လွင်၊ မစုံသူတွေရောက်ကြလျှင် ဝမ်းသာသလိုလို၊ ဝမ်းနည်းချင်သလိုလို ငိုချင်သလောက်ပင်၊ မုန်းချင်စိတ်နာ ပါတယ်၊ လိပ်ပြာတောင် ငယ်သေးပါတယ်၊ အဝေးက မမြင်ချင်၊ ဩော် . . . ဩော် . . . ဗြိဇင်တောင်သဇင်တော စံပယ်ပန်းကလေးက ဘေးအကျ မွှေးလှ တယ်ရှင်၊ ကျေးဇူးရှင် မေပျို့ဥရဲ့ တောင်တော်အဝင် . . .”တဲ့။

**ဆူးငှက်**